စာပေဗိမာန်စာမူဆုရ

# ကျေးလက်ဒေသမှ ကလေးများ

ကြာနီဘလူ
ခင်မောင်ဆွေ



၁၉၇၉ ခုနှစ် စာပေဗိမာန်စာမူဆု

ကလေးစာပေ ပထမဆုရ

# ကျေးလက်ဒေသမှကလေးများ

၂

ရေးသူ – ကန့်ဘလူ ခင်မောင်ဆွေ

အဖုံးပန်းချီ၊ ဆန်းလင်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမအကြိမ်၊ ၁၉၉၁ ခုနှစ်၊ အုပ်ရေ ၂၂,၀၀၀

အဖိုး ၃ ကျပ် ၅၀ ပြား

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ ညွှန်ကြားရေးမှူး (စာပေ) ဦးမျိုးသန့်က
(မှတ်ပုံတင်အမှတ် ၀၂၈၁၉) ဖြင့် စာပေဗိမာန် ပုံနှိပ်တိုက်တွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

- စည်းကမ်းလိုက်နာ ဘေးကင်းကွာ။
- တည်ငြိမ်မှုသည် ပဓာန
  လွတ်လပ်မှုသည် ထာဝရ။
- ရပ်ရွာ အေးချမ်း သာယာရေး
  ဝိုင်းဝန်းကူညီစောင့်ထိန်းပေး။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ချိုးရုပ်ကလေး .... .... | ၇ |
| ၂။ | အကျင့်ဆိုးတွေ ပျောက်ပါစေ .... .... | ၁၃ |
| ၃။ | ဘိန်းစားသား .... .... | ၁၉ |
| ၄။ | အကြောက်ရဆုံး ရန်သူ .... .... | ၂၅ |
| ၅။ | ထိန်းသိမ်းထားရမည့် အမွေ .... .... | ၃၀ |
| ၆။ | အထမ်းသမားလေး ဖိုးဇော် .... .... | ၃၇ |
| ၇။ | မိမိကိုယ်ကို အားကိုးမည် .... .... | ၄၃ |
| ၈။ | ဒိုးပတ်ဝိုင်း၏ အောင်ပွဲ .... .... | ၅၀ |
| ၉။ | ကျားဆိုးအန္တရာယ် .... .... | ၅၇ |
| ၁၀။ | ကျောင်းရန်ပုံငွေ .... .... | ၆၃ |
| ၁၁။ | လူတိုင်းအတွက် ကျန်းမာရေး .... .... | ၆၉ |
| ၁၂။ | အားကစားသမားဆိုသည်မှာ .... .... | ၇၆ |
| ၁၃။ | နေပူမကြောက်သော ကလေးများ .... .... | ၈၃ |
| ၁၄။ | ပြည်သူ့တပ်မတော်နှင့် သောင်းကျန်းသူ.... .... | ၈၈ |
| ၁၅။ | အလောင်းအစား တို့ရှောင်ရှား ..... .... | ၉၄ |
| ၁၆။ | နွေစေတနာ .... .... | ၁၀၀ |
| ၁၇။ | ကွပ်ပျစ်မှ ပုံပြင်ပြောသူ .... .... | ၁၀၆ |

# ၁။ ချိုးရုပ်ကလေး

"တကူကူး"
"တကူကူး"
"တကူကူး"

ဥက္ကာဝင်း၏ စဉ့်ချိုးရုပ် မှုတ်သံဖြစ်သည်။ ကျောင်းဆင်းလာတိုင်းမှုတ်လေ့ရှိသည်။ တစ်ရွာလုံး ဆူညံလျက်။ ထိုအသံကိုကြားရလျှင် ကျောင်းဆင်းပြီဟု အသိအမှတ် ပြုထားကြသည်။

ယခုလည်း ကျောင်းဆင်းသည်နှင့် တစ်ပြိုင်နက် ချိုးမှုတ်သံကသာတောင့်သာယာ။ လွယ်အိတ်ကို စလွယ်သိုင်းလျက် အားရပါးရမှုတ်နေပြီကော။ ချိုးမှုတ်သံကို နားယဉ်နေသော မိဘများအဖို့ ချိုမြသော တေးဂီတလို နေ့စဉ်ကြားနေရသည်။ ချိုးရုပ်နှင့် ပျော်မြူးနေသော သားကိုကြည့်၍ ဝမ်းသာနေကြရပြီ။ မိဘများမှာတစ်ဦးတည်းသားပေမို့ ချစ်မဝ။

ဥက္ကာဝင်း၏ မိဘများမှာ ဦးကျော်ထွန်း၊ ဒေါ်ကြည်သောင်းတို့ဖြစ်သည်။ သာမန်လယ်သမား ဆင်းရဲသောမိသားစု ဖြစ်သည်။ မိုးအဆင်ပြေမှသာ စပါးရသည်။ မိုးခေါင်လျှင် စပါးကပုံမှန်မရ။ မိသားစုစားဝတ်နေရေး စဉ့်အိုး၊ စဉ့်ခွက်များကိုတစ်ဆင့်ယူပြီး ရောင်းချသည်။ စဉ့်အိုးဝယ်ရာမှ စဉ့်ချိုးရုပ်ကလေးများကို လက်ဆောင်ရတတ်သည်။ သားတော်မောင် ဥက္ကာဝင်းအတွက် ကစားစရာ။ စဉ့်အိုးရောင်းနေသမျှ ဥက္ကာဝင်း ပူစရာမလို။ ပျောက်စမ်းပါစေ။ ကွဲစမ်းပါစေ။ ဟော တစ်ရုပ်။ ဟောတစ်ရုပ်။ မှုတ်နိုင်သမျှပေးနိုင်သည်။ ဘာမျှ ပူစရာမလိုတော့။

ဥာဏ်ဝင်းက တတိယတန်း ကျောင်းသားတစ်ယောက်။ ကျောင်းမှန်မှန်သွားသည်။ စာကြိုးစားသည်။ ဆရာမိဘစကား နားထောင်သည်။ သူငယ်ချင်းများနှင့် ရန်မဖြစ်တတ်။ ရိုးသားလိမ္မာသော ကလေးတစ်ယောက်အဖြစ် သည်လိုသားမျိုးကလေးကို မွေးရသော မိခင်မှာ ဂုဏ်ယူမဆုံး။ ဖခင်မှာလည်း ပီတိဖုံးလျက်ပင်။ စီးပွားရေး ရှာဖွေရသည်ပင် မောရမှန်း မသိ။

မိဘမေတ္တာကြီးမားလှပါဘိတော့။

ဥာဏ်ဝင်းတို့အိမ်နှင့် မြသွေးတို့အိမ်မှာ မဝေးလှ။ မြသွေးတို့မိဘများမှာ ဈေးရောင်းသည်။ ရွာမှာ အကြီးဆုံး ဈေးဆိုင်ကြီးပါ။ စီးပွားရေးအဆင်ပြေသည်။ ချမ်းသာသည်ဟု ပြောနိုင်သည်။

ဥာဏ်ဝင်းနှင့် မြသွေးတို့သည် တစ်ယောက်နှင့် တစ်ယောက် ခင်မင်ကြသည်။ အတန်းလည်းအတူတူ ကျောင်းသွား ကျောင်းပြန် မကွဲမကွာရှိတတ်သည်။ အိမ်နီးချင်းလည်းဖြစ်၍ ပိုပြီးချစ်ခင်ရင်းနှီးကြသည်။ ကျောင်းမသွားမီလည်း အတူကစားတတ်သည်။ အားလပ်ချိန် မှာ လည်း ဟိုအိမ်သည်အိမ်ကူးနေတတ်ပြီး ကစားကြသည်။ မည်သည့်အခါမျှ ဆဲဆိုရန်စခြင်းမရှိ။ သူငယ်ချင်းကောင်းပီသသည်။ မိတ်ဆွေကောင်းသို့လှသည်။

မြသွေးအစ်ကို မောင်မောင်ဦးမှာ တက္ကသိုလ်ကျောင်း သား တစ်ယောက်ဖြစ်သည်။ ရန်ကုန်မြို့မှာ ကျောင်းနေသည်။ မောင်မောင်ဦး ပြန်လာတိုင်း ပျော်ကြရသည်။

"ဟော့...ဥာဏ်ဝင်း အစ်ကိုလာတော့မယ်တဲ့"

"ဘယ်တော့ လာမှာလဲ"

"သီတင်းကျွတ် ကျောင်းပိတ်ရက်ပေါ့ကွာ"

"ဟိုတစ်ခေါက်ကတော့ ချိုချဉ်တွေပါခဲ့တာနော်"

"အေး....ဟုတ်တယ်။ ဘာလဲမင်းစားချင်လို့ လား"

"ဒါပေါ့ဟ"

ဥာဏ်ဝင်းနှင့်မြသွေးတို့စကားကောင်းနေသည်။ မောင်မောင်ဦး ပြန်အလာကိုသာ မျှော်မိသည်။ တွေးမိတိုင်း ပျော်ကြသည်။

"ဥာဏ်ဝင်းရေ....အိမ်ပြန်ခဲ့ဦး"

မိခင်ဒေါ်ကြည်သောင်းက လှမ်းခေါ်လိုက်သည်။

"ဟုတ်ကဲ့ လာပါပြီခင်ဗျာ"

ဥာဏ်ဝင်းသည် ပြောရင်းဆိုရင်း ခုန်ပေါက် ပြေးလွှားသွားသည်။ ပြီးတော့ အချစ်တော် ချိုးရုပ်ကိုလည်း အားရပါးရမှုတ်လိုက်သည်။

"တကူကူး"

"တကူကူး"

"တကူကူး"

တစ်နေ့သော နံနက်ခင်း။ ....

ဥာဏ်ဝင်း အမှိုက်လှည်းနေသည်။ ထင်းများကိုလည်းသယ်ယူထား ပြီးပြီ။ နံနက်ခင်းအလုပ်ဆို၍ ဤမျှသာရှိသည်။ ကျောင်းစာများ ဖတ်ရန်အိမ်ပေါ်သို့ တက်လိုက်သည်။ စာအုပ်ထုတ်ပြီး စာကြည့်နေစဉ် မြသွေး ရောက်လာသည်။

"အစ်ကိုပြန်ခဲ့ပြီကွ"

"ဘာတွေပါခဲ့လဲ"

"လေယာဉ်ပျံ"

"ဘာ..."

"လေယာဉ်ပျံလေကွာ"

"ငါ့ကို ပြပါဦးဟ"

"အိမ်ကိုလိုက်ခဲ့ပေါ့"

ဥာဏ်ဝင်းသည် မြသွေးနောက်သို့ ကောက်ကောက်ပါ လိုက်သွား သည်။ မြသွေးက အပြေးအလွှား။ ဥာဏ်ဝင်းက ဒရောသောပါး အမီလိုက်ရသည်။ မြသွေးအိမ်ထဲသို့ ဝင်သွားသည်။ ဥာဏ်ဝင်းက အပြင်ဘက်မှာ ကျန်ရစ်သည်။ မကြာမီ မြသွေးပြန်ထွက်လာသည်။ လက်ထဲမှာ လေယာဉ်ပျံနှင့်။

ဥာဏ်ဝင်း အံ့ဩသွားသည်။

မြသွေးက လေယာဉ်ပျံကို မောင်းပြသည်။ လေ့တံကလေးကို ချက်ခနဲနှိပ်လိုက်သည်။တရှီးရှီးမြည်ပြီး ရွှေလျားလည်ပတ်နေသည်။

ဥာဏ်ဝင်းသဘောကျသည်။ မြသွေးကိုလည်း အထင်ကြီးမိသည်။ လေယာဉ်ပျံကလေးမှာ လေးပတ်လောက်အထိ လှည့်ပြီးရပ်သွားသည်။ မြသွေးက ကောက်ကိုင်လိုက်သည်။

"ရော့ .... ကြည့်စမ်းပါဦး"

ဥာဏ်ဝင်းကို အကြည့်ခိုင်းသည်။ ဥာဏ်ဝင်းဝမ်းသာ ကျေ နပ် မိသည်။ အရောင်အသွေးက အသစ်စက်စက်။ လေယာဉ်ကလေး၏ တောင်ပံ၊ ဘီး၊ ပန်ကာတို့ကို သေသေချာချာကြည့်သည်။ ဥာဏ်ဝင်းသည် ကိုင်ရင်းကိုင်ရင်း မျက်နှာညိုလာသည်။ ဤ လေယာဉ်ပျံမျိုးကို ရချင်သည်။ မြသွေးထံ စပ်စုမေးမြန်းမိသည်။

"ဒါ .... ဘယ်လောက်ပေးရတာလဲ"

"သုံးရာတဲ့"

"ဟာ....များလှတယ်နော်"

"မင်းရချင်ယင် မင်းအဖေကို ဝယ်ခိုင်းပေါ့"

"တို့မဝယ်နိုင်ပါဘူး မြသွေးရာ"

"မင်းချိုးရုပ်က မဆန်းတော့ဘူး"

မြသွေးပြောမှ ချိုးရုပ်ကို သတိရသည်။ အင်္ကျီအိတ်ထဲ နှိုက်ကြည့်မိသည်။ ဆေးရောင်လေးပင် နွမ်းနေသလိုလို။ ချိုးရုပ်ကလေးကို မမှတ်ချင်တော့။ ဘာမပြောညာမပြောနှင့် အိမ်ဘက်သို့ နွေးကွေးစွာ ပြန်သွားတော့သည်။

မြသွေးမှာကား လေယာဉ်ပျံနှင့် ကစားနေပြီ။ ဥာဏ်ဝင်းမှာတော့ ချိုးရုပ်ကလေးကို စွန့်ပယ်ထားလိုက်သည်။

× × × ×

"အဖေတို့ ဝယ်မပေးနိုင်ဘူးသား"

"သားကို မချစ်လို့လား"

"ငါ့သားကို သိပ်ချစ်ပါတယ်ကွာ။ အဲဒီငွေလောက်အထိ အဖေတို့မှာမရှိဘူး၊ ချိုးရုပ်နဲ့ ကစားစမ်းပါကွယ်။ သားကလိမ္မာပါတယ်"

ဖခင်ဦးကျော်ထွန်းသည် ဥာဏ်ဝင်းကို ဖျောင်းဖျနေရသည်။ သားကိုသနားပါသည်။ သို့သော် ငွေကြေးမတတ်နိုင်ပါ။

"ချိုးရုပ်က မှတ်နိုင်မှ မြည်တာပဲအဖေ"

"လေယာဉ်ပျံကလဲ ဓာတ်ခဲကြောင့် ပြေးနေတာမဟုတ်လား။ ကစားရတာချင်း အတူတူပါပဲ"

"ကျွန်တော့်ချိုးရုပ်ကို ဘယ်သူမှ ဂရုမစိုက်ဘူး။ မြသွေးလေယာဉ်ပျံကျတော့ လူကြီးတွေတောင် ဝိုင်းကြည့်နေကြတာအဖေရဲ့"

"လူတွေဂရုမစိုက်ချင် နေပါစေကွယ်။ သားပျော်ဖို့က အဓိကမဟုတ်လား"

"ကျွန်တော် မပျော်ဘူးဗျာ"

"ကဲ....ကဲ.... အဖေဝယ်ပေးမယ်။ ဟောဒီစဥ္စအိုးတွေ ရောင်းပြီးယင်ဝယ်ပေးမယ်ကွာ ကျေနပ်ပြီလားသားရဲ့"

ဥာဏ်ဝင်းက ခေါင်းညိတ်လိုက်သည်။ သားအဖနှစ်ယောက် အချီအချ စကားပြောနေသည်ကို ဒေါ်ကြည်သောင်း ကြားသည်။ စိတ်မကောင်းလှပါ။ ယခုတော့ ဝယ်မပေးနိုင်သေး။ ဥာဏ်ဝင်းမှာ ပျော်နေသည်။ ချိုးရုပ်ကလေးကို မမှုတ်တော့။ အရပ်ထဲက မေးမြန်းစုံစမ်းကြသည်။

"ဥာဏ်ဝင်း နေကောင်းရဲ့လား" ဟူသတည်း။

× × × ×

ယနေ့ ကျောင်းပိတ်သည်။

"မြသွေးရဲ့လေယာဉ်ပျံ ပျက်သွားပြီတဲ့"

ဥာဏ်ဝင်းအိမ်သို့ အလည်လာသော ထိန်မင်းက ပြောသည်။ ဥာဏ်ဝင်း အံ့သြသွားသည်။

"ဟုတ်ရဲ့လားကွာ"

"မင်း မယုံယင် သွားကြည့်။ မြသွေး ငိုနေတယ်"

ဥာဏ်ဝင်းနှင့်ထိန်မင်းတို့ မြသွေးအိမ်သို့ ရောက်သွားသည်။ မှန်ပါသည်။ မြသွေးတရှုံ့ရှုံ့ငိုနေသည်။ လေယာဉ်ပျံကို လက်ကကိုင်လျက်ပါ။ မြသွေးငိုနေသည်။ ဥာဏ်ဝင်းမကြည့်ရက်ပါ။

အိမ်သို့ပြန်လာသည်။ ဦးကျော်ထွန်း နွားစာစဉ်းနေသည်။ ဥာဏ်ဝင်းသည် ဖခင်ထံသို့ တစ်လှမ်းချင်း ချဉ်းကပ်သည်။ ပြီးတော့ လက်နှစ်ဘက်ကို ပွတ်နေသည်။ အကဲခတ်မိသော ဖခင်က –

"သား ဘာပြောမလို့လဲ"

"လေယာဉ်ပျံ မရချင်တော့ဘူး"

"ဘာလို့လဲ သားရဲ့"

"လေယာဉ်ပျံက သိပ်ပျက်လွယ်တယ်ဗျ"

"အဲဒါ ဘာဖြစ်သလဲသား"

"အခုမြသွေး မကစားနိုင်တော့ဘူး။ မြသွေးကို သနားပါတယ်။ ကျွန်တော်လေယာဉ်ပျံ မရချင်တော့ဘူး။ ကျွန်တော့်ချိုးရုပ်ကလေးသာ ကစားချင်တယ်ဖေဖေ"

ဦးကျော်ထွန်းက သားကိုကြည့်၍ ဝမ်းသာမိပါသည်။ အမှန်တကယ်တော့ လေယာဉ်ပျံကိုလည်း ဝယ်ပေးနိုင်စွမ်း မရှိပါ။ စိတ်ကျေနပ်သွားရန်သာ ပြောခဲ့ခြင်း ဖြစ်သည်။

"ငါ့သားက သိပ်လိမ္မာသားပဲ။ လေယာဉ်ပျံရုပ်ကလေးဟာ နိုင်ငံခြားကလုပ်တဲ့ အရုပ်ပါ။ တန်ဖိုးကြီးပေးရသလောက် မခိုင်မာဘူးဆိုတာ သားအသိပဲ။ ဒီစဉ့်ချိုးရုပ်ကလေးဟာ တို့ပြည်မှာဖြစ်တဲ့ ကစားစရာပေါ့သား။ တန်ဖိုးနည်းပေမယ့် ကစားရာမှာ အကြမ်းခံပါတယ်။ မြန်မာပြည်ဖြစ်တဲ့ ချိုးရုပ်ကလေးနဲ့ ကစားမယ့်သားကို ချီးကျူးပါတယ်။ ရော့....သားရဲ့ချိုးရုပ်"

ဥာဏ်ဝင်းသည် ဖခင်ပေးသော ချိုးရုပ်ကလေးကိုယူကာ မှုတ်လိုက်ပါတော့သည်။

"တကူကူး"

"တကူကူး"

"တကူကူး"

## ၂။ အကျင့်ဆိုးတွေ ပျောက်ပါစေ

မစ္စာကျယ်။

သူ့ကိုတစ်ကျောင်းလုံးက မစ္စာကျယ် ဟုခေါ်ကြသည်။ အပြုအမူများကြောင့် ရှာထဲကပါ ထိုအမည်ကို အကျွမ်းဝင်ထားပြီးဖြစ်သည်။

ငင်စစ်အမည်ရင်းမှာ နန်းမော်ဖြစ်ပါသည်။ နန်းမော်မှ မစ္စာကျယ် ဟု အမည်ပြောင်းသွားရခြင်းမှာ အဖြစ်အပျက် များစွာရှိပါသည်။

အဖြစ်အပျက်က သည်လိုပါ။

နန်းမော်သည် စတုတ္ထတန်း ကျောင်းသူတစ်ယောက် ဖြစ်သည်။ သွက်လက်ဖျတ်လတ်သည်။ စကားတတ်လွန်းသည်။ လုပ်စရာကိုင်စရာကိုလည်း ပျောပျောဒိုင်းဒိုင်း လုပ်တတ်၏။ ဉာဏ်ပညာ ထူးချွန်သည်။ သူတစ်ပါးအပေါ် အနိုင်ယူရမှအမြဲကျေနပ်သူ။ အများက မနှန်းသော်လည်း ချစ်ခင်သူ နည်းပါးသည်။ အပေါင်းအဖော် သိပ်မရှိလှ။

နန်းမော်၏ အကျင့်စရိုက်ကို ဆရာကြီးအကဲမဖမ်းမိ။ ဆရာကြီးရှေ့တွင် နန်းမော်သည် ကြောင်လက်ထဲက ကြွက်တစ်ကောင်လို။ ငြိမ်သက်သိမ်မွေ့လှပါဘိ။ အမြဲတမ်းလည်း ပြုံးချိုသောမျက်နှာထားနှင့်။ ခင်မင်နှစ်လိုဖွယ် ဖြစ်သည်။ စာတော်၍လည်း ဆရာကြီးက သဘောကျသည်။

သို့သော် နန်းမော်မှာကား ....။

× × × ×

သောကြာနေ့ တစ်နေ့။

ညနေကျောင်းဆင်းချိန် နီးနေပြီ။ ဆရာကြီးသည် စားပွဲတန်း ထဲမှာ ရှိနေသည်။ အိမ်မှတွက်လာရန် သင်္ချာငါးပုဒ် ပေးနေသေး သည်။

"တပည့်တို့ ဒီငါးပုဒ်ကိုတွက်ခဲ့ပါ။ တနင်္လာနေ့မှာ စစ်ဆေးလိမ့် မယ်။ မမှားအောင် တွက်ခဲ့ကြ။ တစ်ပုဒ်မှားယင် တစ်ချက်အရိုက် ခံရမယ်"

နန်းမော်တို့ကျောင်းမှာ ကျောင်းသစ်တစ်ကျောင်း ဖြစ်သည်။ ဖွင့်လှစ်ထားသည်မှာ သုံးနှစ်ပင် မပြည့်တတ်သေး။ တွဲဖက်မူလတန်း ကျောင်းမှတစ်ဆင့် တိုးမြှင့်ထားခြင်းဖြစ်သည်။ ရွာမှာလည်း အလွန် တောဆန်သည်။ တွဲဖက်ဆရာများ မပျော်သော နေရာဒေသ။ ဆရာ မပြည့်စုံခြင်း၊ ဆရာအပြောင်းအလဲများခြင်းကြောင့် ကလေး များ စာကောင်းကောင်း မသင်ယူကြရပါ။ ထိုအမွေဆိုးသည် ယခု မူလတန်းကျောင်း ဖွင့်သောအခါ ဆက်လက် ရှင်သန်နေသေးသည်။ ပညာရေးနိမ့်ကျနေသည်ကို ဆရာကြီးစိတ်မချမ်းသာ။ ပညာရေး နိမ့်ဆင်းနေမှုကို တတ်နိုင်သမျှ မြှင့်တင်ပေးနေသည်။

နန်းမော် ပျော်နေသည်။

သင်္ချာငါးပုဒ်မှာ မခက်ခဲလှ။ နန်းမော်အဖို့ လွယ်ကူသောပုစ္ဆာ များသာ။ တာဝန်ကြီးမဟုတ်ပါ။

သို့သော် ခင်မျိုးနွယ်၊ နှင်းဝါနှင့် သင်းသင်းအေးတို့မှာကား စိုးရိမ်စိတ်ဝင်နေသည်။ သူတို့သုံးဦးသားမှာ သင်္ချာဘာသာတွင် မရေ လည်ပါ။ မည်သည့်နည်းနှင့်မျှ အဖြေမှန်ရမည်မဟုတ်။ တစ်ပုဒ်မှား တစ်ချက်ဆိုပါက ငါးချက်အရိုက်ခံရမည်မှာ သေချာလှသည်။

နန်းမော်၊ ခင်မျိုးနွယ်၊ နှင်းဝါနှင့် သင်းသင်းအေးတို့သည် တစ်ခုံ တည်း ထိုင်ရသူများ ဖြစ်ကြသည်။ နန်းမော်ကို အခြားသုံးဦးက အားကိုးနေကြသည်။ အဖြေမှန်ရအောင် နန်းမော်ထံ ဆည်းပူးရသော ရှိတော့သည်။

× × × ×

နန်းမော်တို့အိမ်မှ ဆူညံဆူညံသံကြားနေရသည်။ ကျောင်းသူအချို့ဝိုင်းဖွဲ့နေသည်။ နန်းမော်၏အသံကိုသာ ကြားနေရသည်။ သူ့စကားများကို နားထောင်ကြည့်ပါဦး။

"ညည်းတို့သရေချောမတွက်တတ်ယင်ငါတွက်ပေးမယ်။ ဘာမှမပူကြနဲ့အေ။ သချာတွက်ပေးခတော့ ငါ့ကိုပေးရမှာနော်။ အလကားမဖြစ်ဘူး"

"ကဲ.... ခင်မျိုးနွယ်က ဘာပေးမှာလဲ"

"တစ်ပုဒ်ကို ပိုက်ဆံတစ်မတ်ပေးမယ်အေ"

ခင်မျိုးနွယ်က ဈေးပြောလိုက်သည်။

"အေး.... ဒါဆိုတွက်ပေးမယ်။ နှင်းဝါက ဘာပေးမှာလဲ"

ခပ်အေးအေး၊ ခပ်ရိုးရိုးနေတတ်သော နှင်းဝါဘက်သို့ မြားလှည့်လိုက်သည်။

"ငါ့မှာ ပိုက်ဆံမရှိဘူး"

"ဒါဖြင့်ယင် ဘာရှိလဲအေ့"

နှင်းဝါ ခေါင်းကုတ် စဉ်းစားနေသည်။ မျက်နှာကလေးမှာ ညိုညစ်ညစ်နှင့်။ ခေါင်းကုတ်ရာမှ ဆံပင်နီတာရဲတွင် ထိုးညှပ်ထားသောကလစ်တစ်ချောင်း ကျွတ်ထွက်လာသည်။ ထိုကလစ်ကို နန်းမော်မြင်လိုက်သည်။

"ကလစ်ပေးယင်လဲ ယူပါတယ်အေ့"

"ကဲပါ .... အမေဆူချင်ဆူပါစေ။ ညည်းယူလိုက်ပါ"

နှင်းဝါသည် ဆရာကြီးကိုကြောက်သည်။ အမေ့ကိုလည်း ကြောက်ရသည်။ နန်းမော်ကလည်း ကြောက်ရသော မိန်းကလေးတစ်ယောက်ပင်။

"ညည်းတို့နှစ်ယောက်တော့ ဟုတ်ပြီ။ သင်းသင်းအေးက ဘာပေးစရာရှိလဲ"

"ငါကတော့ သူတို့လိုပေးစရာ မရှိဘူး။ မြေပဲလှော်ယူခဲ့မယ်လေ"

"အေးကောင်းပြီနော်။ အခုလိုပေးရတာလဲ ဘယ်သူ့မှ မပြော

ပါနဲ့နော်။ ငါကညည်းတို့ခိုလို့ တွက်ပေးတာနော်။ ခင်ချိုဦးတို့ ကြူးဝါးတို့ဆို တွက်မပေးဘူး”

နန်းမော်ပြောသမျှကိုသာ နားထောင်နေကြသည်။ ထို့နောက် အသင့်ပါလာသော စာအုပ်များတွင် ကူးယူနေကြသည်။ နန်းမော်မှာ ဆရာမအမူရာမျိုးနှင့် ခပ်တည်တည်။ ကျန်သုံးယောက်မှာကား ကျေးဇူးတင်သော မျက်နှာကလေးများနှင့်။

× × × ×

ကျောင်းဖွင့်သောနေ့။ တနလ်ာနေ့။

ဆရာကြီးစားပွဲပေါ် တွင် သင်္ချာစာအုပ်များ တင်ထားလိုက်ကြသည်။ စတုတ္ထတန်းမှာ အားလုံး ၁၅ ယောက်ရှိသည်။ အားလုံး စာအုပ်ထပ်ပြီးပြီ။

ဆရာကြီး အတန်းထဲ ဝင်လာသည်။

“မင်္ဂလာပါ ဆရာကြီး”

“မင်္ဂလာပါ တပည့်တို့”

ထုံးစံအတိုင်း တပည့်ဆရာ နှုတ်ခွန်းဆက်ကြသည်။ ဆရာကြီးသည် မြန်မာစာကို သင်ကြားသည်။ အားလုံးနားလည်အောင် ရှင်းပြပြီး လေ့ကျင့်ခန်းများ လေ့ကျင့်စေသည်။ တပည့်များကို အလုပ်ပေးပြီး သင်္ချာစာအုပ်များကို စစ်ဆေးနေသည်။ တပည့်များသည် မြန်မာစာကို ကောင်းကောင်း ဖြေဆိုနိုင်သည်။ ဆရာကြီးထံသို့ အားလုံး စူးစိုက်ကြည့်နေကြသည်။ မည်သူ့ကို ခေါ်ပြီး ရိုက်မလဲဟူသောအတွေးကိုယ်စီနှင့်။ အချို့မှာ ရင်ထဲမှာတဒိတ်ဒိတ် ခုန်နေသည်။ နန်းမော်မှာ တည်ငြိမ်အေးဆေးလှသည်။ မိမိကိုယ်ကိုစိတ်ချပြီးဖြစ်နေသည်။

ဆရာကြီးသည် သင်္ချာစာအုပ်များကို နှစ်ပုံ ပုံလိုက်သည်။ တစ်ပုံမှာ စာအုပ် ၁၁ အုပ်။ ကျန်တစ်ပုံမှာကား လေးအုပ်။ အတန်းဘက်သို့မျက်နှာမူရင်း အကဲခတ်နေသည်။ နန်းမော်ကို အထူးသဖြင့် စူးစိုက်ကြည့်နေသည်။ နန်းမော်က တီးတိုးပြောလိုက်သည်။

"ဆရာကြီးက ငါ့အကုန်မှန်လို့ ငါ့ကိုကြည့်တာအေ့"
ဆရာကြီးသည် မတ်တတ်ရပ်လျက် စကားပြောပါသည်။

"တပည့်တို့သင်္ချာတွက်တာမဆိုးကြပါဘူး။ အမှားဆုံးမှားသူဟာ နှစ်ပုဒ်ပဲ မှားပါတယ်။ ဆရာသဘောကျပါတယ်။ ဒါပေမယ့် ဟောဒီစာအုပ် လေးအုပ်ကတော့တစ်ပုဒ်စီပဲမှားတယ်။ အဲဒီစာအုပ်တွေမှာအမှားတွေတူနေတယ်။ မှားနေတာကလဲ နံပါတ် (၉) အပုဒ်။ အမှားတူနေတော့ ခိုးချတာလား၊ အတူတူတွက်တာပဲလား မသိဘူး"

ဆရာကြီးသည် စာအုပ်များကို တပည့်များထံပြန်ပေးလိုက်သည်။ အမှားတူနေသော စာအုပ်များမှာကား နန်းမော်တို့ အုပ်စုကဖြစ်နေသည်။ ဆရာကြီးက စကားဆက်ပြန်သည်။

"ကဲ .... မနန်းမော်တို့ လေးယောက်ခဏ ရပ်ကြပါဦး။ ဘယ်လိုဖြစ်တာလဲ။ မနန်းမော်တွက်တာကို ကျန်သူတွေက ကူးယူတာလား။ ဒါမှမဟုတ် ဝိုင်းဖွဲ့တွက်ကြတာလား"

"ကျွန်မတွက်ထားတာကို သူတို့ ကူးယူတာပါဆရာကြီး"
နန်းမော်ကရဲရဲဝံ့ဝံ့ဖြေလိုက်သည်။ ကျန်သူများကား ရေငုံနှုတ်ပိတ်ဖြစ်နေကြသည်။

"ဟုတ်ကြသလား"
အဖြေထွက်မလာ။ အသံတစ်သံမျှ မကြားရ။

"ဆရာမေးတာ ဖြေပါ"

"ဆရာကြီး သူတို့ခိုးယူကူးတာပါ။ မနေ့က ကျွန်မအိမ်လာပြီး ကူးယူတာပါရှင့်"

နန်းမော်က အခိုင်အမာ ဆိုလိုက်သည်။

"မခင်မျိုးနွယ် .... မနန်းမော် ပြောတာမှန်သလား"

"မှန်ပါတယ်ဆရာကြီး"

"ဒီလိုဆိုယင်တော့ အပြစ်ပေးရလိမ့်မယ်။ တွက်လို့မှားတာကို ဆရာမရိုက်ဘူး။ ခိုးတာကိုတော့ ရိုက်ရလိမ့်မယ်။ ဆရာ မကြာခဏ ပြောထားတယ်မဟုတ်လား"

"ဆရာကြီး"

အတန်းအပြင်ဘက်မှ စူးရှသော အသံတစ်သံ။

မိန်းမကြီးတစ်ယောက်၏ အသံ။ မောပန်းနွမ်းဟိုက်လာပုံရသည်။ "ဆရာကြီး" ဟုခေါ်ပြီး စကားဆက်မပြောနိုင်။

"ဒေါ်ရွှေဥပါလား။ လာပါ ဘာကိစ္စရှိလို့လဲဗျာ"

ဆရာကြီးက ဒေါ်ရွှေဥကို မေးလိုက်သည်။

"ကျွန်မသမီး နှင်းဝါရဲ့ ကလစ်ကို နန်းမော်က ယူထားတယ် ကြားရလို့ပါ။ ကျွန်မသမီးက ဆရာကြီးကို မတိုင်ရဲလို့ဆို"

"မနန်းမော် ဒေါ်ရွှေဥ ပြောတာဟုတ်သလား"

"နှင်းဝါ ပေးလို့ယူတာပါဆရာ"

"ကဲ မနှင်းဝါက ဘာလို့ ပေးတာလဲ"

နှင်းဝါ ရှတ်တရက်မဖြေပါ။ တုန်တုန်ယင်ယင်နှင့်ကြည့်နေပါသည်။

"မနေ့က ကျွန်မတို့ သုံးယောက် နန်းမော်အိမ်သွားပြီးသချ်ာကူးယူပါတယ်။ နန်းမော်က သချ်ာကူးယင် ပစ္စည်းတစ်ခုခု ပေးရမယ်ဆိုလို့ ပေးတာပါ"

နှင်းဝါ၏ ဖော်ထုတ်မှုကြောင့် ပိုက်ဆံနှင့် မြေပဲလှော်ကိစ္စပါ ဆရာကြီး သိသွားသည်။ စိတ်ဆိုးဝမ်းနည်းဖြစ်ရသည်။

"မနန်းမော်ကို ပညာတော်လို့ ဆရာချီးကျူးပါတယ်။ အခုလို သူတစ်ပါးပစ္စည်းကို မတရားတောင်းတာဟာ မကောင်းပါဘူး။ သူငယ်ချင်းတွေအပေါ် ဒီလိုမဆက်ဆံရဘူး။ နောင်ကို ဒီလို မလုပ်နဲ့နော်"

နန်းမော်သည် ရှက်စိတ်နှင့် အတူ ငိုချလိုက်သည်။

နန်းမော်၏ သတင်း တစ်ကျောင်းလုံး ပျံ့နှံ့သွားသည်။ နန်းမော်၏ အနေအထိုင်များ ပြင်ဆင်နိုင်လိမ့်မည်။ မကောင်းမှုကို ရှက်စိတ် ဖြစ်ပေါ်လိမ့်မည်။

နန်းမော် အကျင့်ဆိုးတွေ ပျောက်ပါစေ။ ။

# ၃။ ဘိန်းစားသား

"ဘိန်းစားသားလာပြီဟေ့"

ကျော်စိုးထွန်းအသံ။ ကျောင်းသွားဖို့ လာခေါ်ခြင်း ဖြစ်သည်။ သူငယ်ချင်းပီပီ ရင်းရင်းနှီးနှီး ခေါ်လိုက်ခြင်းသာ။ သို့သော် အများကြားမကောင်းပါ။ ကာယကံရှင် ဘိုဘိုအဖို့ပို၍အကြားရခက်သည်။ ပြီးတော့ ရှက်လည်းရှက်သည်။ ဘိန်းရှုသော ဖခင်ကိုမုန်းရမည်လော။ မိမိကိုခေါ်သော ကျော်စိုးထွန်းကို စိတ်ဆိုးရမည်လော။ နှစ်ဦးစလုံးမှာ အပြစ်ရှိသူများချည်း ဖြစ်သည်။

"မင်းဒီလိုမခေါ်နဲ့ကွာ။ ငါရှက်တယ်"

ဘိုဘိုက တောင်းပန်သော အမူအရာနှင့်။ မျက်နှာလည်း မကောင်းလှ။

"ငါတစ်ယောက်တည်း ခေါ်နေတာမှ မဟုတ်ဘဲကွာ။တစ်ကျောင်းလုံးက ခေါ်နေတာပဲ"

ကျော်စိုးထွန်းက အားကျမခံပြောနေသေးသည်။ အလိုက်ကန်းဆိုး မသိ။ သူငယ်ချင်းအပေါ် ခင်မင်သည်ကတခြား၊ မဖွယ်မရာလုပ်သည်က တစ်မျိုးဖြစ်နေသည်။

နှစ်ယောက်သား ကျောင်းသို့ ထွက်ခဲ့ကြသည်။ကျောင်းသွားလမ်းရှိ ဦးပြန့်ကြီးကိုလည်း စိုးရိမ်ရသည်။ ဦးပြန့်ကြီးသည် အရက်သမား။ အရက်လည်းချက်သည်။ အရက်လည်းသောက်သည်။ စီးပွားရေးမှာ တစ်ရွာလုံး အနိမ့်ဆုံးအဆင့်တွင် ရှိနေသည်။ သူ့ဇနီး ဒေါ်ကြည်မှာသည်း ကျန်းမာရေးမကောင်းချင်။

"ဟေ့....ဘိုဘို မင်းအဖေဘိန်းစားရှိရဲ့လားကွ"

ဘိုဘိုထင်သည့်အတိုင်းပင်။ မူးနေသောကြောင့် လျှာလေးအာလေးသံနှင့်။ ဘိုဘိုမကြိုက်ပါ။ အဖေကိုထိလျှင် မချိအောင် နာတတ်သည်။

သို့သော် ဘိုဘိုသည် ကျောင်းသားပီပီ ယဉ်ကျေးသည်။ တလေးတစား ဆက်ဆံပြောဆိုလိုက်ရသည်။

"ရှိပါတယ် ဘကြီးပြန့်"

"အေး .... မင်းအဖေဆီ အရက်ဖိုးရစရာရှိလို့ဟေ့။ မင်းအဖေက အရက်ရော ဘိန်းရောလုပ်တဲ့အကောင်ကွ"

ဘိုဘိုအလွန်ရှက်သွားသည်။ မိမိအနားတွင် ကျော်စိုးထွန်း တစ်ယောက်တည်းသာရှိနေပါကတော်သေးသည်။ အတန်းသူ မာမာခိုင်၊ ကြည်ကြည်နိုင်တို့ ရှိနေသည်။ မိန်းကလေးများရှေ့တွင် အပြောခံလိုက် ရသဖြင့် ပိုပြီးရှက်မိသည်။

ဘိုဘို အဖြစ်က သနားစရာ ကောင်းလှသည်။

× × × ×

ဘိုဘို၏ ဖခင်အမည်မှာ ဦးသိုက်ဖြစ်သည်။ ဦးသိုက်၏အစ်ကိုမှာ ဦးပိုက်ဖြစ်သည်။

ဦးပိုက်သည် ရဟန်းဘောင်သို့ဝင်သည်။ ဘွဲ့အမည်မှာဦးမာနိတ ဖြစ်သည်။ မန္တလေးမြို့ **စကုကျောင်းတိုက်မှာ စာချဆရာတော်အဖြစ်** ဘုန်းတန်ခိုးကြီးမားပြီး စာသင် တပည့်သံဃာတို့၏ အကြည်ညိုခံ သံဃာမြတ် တစ်ပါး ဖြစ်သည်။

ဦးမာနိတသည် ရွာသို့ကြွမလာသည်မှာ ကြာလှပြီ။ ဦးသိုက်သည် ဦးမာနိတကို ကြောက်ရသည်။ ညီအစ်ကိုအရင်းဖြစ်သော်လည်း အသွင်ကမတူကြ။ မန္တလေးနှင့်ကား အလွန် ဝေးကွာလှန်းသည်။ ဦးသိုက်သည်မိုက်မြဲမိုက်နေသည်။ တစ်ရွာလုံး၏အမုန်းကိုကြုံကြုံခံလျက် ရှိသည်။

ဘိုဘိုသည် ဖခင်ကို အလွန်အမင်း ကြောက်ရသူတည်း။ ဖခင်ကို မည်သို့မျှမပြောဝံ့ပါ။ အနားသို့ပင် မသွားရဲ။ မလာရဲ။ မိခင်ဒေါ်အိုမှာ လည်း ဖခင်ကိုတုန်နေအောင် ကြောက်ရသည်။ ခေါင်းရွက်ဈေးသည် ဘဝဖြင့် ထမင်းစားရရုံမျှသာ။ တစ်ခါတစ်ရံ ဈေးအရင်းပင်မရှိတတ်။ ဈေးရောင်းရပ်လိုက်ရသည်လည်း ရှိသည်။ ဒေါ်အိုကို နှိပ်စက်ကလူပြု

သည်။ အရပ်ကြားအောင် အော်ပြီးဆဲတတ်သည်။ ဘိုဘိုကိုလည်း ခွေးနှိုင်းနွားနှိုင်းခေါ်ပြီး ဆူဆူပူပူလုပ်သည်။

အိမ်၏စီးပွားရေးမှာ တစ်နေ့စာတစ်နေ့ ရှာရသည်။ ဆန်တစ်ပြည် တည်လျက်မရှိ။ ဆီဆိုသည်မှာ ဝေးလာဝေး။မည်သူကမျှအဆက်အဆံ မလုပ်။ "ငသိက်စကား၊တောင်ကြားကုလားတက်၊နာရီစက်ပျက်" ဟု ပုံမမှန်ဖောက်ပြန်မှုကို ပြောကြတော့သည်။

ဘိန်းရှူခြင်းမကောင်း။ လူအများကမယုံကြည်။ အထင်သေး၍ မပေါင်းသင်းကြ။ စီးပွားပျက်တတ်သည်။ အလွန်ဆိုးကျိုးပေးသော အလုပ်ဖြစ်သည်။

ဘိုဘို မပျော်တော့ပါ။ အိမ်တွင် မနေလိုပါ။ ဖခင်နှင့် ဝေးရာသို့ ထွက်ပြေးရန် စိတ်ကူးမိသည်။

× × × ×

"ဒူ.... ဟူ.... ဟူ...."
"ဒူ.... ဟူ... ဟူ...."
"ဒူ.... ဟူ.... ဟူ ..."

ရွာလူကြီး၏အိမ်မှအရေးပေါ် မောင်းထုသံကြားရသည်။ တစ်ရွာလုံး ရှုတ်ရုတ်သဲသဲဖြစ်သွားသည်။ တစ်အိမ်တစ်ယောက် ရွာလူကြီးအိမ်သို့ သွားရသည်။ ရွာ့အရေးတစ်ခုခုဖြစ်နေသည်ဟု အားလုံးက သဘော ပေါက်ပြီး ဖြစ်သည်။

"ကျွန်မ သားလေးမရှိတော့ဘူး။ မနက်ကတည်းက ပျောက်သွား တာပါတော့"

ဒေါ်အိုငိုနေသည်။ လူအများက ဒေါ်အိုကိုဝိုင်းကြည့်နေကြသည်။ သနားစရာကောင်းလှပါသည်။ သားအတွက် စိုးရိမ်စိတ်များနေ၍ ဆံပင်ဖားလျားကျလျက်။ ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။

"ကဲ လူစုခွဲပြီးဘိုဘိုကို အရှာထွက်ရမယ်။ ဒီကလေးဟာဘယ်ကိုမှ မသွားတတ်ဘူး။ နီးရာရွာမှာရှိလိမ့်မယ်။ အုပ်စုခွဲပြီး အရှာထွက်ကြဖို့ မေတ္တာရပ်ခံပါတယ်ခင်ဗျား"

ရွာလူကြီးကပြောပြသည်။ ဘိုဘိုကိုရှာဖွေဖို့ထွက်ကြရပြီ။ တစ်ရွာလုံး ထိတ်လန့်ရသည်။ ဒုက္ခရောက်ကြရသည်။ ထိုဒုက္ခသည် ဘိန်းသမားကြီးဦးသိုက်ကြောင့် ဖြစ်သည်။

ယခင်ကမှမေတ္တာမရှိသော ဦးသိုက်ကိုပို၍ရှိသော စိတ်ဆိုးဒေါသ ဖြစ်ကြရသည်။ အပြစ်မဲ့သား ဘိုဘိုနှင့်ဒေါ်အိုတို့ကို ပို၍သနားကြသည်။

ကျော်စိုးထွန်းသည် ဘိုဘိုပျောက်နေကြောင်း သတင်းကိုကြားလိုက်ရသည်။ စိတ်မကောင်းဖြစ်မိသည်။ ဘိန်းစားသားဟုခေါ်မိသည်ကိုနောင်တရမိသည်။ နောင်မခေါ်တော့ရန် ဆန္ဒဖြစ်လာသည်။ မှားမှန်းသိလာသည်။ အခြားသူငယ်ချင်းများကိုလည်း မခေါ်ကြရန်တိုက်တွန်းရဦးမည်။

× × × ×

အချိန်မှာ နေဝင်ဖျိုးဖျအချိန်။

နေလုံးကြီး ပျောက်ကွယ်သွားလေပြီ။

ရွာထဲမှာ တိတ်ဆိတ်နေသည်။ ဘိုဘို့သတင်းကိုနားစွင့်ငံ့လင့်နေကြသည်။ သတင်းအစအန မကြားရသေး။ တစ်ရွာလုံး စိုးရိမ်လျက် ရှိသည်။ ဆုတောင်းမေတ္တာ ပို့ကြသည်။ သို့သော် ဦးသိုက်မှာကား အပူအပင်မရှိ။ ဘိန်းခွက်နှင့်လက်တွဲနေဆဲပင်။

မှူးယစ်ဆေးဝါးသည် သားကိုပင် လျစ်လျူရှုနိုင်သည်။

"တူ....တူ....တူ"

ရွာအနောက်ဘက် ဖုန်းဆိုးတောတန်းဆီမှ ကျွဲချိုမှုတ်သံပေါ်လာသည်။ ဘိုဘိုကို ရှာဖွေသော ရွာသားများဆီမှဖြစ်သည်။ ရွာထဲမှာ အုတ်အုတ်ကျက်ကျက် ဆူညံသွားသည်။ ခွေးဟောင်သံကတစီစီ။ ရင်တမမနှင့် စောင့်စားနေကြလေပြီ။ ဟိုအိမ်မှ သည်အိမ်မှ မီးခွက်များထွန်းညှိထားထားကြသည်။ သတင်းကောင်းကိုစုံစမ်းနေကြသည်။

"ဘိုဘို မတွေ့ခဲ့ဘူးတဲ့တော့"

နေရာတကာစပ်စုတတ်သော ဒေါ်ကွန့်က စိုးရိမ်တတ်သော ဒေါ်သိုင်းလှိုင်ထံ သတင်းပို့လိုက်သည်။
"အလိုတော် ကိုယ်ကျိုးနည်းကြပြီ"
"ဟိုကောင် သေိုက်ဆိုယင် ကောင်းမှာကွာ"
ရေချမ်းစင်တကာ ဦးချစ်ထွားက လွှတ်ခနဲပြောမိသည်။ တစ်အိမ်မှ တစ်အိမ်၊ တစ်လမ်းမှတစ်လမ်း၊ တစ်ရပ်မှတစ်ရပ်သို့ သတင်းပျံ့လေပြီ။
မကြာလှပါ။
တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာသည်။ မည်သည့်အဖွဲ့ကမှ မတွေ့ခဲ့။ သတင်းကိုပင် လိုက်မရ။ မတွေးကောင်းမကြံကောင်း ရေကန်ထဲများ နစ်နေရော့သလားမသိ။ ညနေရေခပ်ချိန်ကလည်း ရေကန်မှာ ရောက်ခဲ့ပြီးပြီ။
ဘိုဘိုတစ်ယောက် ပျောက်ချက်သား ကောင်းလှဘိ။ မောင်း ထောင်းရာလည်း ဤသတင်း။ ဗိုင်းငင်ရာလည်း ဤသတင်း။ ဘိုဘို မတွေ့ရတော့ ဦးသိုက်ကို ပို၍ မကြည်ဖြူကြ။
ဘိုဘို ကံဆိုးမိုးမှောင်ကျလေသည်လား။

× × × ×

ရွာထဲသို့ လှည်းတစ်စီး မောင်းဝင်လာသည်။
မန္တလေးမှ ဆရာတော်ဦးမာနိတ ကြွရောက်လာခြင်းဖြစ်သည်။ လှည်းပေါ်မှာ သင်္ကန်း၊ သပိတ်၊ ယပ်တောင်များနှင့် အခြား ပစ္စည်းများ။ အဝတ်အစားကောင်းကောင်းနှင့် ကလေးတစ်ယောက် လည်း ပါသည်။
"ဘိုဘိုပြန်ရောက်ပြီတဲ့။ မန္တလေးထွက်ပြေးတာကိုး"
"ဦးမာနိတက ရွာမှာ ရှင်တစ်ရာပွဲလုပ်မှာတဲ့"
"ဘိုဘိုက မြို့သားလို ကော့လို့ျ့လို့တော့"
ပြောမဆုံးသောစကားများ။ ဖမ်းသာကြရသည်။ ရွာထဲမှာမင်္ဂလာ ရှိလာပြန်သည်။ ရှင်တစ်ရာအလှူပွဲကိုလည်း နွှဲရဦးမည်။ ဗြောသံ တဖြုန်းဖြုန်းနှင့် ပျော်စရာ။ အတွေးနှင့် တစ်ရွာလုံးမြူးနေတော့သည်။

ဘိုဘိုသည် ယနေ့တိုင် ရှင်မပြုရသေး။ ရွာထဲမှ ရှင်မပြုရသေးသောကလေးများကို ရှင်တစ်ရာပွဲမှာ ထည့်သွင်းမည်။ ဒေါ်အိုမှာလည်း ဝမ်းသာလျက်။ သက်နိုးပန်း ရွက်ရဦးမည်။ ဦးသိုက်မှာလည်း သပိတ်လွယ် ယပ်ထမ်းပြီး အလှူဒါယိကာဖြစ်နေပြီ။ တစ်နယ်လုံး အလှူပွဲကြီးသတင်းက သင်းပျံ့မွှေးလျက်ရှိသည်။

ဆရာတော်က သူညီ ဦးသိုက်အတွက် ဝတ်စုံ တစ်စုံဝယ်လာသည်။ ဦးသိုက်က ဝတ်ကြည့်နေသေးသည်။ ဝမ်းသာနေဟန် ရှိသည်။ ဘေးက လူများမှာ တပြုံးပြုံးနှင့်။

အလှူပွဲ စလေပြီ။

လူလည်း စည်ကားဘိခြင်း။

ရွာလူကြီးအိမ်မှာ ပြည်သူ့ရဲများ ရောက်လာသည်။ ဒုစရိုက်သမား ဦးပြန့်ကြီးနှင့် ဦးသိုက်တို့ကို ဖမ်းဆီးရန် ဖြစ်သည်။ တစ်ရွာလုံးက ဝမ်းနည်းကြရသည်။ အပြစ်ရှိသူများဖြစ်၍ ဖမ်းဆီးလိုက်ခြင်းပင် ဖြစ်သည်။

ဦးသိုက် သပိတ်မလွယ်ရတော့ပါ။ သားအတွက် သပိတ်ကို ကျောင်းတိုက်သို့ မပို့နိုင်တော့ပါ။ အလှူပွဲကိုကျော်ခိုင်း၍ အချုပ်ခန်းမှာ နေရတော့မည်။

"ငသိုက်လို့ မမိုက်ကြနဲ့ဟေ့။ သားရှင်ပြုတောင် သပိတ်မလွယ်ရတဲ့သူ"

"ပြန့်ကြီးကလည်း ဘာများထူးလို့လဲ။ သူ့သားလဲ ရှင်တစ်ရာမှာ ပါတယ်"

ကျော်စိုးထွန်းတို့ကလေးတစ်သိုက်ကို လူကြီးများက ဆုံးမနေသည်။ ကြောက်စရာကောင်းသောပြစ်မှုပါလား။ အရက်သောက်ခြင်း၊ ဘိန်းရှူခြင်း၏ မကောင်းမှုကို ရွာထဲရှိကလေးများ နားလည်သွားကြသည်။

မည်သည့်ကလေးမှ ကြီးပြင်းလာလျှင် မူးယစ်ဆေးဝါးကို သုံးစွဲတော့မည် မဟုတ်ပါ။

သင်ခန်းစာက မျက်မြင်ဖြစ်နေသည်။ ။

# ၄။ အကြောက်ရဆုံး ရန်သူ

နွေရောက်လာပြီ။

ရွက်ဝါကြွေပြီး တောင်လေပြူးသောအချိန်။

ပုရစ်ဖူးစီစီနှင့် အလှသစ်ဆင်လာသည်။ ဥသြငှက်က လွမ်းစရာကောင်းအောင် တွန်ကျူးသည်။ ပူအိုက်သောနွေများကို ယပ်ခတ်ရင်း ကျော်ဖြတ်ရသည်။ အလုပ်နားချိန်ဖြစ်၍ အေးအေးဆေးဆေး နေထိုင်ကြသည်။

နွေသည်သာယာလှပပါသည်။

ထိုအလှကိုဖျက်ဆီးတတ်သူ ရှိပါသည်။

အကြောက်ရဆုံးရန်သူပါ။ ထိုရန်သူမှာ မီး ဖြစ်ပါသည်။ မီးသည် မိတ်ဆွေတစ်တန် ရန်သူတစ်သွယ်ဖြစ်ပါသည်။ စင်စစ် မီးသည် မိတ်ဆွေ ဖြစ်ပါသည်။ လူ့အကျိုးကို များစွာကူညီပံ့ပိုးပါသည်။ အလင်းရောင်အရာလည်း အသုံးချနိုင်သည်။ ထမင်းဟင်းချက်ပြုတ်ရာလည်း မပါလျှင်မပြီး။ အအေးဒဏ်ကိုကာကွယ်ရာလည်း အရေးပါသည်။ ထိုထက်ပို၍စဉ်းစားလိုက်ပါက သိပ္ပံလောကတွင်လည်း အဓိကကျပါသည်။

သို့သော်မီးကို ရန်သူဟုသတ်မှတ်ထားပါသည်။ မီးကိုမရိုသေသောကြောင့်သာ ဒုက္ခတွေ့ရသည်။ မီးကသက်သက်လိုက်ပြီး လောင်နေသည် မဟုတ်ပါ။ လူများစည်းကမ်းမဲ့သောကြောင့် ရန်သူဘဝသို့ ကူးပြောင်းသွားရသည်။

မီးလောင်လျှင်မည်သူ့ကိုမှ ချန်လှပ်မထားပါ။ နွေ၊ မိုး၊ ဆောင်း ရာသီသုံးဥတုစလုံး ဒုက္ခပေးနိုင်ပါသည်။ ထိုဒုက္ခကိုမည်သူမျှ မခံစားလိုပါ။ မီးကိုကြိုတင်ကာကွယ်ထားပါက စိတ်အေးလက်အေးနေနိုင်ပါသည်။

မီးကိုကြိုတင်ကာကွယ်ထားရမည်။

ရန်သူကိုရင်ဆိုင်ဖို့ထက် ဟန့်တားမှုက ပိုမိုထိရောက်နိုင်ပါသည်။

× × × ×

ခင်မွန်ကျေးရွာက ရွာကြီးတစ်ခုတွင် အကျုံးဝင်သည်။

သို့သော် မီးဒဏ်ကို လှလှပပကြီးခံစားရဖူးပြီ။ မီးလောင်ကျွမ်း၍ အိမ်ခြေရာနှင့်ချီ၍ မီးထဲပါသွားသည်။ ဆီစက်၊ ဆန်စက်တွေလည်း ပါသွားသည်။

တစ်ရွာလုံး မီးဘေးဒုက္ခသည်များဖြစ်ရသည်။

ပစ္စည်းဟူသမျှပြန်မရတော့။ လူ ကို ပင် လောင် ကျွမ်း ခံ ရ သည်။ ဆေးရုံမှာပို့ရသည်။ မီးလောင်ဒဏ်ရာက သေရာအထိပါသည်။ သည်အထိ ဆိုးဝါးသောမီး။ မညှာမတာသောရန်သူ။

ခင်မွန်ရွာမီးသတင်းကြောင့် တစ်နယ်လုံး တုန်လှုပ်သွားသည်။ မီးလောင်စက မီးကိုကိုင်ဖို့ဝန်လေးကြသည်။ နောက်တဖြည်းဖြည်း ရိုးသွားသည်။ မီးကိုပေါ့ဆလာတတ်သည်။

ထွေးကျော်တို့နေသော ကျောင်းကုန်းရွာမှာ မီးကိုစနစ်တကျ သုံးစွဲကြသည်။ မီးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြသည်။ ရွာလူကြီးများက စီမံဆောင်ရွက်သည်။ ရွာသူရွာသားများကလည်း အစီအမံတိုင်း လိုက်နာဆောင်ရွက်ကြသည်။

"ဟော့....ဝင်းနိုင် မင်းဆေးလိပ်ကြီးက မီးတွေနဲ့"

ကာလသားအရွယ် ဝင်းနိုင်သည် ဆေးလိပ်ကြိုက်သူတစ်ယောက်ဖြစ်သည်။ အချိန်မရွေး နေရာမရွေး စည်းကမ်းမဲ့သောက်တတ်သူ။ ရွာလူကြီးဦးထွန်းမောင်ပြောမှ ဝင်းနိုင်သတိထားမိသည်။

"မင်းကအခုလိုသောက်တော့ ကလေးတွေပါ မီးပေါ့ဆနိုင်တယ်ကွယ့်"

ကလေးများလည်းရှိနေ၍ ဦးထွန်းမောင်က ဆုံးမနေပြန်သည်။ ဦးထွန်းမောင်ကို တစ်ရွာလုံးက လေးစားကြသည်။ ရွာ့အကျိုးကို အများဆုံးသယ်ပိုးသူ ဖြစ်၏။

"မင်းတို့ကလေးတွေလဲ မီးကိုဂရုစိုက်ကြပါ။ ဟု တောင် နား ဏ
င်မှန်ရွာလို့ ပြောကျသွားမယ်။

စိန်ညွန့်၊ သန်းကွန်း၊ ဝင်းလွင် စသော ကလေး များ လည်း
ားထောင်နေကြသည်။

ပြောပါများလာတော့ ကလေးများလည်း သဘောပေါက်လာ
သည်။ မီးကိုကြောက်လာသည်။ မီးကို ရန်သူဟု သိလာသည်။
ကလေးများ နားလည်လာကြသည်။

ရွာ၏မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတွင် ပါဝင်ကြရန်
ဆန္ဒကိုယ်စီရှိခဲ့ကြပြီ။ ကလေးများပါ ကြိုတင်ကာကွယ်ရေးတွင် ပါလာ
ပါက မုချ မီးဒုက္ခဝေးလိမ့်မည်။

× × × ×

ကျောင်းကုန်းရွာကလေးမှာ သီးသီးခြားခြား ရှိနေသည်။

ရွာမြောက်ဘက်တွင် တိန်ညင်ချောင်းရှိသည်။ ကွင်းပြင်ထဲမှာ
တည်ရှိသည်။ နွေအခါတွင် ဖုန်ထူသည်။ အိမ်ခြေနည်းသော်လည်း
အိမ်ခြေစိပ်သည်။ နွေအခါလေပြင်းကျပါက လေဒဏ်ကိုခံရသည်။
အကယ်၍ မီးလောင်ပါက တစ်ရွာလုံးမီးပါနိုင်သည်။

တစ်ရွာလုံး မီးအန္တရာယ်ကို ကျွမ်းကျင်စွာကာကွယ်နိုင်ရေးကို
စီစဉ်ထားသည်။

မီးချိတ်၊ မီးကပ်၊ လှေကား၊ သဲပုံး၊ မီးရေအိုးကအစ မီးကင်းထဲ
အထိ ရှိသည်။ အိမ်တိုင်း တာဝန်ကျေသည်။ အသိညီသည်။ သတိ
ပေးဆောင်ပုဒ်များကိုလည်း လမ်းများတွင်စိုက်ထူထားသည်။ မီးကို
နာရီနှင့် သတ်မှတ်၍ သုံးစွဲရသည်။

"သန်းကွန်း ဘာလုပ်နေတာလဲ"

ဝင်းလွင်က လှမ်းမေးလိုက်သည်။

"မီးရေအိုးရေဖြည့်နေတာပဲ"

မီးကိုကြိုတင်ကာကွယ်ထားရမည်။

ချန်သူကိုရင်ဆိုင်ဖို့ထက် ဟန့်တားမှုက ပိုမိုထိရောက်နိုင်ပါသည်။

× × × ×

ခင်မွန်ကျေးရွာက ရွာကြီးတစ်ခုတွင် အကျုံးဝင်သည်။

သို့သော် မီးဒဏ်ကို လှလှပပကြီးခံစားရဖူးပြီ။ မီးလောင်ကျွမ်း၍ အိမ်ခြေရာနှင့်ချီ၍ မီးထဲပါသွားသည်။ ဆီစက်၊ ဆန်စက်တွေလည်း ပါသွားသည်။

တစ်ရွာလုံး မီးဘေးဒုက္ခသည်များဖြစ်ရသည်။

ပစ္စည်းဟူသမျှပြန်မရတော့။ လူ ကို ပင် လောင် ကျွမ်း ခံ ရ သည်။ ဆေးရုံမှာပို့ရသည်။ မီးလောင်ဒဏ်ရာက သေရာအထိပါသည်။ သည်အထိ ဆိုးဝါးသောမီး။ မညှာမတာသောရန်သူ။

ခင်မွန်ရွာမီးသတင်းကြောင့် တစ်နယ်လုံး တုန်လှုပ်သွားသည်။ မီးလောင်စက မီးကိုကိုင်ဖို့ဝန်လေးကြသည်။ နောက်တဖြည်းဖြည်း ရိုးသွားသည်၊ မီးကိုပေါ့ဆလာတတ်သည်။

ထွေးကျော်တို့နေသော ကျောင်းကုန်းရွာမှာ မီးကိုစနစ်တကျ သုံးစွဲကြသည်။ မီးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြသည်။ ရွာလူကြီးများက စီမံဆောင်ရွက်သည်။ ရွာသူရွာသားများကလည်း အစီအမံတိုင်း လိုက်နာဆောင်ရွက်ကြသည်။

"ဟော့....ဝင်းနိုင် မင်းဆေးလိပ်ကြီးက မီးတွေနဲ့"

ကာလသားအရွယ် ဝင်းနိုင်သည် ဆေးလိပ်ကြိုက်သူတစ်ယောက်ဖြစ်သည်။ အချိန်မရွေး နေရာမရွေး စည်းကမ်းမဲ့သောက်တတ်သူ။ ရွာလူကြီးဦးထွန်းမောင်ပြောမှ ဝင်းနိုင်သတိထားမိသည်။

"မင်းကအခုလိုသောက်တော့ ကလေးတွေပါ မီးပေါ့ဆနိုင်တယ်ကွယ့်"

ကလေးများလည်းရှိနေ၍ ဦးထွန်းမောင်က ဆုံးမနေပြန်သည်။ ဦးထွန်းမောင်ကို တစ်ရွာလုံးက လေးစားကြသည်။ ရွာ့အကျိုးကို အများဆုံးသယ်ပိုးသူ ဖြစ်၏။

"မင်းတို့ကလေးတွေလဲ မီးကိုဂရုစိုက်ကြပါ။ ဟို တောင် နား ဆ ခင်မှန်ရွာလို ပြာကျသွားမယ်။

စိန်ညွန့်၊ သန်းကွန်း၊ ဝင်းလွင် စ သော က လေး များ လည်း နားထောင်နေကြသည်။

ပြောပါများလာတော့ ကလေးများလည်း သဘောပေါက်လာသည်။ မီးကိုကြောက်လာသည်။ မီးကို ရန်သူဟု သိလာသည်။ ကလေးများ နားလည်လာကြသည်။

ရွာ၏မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတွင် ပါဝင်ကြရန် ဆန္ဒကိုယ်စီရှိခဲ့ကြပြီ။ ကလေးများပါ ကြိုတင်ကာကွယ်ရေးတွင် ပါလာပါက မုချ မီးဒုက္ခဝေးလိမ့်မည်။

× × × ×

ကျောင်းကုန်းရွာကလေးမှာ သီးသီးခြားခြား ရှိနေသည်။

ရွာမြောက်ဘက်တွင် တိန်ညင်ချောင်းရှိသည်။ ကွင်းပြင်ထဲမှာ တည်ရှိသည်။ နွေအခါတွင် ဖုန်ထူသည်။ အိမ်ခြေနည်းသော်လည်း အိမ်ခြေစိပ်သည်။ နွေအခါလေပြင်းကျပါက လေဒဏ်ကိုခံရသည်။ အကယ်၍ မီးလောင်ပါက တစ်ရွာလုံးမီးပါနိုင်သည်။

တစ်ရွာလုံး မီးအန္တရာယ်ကို ကျွမ်းကျင်စွာကာကွယ်နိုင်ရေးကို စီစဉ်ထားသည်။

မီးချိတ်၊ မီးကပ်၊ လှေကား၊ သဲပုံး၊ မီးရေအိုးကအစ မီးကင်းထဲ အထိ ရှိသည်။ အိမ်တိုင်း တာဝန်ကျေသည်။ အသိညီသည်။ သတိ

[illegible]

နာရီနှင့် သတ်မှတ်၍ သုံးစွဲရသည်။

"သန်းကွန်း ဘာလုပ်နေတာလဲ"

ဝင်းလွင်က လှမ်းမေးလိုက်သည်။

"မီးရေအိုးရေဖြည့်နေတာပဲ"

"ကောင်းတယ်ဟေ့။ ငါလဲဝါးသွားဝယ်မလို့။ မီးကပ်နဲ့လှေက လုပ်ရအောင်"

ကလေးများလည်း ပါဝင်ကြသည်။ တာဝန်ကိုယ်စီနှင့်လုပ်အား ပေးကြသည်။ တချို့ကလေးများမှာ ချောင်းထဲမှသဲများကို ထမ်းသ ကြသည်။

တစ်နိုင်တစ်ပိုင် ပါဝင်သည်။

စည်းလုံးညီညွတ်သော ကျောင်းကုန်းရွာမှာ မီးဘေးအန္တရာယ် တွေ့ရလိမ့်မည် မဟုတ်ပါ။ ကလေးများပါ အသိညီသောကြော ဖြစ်သည်။

လေပြင်းမကျမီ ထမင်းစောစောချက်သော ဓလေ့ကိုလုပ်ထာ သည်။ မီးမွှေး၊ မီးငြိမ်း အချက်ပေးသံချောင်းခေါက်၍ သတ ပေးသည်။ အားလုံးလိုက်နာကြသည်။

နွေပေါင်းများစွာ ကျော်ခဲ့ပြီ။

မီးလန့်မှုပင် မဖြစ်ခဲ့။

နွေ၊ မိုး၊ ဆောင်းမရွေး မီးကိုကာကွယ်ထားသည်။ ကျောင်း ကုန်းရွာမှာ မီးအန္တရာယ်မရှိခဲ့။ လယ်ယာလုပ်ငန်းကို ပျော်ရွှင်စွာ လုပ်ကိုင်နိုင်ခဲ့သည်။ မိမိစီးပွားကို မီးကြောင့်မပျက်စီးခဲ့။ ကျောင်း ကုန်းရွာအတွက် မီးသည်ရန်သူမဟုတ်တော့။

× × × ×

ကျောင်းကုန်းရွာမှာ စာကြည့်တိုက်ရှိသည်။ ဦးသောင်းညွန့်က ဦးဆောင်ပြီးထူထောင်ထားသည်။ ဦးသောင်းညွန့်သည် စာကြည့် တိုက်မှူးတာဝန်ကိုလည်း ယူထားသည်။ စာကြည့်တိုက်နံရံမှာလည်း "သင့်ကြောင့် မီးမလောင်ပါစေနှင့်" ဟူသော နံရံကပ်ပိုစတာကို ကပ်ထားသည်။ စာကြည့်တိုက်အတွင်း မီးဘေး အန္တရာယ် နှင့် ဆိုင်သောသတင်းများကို သင်ပုန်းတစ်ချပ်တွင် ကပ်ထားပါသည်။

မီးလောင်၍ ဆုံးရှုံးသွားသော ငွေကျပ်တန်ဖိုး စာရင်း များ၊ မီးလောင်သောမြို့၊ ရွာများသတင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုသတင်းများ၊ မီးသတ်တပ်ဖွဲ့နေ့ ကျင်းပသောသတင်းများကို ဆိုက်ပ်စာစောင်သဖွယ် ပြုလုပ်ထားသည်။

ဦးသောင်းညွန့်သည် ကလေးများကို ခေါ်ယူပြီး ပြုလုပ်ထားခြင်း ဖြစ်သည်။ ကလေးများကိုယ်တိုင် ပါဝင်ဆောင်ရွက်စေသည်။ မီးဘေးဒုက္ခကို သိရှိစေရန်ဖြစ်သည်။

ကျောင်းကုန်းရွာမှ လူကြီးရော ကလေးပါ ထိုသတင်းများကို သိရှိထားသည်။ မီးဘေးအန္တရာယ်ကို ပညာပေးပြီးကာကွယ်ထားခြင်း ဖြစ်သည်။

ထို့ကြောင့် ကလေးများကိုယ်တိုင် ပါဝင်နေ ခြင်း ဖြစ် သည်။ အခြားရွာများကပင် အားကျနေသည်။ မြို့ မှ ရောက် လာ သော ဧည့်သည်များလည်း မြင်တွေ့ရသည်။

မြန်မာနိုင်ငံတွင် ရွာပေါင်းများစွာရှိသည်။

ကျောင်းကုန်းရွာကဲ့သို့ စုပေါင်းပြီး ကာကွယ်ပါက တစ်နိုင်ငံလုံး မီးအန္တရာယ်မတွေ့နိုင်ပါ။ နိုင်ငံအနှံ့အပြားရှိ ရွာတိုင်းသည် ကျောင်းကုန်းရွာကို အားကျသင့်သည်။

ထိုမျှသာမကသေး၊ တစ်နိုင်ငံလုံးရှိ ကလေး များ သည် လည်း ကျောင်းကုန်းရွာမှ ကလေးများကဲ့သို့ ကျင့်သုံးပါက မီးအန္တရာယ် မတွေ့နိုင်တော့ပါ။ ကလေးများသည် နောင်တစ်ချိန်မှာ လူကြီးများ ဖြစ်လိမ့်မည်။ ကလေးများကိုယ်တိုင် ပါဝင်ဆောင်ရွက်မှသာ ကြောက်စရာရန်သူကို အောင်မြင်ပါလိမ့်မည်။

နိုးကြားသောအသိ၊ ရိုးသားသောစိတ်ဓာတ်ရှိသော ကလေးများသည် နိုင်ငံအတွက် အားထားစရာဖြစ်ပါသည်။

ကလေးများ၏စွမ်းအားသည် ကြီးမားလှသည်။ ။

# ၅။ ထိန်းသိမ်းထားရမည့်အမွေ

"ဟဲ့ သီတာ ဖျာလိပ်ချပေးကွယ့်။ ဧည့်သည်တွေရောက်နေတယ်" အဘွား ညိမ်းမယ်၏ခေါ်သံ။

ခရေပင်အောက်တွင် ဇယ်တောက်ကစားနေသော သီတာကို လှမ်းပြောလိုက်သည်။ သီတာစိတ်ပျက်မိသည်။ ဧည့်သည်လာတိုင်း သီတာကောင်းကောင်းမကစားရ။ အဘွားညိမ်းမယ်သည် ဧည့်သည် လာတိုင်း အိမ်ခေါ်ပြီး ဧည့်ဝတ်ပြုတတ်သည်။ သီတာကိုလည်းအနား မှာ နေစေသည်။

"အဘွား ဖျာခင်းပြီးပြီတော့၊ နောက်ဘာယူပေးရဦးမှာလဲ"

"သီတာကစားတာရပ်ထားပါဦးငါ့မြေးရယ်။ကွမ်းအစ်နဲ့ဆေးလိပ် ခွက်လဲချပေးကွယ်"

သီတာမကစားရတော့။ အဘွားအနားမှာ နေရတော့သည်။ အဘွားသည် ဧည့်သည်များနှင့် စကားကောင်းနေပြီ။ ဘယ်သူတွေ ကျန်းမာရဲ့လား။ ဆန်စပါးရကြရဲ့လား။ အသက် ဘယ်လောက် ရှိပြီလဲ စသည်ဖြင့် စကားမြိုင်နေသည်။

သီတာမှာကျုံ့ကျုံ့လေး ထိုင်နေရသည်။ ပြောသမျှစကားများ ကို နားထောင်နေရသည်။

သို့သော် လုံးဝစိတ်မဝင်စားပါ။

ဧည့်သည်များ မြန်မြန်ပြန်ပါစေဟုသာ ကြိတ် ကြိတ် က လေး ဆုတောင်းနေမိသည်။ ဧည့်သည်များကို မုန်းမိသည်။ သီတာအဖို့ ဧည့်သည်မှာ ရန်သူလိုဖြစ်နေသည်။

ဥ္စသည်လာတိုင်း ထစ်ခနဲဆို သီတာကအနားမနေရ။ လက်ဖက်ရည်အိုးချပေး၊ လက်ဖက်ခွက်ယူပေးနှင့် အလုပ်ရှုပ်နေတတ်သည်။

သီတာ ဥ္စမုန်းပါသည်။

× × × ×

ယနေ့ ဝါဆိုလပြည့်နေ့။

အဘွားညီမ်းမယ် ဥပုသ်စောင့်လိမ့်မည်။

သီတာ့ကို အမြဲခေါ်တတ်သည်။ ဥပုသ်စောင့်ခေါ်သည်ကိုတော့ သီတာသဘောကျသည်။ ဥပုသ်နေ့တိုင်း ထမင်းကောင်း၊ ဟင်းကောင်း စားရသည်ကိုး။

"အဘွား ဒီနေ့ဥပုသ်စောင့်သွားမှာလား"

သီတာက သေချာအောင် မေးလိုက်သည်။

"အေး စောင့်ရမယ်လေ။ အခါကြီးရက်ကြီးဆိုတော့ ဘယ်မလိုက်ဘဲ မဖြစ်ဘူး။ ညည်းအမေကို ထမင်းဝိုင်းချက်ချေ"

ဥပုသ်စောင့်ဖို့သေချာသဖြင့် ဝမ်းသာမိသည်။ သို့သော် ထမင်းချက်ဝိုင်းကူခိုင်း၍ မပျော်လှ။ စူအောင့်အောင့် လုပ်နေသည်။

"ဘာလဲ ညည်းက ထမင်းမချက်ချင်ဘူးလား။ မိန်းကလေးဆိုတာ ထမင်းဟင်း ချက်တတ်ရမယ်။ ညည်းအမေ မအားတဲ့အခါ ချက်တတ်အောင်သင်ထား။ သွားဝိုင်းကူချက်"

သီတာ ဘာမျှပြန်မပြောဝံ့။ အမေရှိရာ မီးဖိုခန်းသို့ သွားလိုက်ရသည်။ အမေက ကြက်သွန်များအခွံသင်နေသည်။ သီတာဝိုင်းသင်ကူညီသည်။ ငရုတ်တစ်ဆုံထောင်းပေးရသည်။ ထမင်းအိုးမီး လှည့်ပေးရသည်။ ဆွမ်းအုပ်နှိုကြီး ရေဆေးရသည်။ ပြီးတော့ အဝတ်ကောင်းနှင့်သုတ်ရသည်။ သီတာပန်းသွားသည်။ မီးဖိုကို ခြေဆင်းထိုင်နေတော့သည်။

"ဟဲ့သီတာ၊ မီးဖိုကိုခြေဆင်းမထိုင်နဲ့။ ကြည့်မကောင်းဘူး။ ပိပိပြားပြားနေနေ"

အမေကပါ သီတာ့ကိုစည်းကမ်းတွေ သတ်မှတ်ပြန်သည်။ သီတာ မကြိုက်ပါ။ အလုပ်လည်းလုပ်ရသေး။ အပြစ်လည်းမကင်း။ သက်ပြင်းချရင်း –

"ကျွဲကိုက်တတ်လို့လားအမေ"

"ဘယ်က ကျွဲကိုက်မှာလဲ။ မိန်းကလေးဆိုတာ မီးဖိုဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် ခြေဆင်းမနေကောင်းဘူး။ သိမ်သိမ်မွေ့မွေ့ နေရတယ် မိသီတာ။ ကဲ ထမင်းကျက်ပြီ။ အဝတ်အစား လဲတော့"

သီတာအဝတ်အစားလဲရန် အိမ်ပေါ်သို့ တက်ခဲ့သည်။ ဝမ်းသာသောစိတ်ကြောင့် အပြေးအလွှား။ အဘွားကဘုရားမှာ ပန်းကပ်နေသည်။

"ဒီမိန်းကလေးခက်ပါတယ်။အသာအယာ တက်ရဆင်းရတယ်ဟဲ့။ ညည်းကတဒုန်းဒုန်းနဲ့ ဒီမှာဘုရားအာရုံပြုရတာ မဖြောင့်ဘူး"

သီတာမှာ ရွှေတိုး တောဆိုးတွေ့ဆိုသလို ဖြစ်နေသည်။ ဥပုသ်စောင့်ပင်လိုက်ချင်စိတ်မရှိ။ မလိုက်ဘဲလည်း မနေနိုင်ပါ။

ဟော သီတာအဝတ်အစား လဲတာလား။ ညည်းတို့ ကျောင်းဝတ်စုံသာဝတ်ခဲ့အေ့။ အဲဒီဝတ်စုံကယဉ်တယ်။ မကလက်ဘူး။ နောက်ပြီး ရှိန်ညိုတဘက်လည်းယူခဲ့။ ဘုန်းကြီးကျောင်းနဲ့ ဒါမှလိုက်တာ"

အဘွားက အမိန့်ထုတ်လိုက်သည်။ သီတာမဝတ်ချင်ဆုံး လုံချည်နှင့်အင်္ကျီ ဖြစ်နေသည်။ ပြီးတော့ တဘက်ကလည်းယောဂီရောင်ကြီး။ ဘာပဲဖြစ်ဖြစ် သီတာနားထောင်ရသည်။

အဘွားက ရှေ့မှ သွားသည်။

ဆွမ်းအုပ်နီကြီးရွက်လျက်၊ သီတာကနောက်မှလိုက်ရသည်။ ငှက်ပျောပွဲကို ရွက်လျက်။ ကျက်သရေရှိသော မိန်းမကြီးနှင့် သိမ်မွေ့သော မိန်းကလေး။

မြန်မာဆန်သော မြေးအဘွား ကျောင်းသွားကြပြီ။

× × × ×

ညနေပိုင်း။

အဘွားက ပုတီးစိပ်နေသည်။ အိမ်ပြန်ရန် စိစဉ်နေသူက သီတာ။ ကျောင်းမှအိမ်သို့ ပြန်ခဲ့ကြပြီ။

"အဘွားရယ် သီတာတစ်ယောက်တည်း ကျောင်းဝတ်စုံကြီးနဲ့ လာရတာ။ မြင့်နွယ်တို့၊ ချိုနွဲ့တို့များ လှလိုပလို့တော့"

"ခက်တာပဲ မိသီတာ၊ ဥပုသ်စောင့်တယ်ဆိုတာ ဘုန်းကြီးကျောင်း သွားရတာ။ ယဉ်ကျေးရမယ်၊ အလှအပမလိုပါဘူး။ အလှူပွဲ ဇာတ်ပွဲ သွားတာတောင် ဆင်ခြင်ဝတ်ရတယ်ငါ့မြေး။ ဒီနေ့ညည်းတစ်ယောက်ထဲ ဒီလိုဝတ်တော့ ညည်းတစ်ယောက်ထဲချီးမွမ်းကြတယ်မဟုတ်လား။ သီတာ ကြားရဲ့သားနဲ့ဟယ်"

သီတာ သဘောပေါက်သွားသည်။ အဘွား၏ ရှင်းပြချက်ကို နားဝင်သွားသည်။ ပြီးခဲ့သောနေ့အလှူပွဲတုန်းက သီတာကြိုက်သလို ဝတ်ဆင်ခဲ့ရသည်ကို သတိရလာသည်။

မိန်းကလေးဆိုသည်မှာ ယဉ်ကျေးမှုရှိရမည်ကို စဉ်းစားမိသည်။ အဘွားကို အပြစ်မတင်ချင်တော့ပါ။

အဘွားကို ကျေးဇူးတင်မိသည်။

သီတာအိမ်ပြန်ရောက်သောအခါ ဥပုသ်နေ့တိုင်းလုပ်ရသည့်အလုပ်များကို လုပ်ရသေးသည်။ သီတာတို့အိမ်ကွင်းသည် ကျယ်ဝန်းလှသည်။ သစ်ပင်မျိုးစုံ ရှိသည်။ သစ်ပင်ပေါ်သဖြင့် ကျေးငှက်ကလေးတွေလာတတ်သည်။ ထိုကျေးငှက်များ ရေသောက်ရန် စဥ့်အင်တုံတွင် ရေဖြည့်ရသည်။ အိမ်ရှေ့ လမ်းတစ်လျှောက် အမှိုက် လှည်းရသည်။ ကျေးငှက်ကလေးတွေ အစာကျွေးရသည်။

သီတာပျော်ပါသည်။

စာကလေးတွေ၊ ဆက်ရက်ကလေးတွေ၊ ဗွတ်ကလုံကလေးတွေ အစာစားနေသည်ကို သဘောကျသည်။

"ဟဲ့သီတာ အဝတ်အစားတွေလဲလိုက်ဦးလေ။ မေ့နေတယ်လား"

သီတာလျှာထုတ်ရင်း အဝတ်အစားလဲဖို့ သွားသည်။ အိမ်မှာ ဝတ်သော အဝတ်အစားကို ဝတ်ရသည်။

အဘွားညိမ်းမယ်သည် စည်းကမ်း ကောင်းသည်။ ထောင့်စုံ အောင်ဆုံးမသည်။ သီတာ အသက် ၁၁ နှစ်ရှိပြီ။ မည်သည့်ကလေးနှင့် မျှရန်မဖြစ်။ ဘာပစ္စည်းမှ ယူမလာတတ်။

ရိုးသားလိမ္မာသော သီတာ။

လူကြီးစကား နားထောင်သော သီတာ။

ထိုသတင်းက လူချင်းဆောင်နေသည်။

× × × ×

လှည်းယာဉ်ကလေးကို ဘထွေးဆန်းက မောင်းသည်။

သီတာနှင့် အဘွားညိမ်းမယ်တို့ မြကန်သာရွာသို့ လှည်းစီးထွက်ခဲ့သည်။ မြကန်သာရွာမှာ ဆွမ်းလောင်းလှူပွဲ ရှိသည်။ ရွှေသာလျောင်းရုပ်ပွားတော်ကို ဖူးမြော်ရင်း သွားသည်။

မြကန်သာရွာ ဦးဘထွန်းအိမ်မှာ လှည်းဖြုတ်သည်။

ဦးဘထွန်းတို့ တစ်အိမ်သားလုံး ဝမ်းသာကြသည်။ အဘွားညိမ်းမယ်ကို ခင်မင်လေးစားသူ များလှသည်။ ဦးဘထွန်းအိမ်မှာ ကောင်းကောင်းမနေရ။ တစ်အိမ်တက်ဆင်း သွားနေရ၏။ အဘွားဆေးသည်များကို ပြုစုခဲ့သောကြောင့် မိတ်ဆွေများ၊ အသိများရှိနေခြင်းဖြစ်သည်။ အဘွား၏ စေတနာသည် တုံ့ပြန်သောအကျိုးတရားများကို ခံစားရပါသည်။

သီတာသည် အဘွားကို အားကျနေမိသည်။

အဘွား ညိမ်းမယ်၏ မိတ်ဆွေအပေါင်းအသင်းများသည် သီတာ့အတွက်လည်း မိတ်ဆွေများ အသိများ ဖြစ်လာမည်။ သီတာ တွေးရင်း ဝမ်းသာမိသည်။

တစ်ချိန်က အဘွား၏ဆေးသည်များကို သီတာ မုန်းမိသည်။ ယခု သီတာကိုယ်တိုင် ဆေးသည်ဖြစ်လာမှ အဘွား၏ဆေးဝတ်ကျေမှုကို နားလည်ရသည်။ သီတာ ဆေးသည်များကို မမုန်းပါ။ ဆေးသည်

လာလျှင် အလိုက်သိစွာ ကြိုဆိုပါမည်။ ဖော်ရွေ ပျူငှာစွာ ဧည့်ခံပါမည်။

ဆွမ်းလောင်းလှူပွဲ ပြီးသောအခါ ရွာသို့ ပြန်ခဲ့ကြသည်။ လက်ဆောင်ပစ္စည်းတွေက လှည်းနှင့်အပြည့်။ ထန်းသီးမုန့်၊ မုန့်နီထုပ်၊ ကောက်ညှင်းထုပ်၊ ငှက်ပျောဖီး စသည်တို့ ပေးလိုက်သည်။ သိတာ တစ်ယောက် စားမကုန်။ ရွာရောက်လျှင် သူငယ်ချင်းများ၊ အိမ်နီးနားချင်းများကို ပေးဝေနိုင်သေးသည်။

ဧည့်ဝတ် ကျေသော အဘွားကို ဧည့်ဝတ် ကျေစွာ ပြုစုလိုက်ကြသည်။

× × × ×

နောက်တစ်နှစ်ခန့်တွင် အဘွား ညိမ်းမယ် လူကြီးရောဂါဖြင့် ကွယ်လွန်သွားသည်။ သိတာ ငိုလို့ မဆုံးတော့ပါ။

အဘွားညိမ်းမယ် အသုဘတွင် လူစည်လှပါသည်။ ရပ်နီးရပ်ဝေးမှ အဘွားမိတ်ဆွေများက လာရောက်မေးမြန်းကြသည်။ အဘွားမိတ်ဆွေများလည်း စိတ်မကောင်းကြပါ။ စေတနာကောင်းသော မိတ်ဆွေကြီးတစ်ယောက် ဆုံးရှုံးရခြင်းကြောင့် ဖြစ်ပါလိမ့်မည်။

သိတာသည် အဘွားငြိမ်းမယ်မရှိသောရက်များတွင် မနေတတ်ပါ။ အဘွား၏ စိပ်ပုတီး၊ ကွမ်းအစ်၊ လက်ဖက်အုပ်ကလေးများကို ကိုင်တွယ်ကြည့်မိပါသည်။ အဘွားကို အလွမ်းပြေကြည့်ရပါသည်။ အလွမ်းမပြေပါ။ ပို၍ပင်လွမ်းမိပါသည်။ တစ်ခါတစ်ရံ ငိုသည်အထိ လွမ်းပါသည်။

"ဟယ်....သမီးလေးငိုနေသလား"

အမေက မေးပါသည်။

"ဟုတ်တယ်အမေ အဘွားကို လွမ်းလို့တော့"

"အဘွားကိုလွမ်းယင် အဘွားလိုနေထိုင်သွားပေါ့။ ဒါမှ အဘွားကို လွမ်းရာ ချစ်ရာရောက်မယ်သမီး"

အမေက ပြောပြပါသည်။ သီတာက ခေါင်းညိတ်လိုက်သည်။ မျက်ရည်ကို ဒူးခေါင်းနှင့် သုတ်ယူနေသည်။

"အဘွားလို နေထိုင်ရမယ်ဆိုတာ ပြောပြစမ်းပါအမေ။ သမီး နားမလည်လို့ပါ"

သီတာက နားလည်အောင် မေးသည်။

"အဘွားလို နေထိုင်ရမယ်ဆိုတာ အဘွားမသေခင်က သွားလာ ဆက်ဆံ ပြောဆိုသွားတဲ့အတိုင်းပေါ့။ သမီးက အဲဒီလိုနေထိုင်ရုံပဲ။ ညှော်သည်လာယင် ညှော်ဝတ်ကျေရမယ်"

"ဟုတ်ကဲ့ မေမေ။ ငှက်ကလေးတွေ အစာကျွေးရတာ၊ အဝတ်အစားကို နှိုင်းချိန်ဝတ်ရတာ။ အမှိုက်လှည်းရတာတွေ မဟုတ်လား အမေ"

"အေး....ဟုတ်တယ်"

"သမီးကတော့ အဘွားရှိတုန်းကလို မှုမပျက်ဘဲ နေဖို့ ဆုံးဖြတ်ထားပါတယ် အမေရယ်"

"သာဓုပါကွယ် သမီးလေး"

သီတာသည် အဘွားရှိစဉ်အခါကလိုညှော်ဝတ်ကျေဖို့ တာဝန်မလေးပါ။ စကားကို ချိုသာစွာ ပြောရမည်။ အဘွား၏ ကောင်းသော စရိုက်ကောင်းများသည် မြန်မာ ဆန်လှသည်။ မှန် မြတ် သော စိတ်ထားအလှ ဖြစ်သည်။ အဘွား၏အမွေများကို ဆက် လက် ထိန်းသိမ်းရမည်မှာ သီတာ၏ တာဝန်ဖြစ်သည်။

သီတာ ထိန်းသိမ်းနိုင်ပါလိမ့်မည်။ ။

# ၆။ အထမ်းသမားလေးဖိုးဇော်

တင်မောင်ညွန့်သည် အလုပ်ခိုင်းလျှင် ရှတ်တရက် မလုပ်တတ်။ ပျင်းရိသူတစ်ယောက်သာ ဖြစ်သည်။ မိဘများက အလွန်ချစ်သည်။ အားသောအချိန်တွင် စာကိုလည်းမဖတ်။ ဂျင်တစ်လုံးနှင့် ကစား နေတတ်သည်။ သူငယ်ချင်းများကိုမူ ခင်မင်တတ်သူဖြစ်သည်။ စား စရာရှိလျှင်လည်း ကျွေးမွေးတတ်သည်။ ပိုက်ဆံလိုလျှင် မိဘများထံ တောင်းလိုက်ရုံသာ။ ဘာမျှမပူရ။ ပူရမှန်းလည်းမသိသေး။

"သား နွားချေးထုတ်ပြီးပြီလား။ နွားရေခပ်ပြီးပြီလား"

ဖခင် ဦးဘိုက မေးသည်ကို မကြားဟန်ဆောင်နေသည်။

"ဟေ့သား မင်းအလုပ် ပြီးပြီလား"

သည်တော့မှ နွားတင်းကုပ်ထဲဝင်သွားသည်။ ဘာမျှပြန်မပြော။ ပါးစပ်မှ တတွတ်တွတ် ပြောနေသည်။ မျက်နှာက သုန်သုန် မှုန်မှုန် ဖြစ်နေသည်။ နွားချေးထုတ်ရာမှာလည်း မပြောင်မစင်ဖြစ်နေသည်။ နွားသောက်ရေကို မခပ်ချင်ခပ်ချင်နှင့် လုပ်နေသည်။ ပျင်းရိသော တင်မောင်ညွန့်သည် အလုပ်ခိုင်းသော ဖခင်အပေါ် မကျေနပ်။ အလုပ်လုပ်တိုင်း စိတ်မချမ်းသာ။ ကစားရသည်လောက် မပျော်။

ဦးဘိုသည် သားအတွက် စိုးရိမ်မိသည်။ အလုပ်ပျင်းသောသား အတွက် ဆုံးမဖို့ အမျိုးမျိုးကြံဆနေမိသည်။

"သားရယ်ဒီအလုပ်က မပင်ပန်းပါဘူး။ ပြီးတော့ သားတစ်ယောက် ထဲလုပ်ရတာ မဟုတ်ပါဘူး။ တစ်ရွာလုံးရှိတဲ့ ကလေးတွေလုပ်နေ ရတာပဲ မဟုတ်လား"

"ကျွန်တော် နွားရေခပ်ရတာ မပျင်းပါဘူးအဖေ။ နွားချေးထုတ်ရ တာရှက်တယ်"

"နွားချေးထုတ်တာ ရှက်စရာမဟုတ်ဘူးသား။ သူ့းတစ်ပါးပစ္စည်း ခိုးယူတာ၊ ရွာထဲမှာရန်ဖြစ်တာ၊ ဆဲဆိုတာကမှ ရှက်စရာကောင်းတာ သားရဲ့"

သားနှင့်အဖေ စကားပြောနေသည်။ မိခင်ဖြစ်သူ ဒေါ်ခင်က ထမင်းစားရန်လှမ်းခေါ် လိုက်သည်။

ထမင်းစားဖို့ အိမ်ပေါ် သို့ တက်လိုက်ကြသည်။

× × × ×

ထမင်းစားပွဲမှာ သုံးယောက်သား ထိုင်လိုက်သည်။ ချဉ်ပေါင်ဟင်းရည်၊ ခရမ်းသီးချက်နှင့် ပဲပြုတ် ဟင်းများ။ ရွာထွက် သီးနှံများဖြင့် ချက်ထားသောဟင်း။

တင်မောင်ညွန့်သည် ထမင်းစား ကောင်းဟန်မတူ။ ထမင်းကို တို့နန်တို့နန်လုပ်နေသည်။ လက်တခါခါ ဖြစ်နေသည်။ ဟင်းကောင်းကြိုက်သော သူ့အဖို့ စားမရနိုင်သော ဟင်းများသာ။

"ငါ့သား ထမင်းမဆာဘူလား"

"ဆာပါတယ်အဖေ"

"ဆာယင် စားစမ်းပါကွာ။ မင်းကြည့်ရတာအားမရဘူး"

"ဟင်းကမကောင်းဘူးအဖေ"

"ဟင်းကောင်းနဲ့ စားချင်ယင် အလုပ်လုပ်ရတယ်။ အဖေတစ်ယောက်တည်း လုပ်နေလို့တော့ မပြည့်စုံဘူး။ မင်းအမေကလဲ ထမင်းချက်၊ အဝတ်လျှော် နေရတယ်မဟုတ်လား"

တင်မောင်ညွန့် ဘာမျှမပြောပါ။ အလုပ်ပျင်းသူအတွက် တမင်စီမံထားသောဟင်းဖြင့် ကျွေးလိုက်သည်။ ထမင်းမစားသောသားကို ကြည့်၍ ဒေါ်ခင်မှာ စိတ်မကောင်းလှ။ ဦးဘိုနှင့် ဒေါ်ခင်သည်သားကို ကြည့်၍ အကဲခတ်နေသည်။

"ကျွန်တော် အလုပ်လုပ်မယ်အဖေ။ ကျွန်တော့် တာဝန်ဖြစ်တဲ့ နွားချေးထုတ်တာ ရေခပ်တာကို အမြဲလုပ်ပါ့မယ်"

"အေး....ဒါမှပေါ့သားရ။ ဒီအလုပ်ကလေး လုပ်ရတာများ မပန်းပါဘူးကွာ။ အဖေလဲ သားကဝိုင်းကူမှ အခြားအလုပ်တွေလုပ်နိုင်မယ် မဟုတ်လား"

"ကျွန်တော် ဝိုင်းကူပါမယ်"

"ကဲ ရှင်မရေ သားကြိုက်တဲ့ အမဲသားထောင်း ထည့်ပေးလိုက်ပါကွာ"

ဒေါ်ခင်က အိုးတစ်လုံးထဲမှ ဆည်ယူပြီး ထည့်ပေးလိုက်သည်။ တင်မောင်ညွန့် ခေါင်းငုံ့ပြီး ပြုံးနေသည်။ အမဲဟင်းနှင့် အားရပါးရ စားနေသည်။ ဒေါ်ခင်ကအားရ ကျေနပ်သော အကြည့်များနှင့်။ ဦးဘိုမှာ သားကိုကြည့်ရင်း သဘောကျနေသည်။

မိသားစု သုံးယောက်သား ထမင်းမြိန်ကြသည်။ မိဘများမှာ သားနားလည်သွား၍။ တင်မောင်ညွန့်မှာ ဟင်းကောင်းနှင့် စားရသောကြောင့်။

× × × ×

တစ်နေ့။

ရွာထဲသို့ အထမ်းသမား သားအဖနှစ်ယောက် ရောက်လာသည်။ ဖခင်က အထမ်းနှင့်လာသလို သားကလည်းအထမ်းနှင့်ပင်။ ဖခင်၏ အထမ်းမှာ တောင်းကြီးကြီးနှစ်လုံး။ သား၏အထမ်းမှာ ခွဲတောင်း နှစ်လုံးဖြစ်သည်။ ဖခင်အထမ်းက ပစ္စည်းများပါသည်။ သား၏ အထမ်းက ထမင်းချက်စားဖို့ အိုးခွက်များနှင့် ဆန်များပါသည်။

"ဇွန်းဟောင်း၊ ဒန်အိုးဟောင်း ဝယ်တယ်။ ပစ္စည်းအသစ်ရောင်းတယ်"

ဖခင်ဖြစ်သူက အော်ဟစ်ကြေညာလိုက်သည်။

"လာနော် လာနော် အရာတော်ထန်းလျက်နဲ့လဲတယ်"

သားဖြစ်သူကလည်းမခေ။ ပစ္စည်းအဟောင်းများနှင့် အရာတော်

နယ်မှထွက်သော ထန်းလျက်နှင့်လဲကြောင်း အော်ပြောလိုက်သည်။ အရာတော်ထန်းလျက်သည် နာမည်ကြီးထန်းလျက်။

သားအဖနှစ်ယောက် အော်ဟစ်ကြေညာမှုကြောင့် ရွာထဲမှလူများစုပြုံရောက်လာသည်။ တိုးဝှေ့ကြည့်ကြသည်။ ဇွန်းကျိုးများ၊ ဒန်အိုးအပိန် အပျက်များ ယူလာကြသည်။ တချို့က ရောင်းသည်။ တချို့က ထန်းလျက်နှင့်လဲသည်။ တချို့မှာကား ပစ္စည်းသစ်များဝယ်ယူကြသည်။

ဘာမျှမကြာလိုက်ပါ။

ပစ္စည်းဟောင်းများ တော်တော်ရလိုက်သည်။

ရောင်းရသောငွေကလည်း မနည်းလှ။ ရွာထဲမှကလေးများက အထမ်းသမားလေးကို ဝိုင်းကြည့်နေကြသည်။ မိမိအရွယ်မျှသာ ရှိသေးသော အထမ်းသမားလေးကို တင်မောင်ညွန့် သဘောကျသည်။ စိတ်ထဲမှလည်း ကြိတ်၍ချီးကျူးနေမိသည်။

"ဟေ့ဖိုးဇော် ပစ္စည်းတွေ တောင်းထဲထည့်ကွာ"

"ဟုတ်ကဲ့ အဖေ"

"အသစ်နဲ့အဟောင်း မရောစေနဲ့နော်"

"ဟုတ်ကဲ့ အဖေ"

တင်မောင်ညွန့် ဖခင် ဦးဘိုကလည်း အထမ်းသမားလေး ဖိုးဇော်ကို ဂုဏ်ယူမိသည်။ သူ့သားအရွယ် ဖိုးဇော်သည် အားကိုးရသော ကလေးတစ်ယောက် ဖြစ်နေသည်။ အထမ်းသမားများသည် တစ်ရွာဝင် တစ်ရွာထွက် လာခဲ့ရခြင်းဖြစ်သည်။ သွားလေရာ ဝန်ကလည်း မနည်းလှ။ ထိုအထမ်းသမားနှစ်ယောက်သည် အရာတော်နယ်မှ လာခြင်းဖြစ်သည်။ ခရီးမိုင် တွက်ကြည့်သော် မိုင် ငါးဆယ်ကျော် ဝေးနေပြီ။ ဝမ်းစာအတွက်ဝိုင်းကူနေသော ဖိုးဇော်ပါလား။

× × × ×

အထမ်းသမား သားအဖ ဇရပ်မှာ အိပ်ကြသည်။

ဇရပ်မှာ ထမင်း ချက်စားကြမည်။

"အမေ ထမင်းကျန်သေးလား"

"သားက ထမင်းဆာလို့လား"

"ထမင်း မဆာပါဘူးအမေ။ ဟို အထမ်းသမားလေးဖိုးဇော် တို့ကို ပေးမလို့ပါ"

တင်မောင်ညွန့်သည် ရွယ်တူဖိုးဇော်ကို သနားမိသည်။

"အေး ကျန်သေးတယ်။ သွားပေးလိုက်ပါကွယ်"

တင်မောင်ညွန့်သည် ထမင်းကို ပန်းကန်ပြားတွင်ထည့်၍ ဇရပ်သို့ ထွက်ခဲ့သည်။ ဖိုးဇော်တို့သားအဖ ထမင်းချက်နေသည်။ ဖိုးဇော်မျက်နှာမှာ ညှိုးငယ်ခြင်းမရှိပါ။ ပြုံးရွှင်သောမျက်နှာနှင့်။

"ငါ့ နာမည်က တင်မောင်ညွန့်တဲ့ ဖိုးဇော်။ မင်းတို့ စားဖို့ ယူလာတဲ့ ထမင်းပါ။ ယူပါ ဖိုးဇော်"

"ကျေးဇူးတင်ပါတယ် တင်မောင်ညွန့်"

တင်မောင်ညွန့်သည် ဖိုးဇော်ကို စိတ်ဝင်စားနေသည်။ ခရီးဝေးလွန်းသော နေရာမှ သည်အထိ ခြေကျင် အထမ်းသမားလုပ်လာသည်ကို အားကျမိသည်။

"မင်း မပန်းဘူးလား ဖိုးဇော်"

"ပန်းတာကတော့ ပန်းတယ်။ တို့က အထမ်းသမား အလုပ်နဲ့ ထမင်းစားရတာဆိုတော့ မလုပ်မဖြစ်ဘူးကွာ"

"မင်းအဖေက ခိုင်းလို့လား"

"အဖေကမခိုင်းပါဘူး။ ကျောင်းပိတ်တဲ့ နွေမှာမို့ ဝိုင်းလုပ်ရတာပါကွာ။ ပြီးတော့ ရွာအနှံ့ကိုလည်းရောက်တော့ ဗဟုသုတ ရတယ်လေ"

ဖိုးဇော်ပြောသမျှကို တင်မောင်ညွန့် နားထောင်နေသည်။ ဖိုးဇော်ပြောမှ အသိဝင်လာသည်။ သူ့ဖခင် ဦးဘို ခိုင်းသည်ကို တလွဲထင်ခဲ့သည်။ ဖခင်ကို ကူညီနေသော ဖိုးဇော်ကြောင့် တင်မောင်ညွန့်လည်း အလုပ် လုပ်တော့မည်ဟု ဆုံးဖြတ်မိသည်။

ဖိုးဇော်တို့သားအဖ ထမင်းစားဖို့ ပြင်ဆင်နေကြသည်။ တင်မောင်ညွန့်သည် ဖိုးဇော်အားနှုတ်ဆက်၍ အိမ်သို့ပြန်ခဲ့သည်။ နောင်ဆိုလျှင် အဖေ အခိုင်း မစောင့်ဘဲ လုပ်စရာကို ကူညီတော့မည်ဖြစ်သည်။

တင်မောင်ညွန့်၏ အိမ်အပြန်ခြေလှမ်းများ သွက်နေသည်။

အလုပ်ဆိုသည်မှာ ဂုဏ်ရှိပါလားဟု ပို၍ သဘောပေါက်တော့သည်။

× × × ×

နံနက်လင်းနေပြီ။

တင်မောင်ညွန့် အိပ်ရာမှ စောစောထသည်။

နွားတဲကုတ်ထဲဝင်၍ နွားချေးထုတ်သည်။ အမှိုက်လှည်းသည်။ နွားရေအတွက် ရေခပ်သည်။

"ဖိုးဇော်က ခရီးသွားရင်း ဝန်ထမ်းရသေးတာပဲ။ ငါက အိမ်မှာ အလုပ်လုပ်ရတာပဲ"

စိတ်ထဲမှ တွေးနေမိသည်။

တင်မောင်ညွန့် တက်ကြွနေသည်။ သွက်လက်ဖျတ်လတ်နေသည်။ အခါတိုင်းသည်အချိန်မှာ အိပ်ရာမှ မထသေး။ အိပ်ရာမှထသော်လည်း အလုပ်မလုပ်သေး၊ ဂျင်တစ်လုံးနှင့် ကစားနေသေးသည်။

ဦးဘိုနှင့်ဒေါ်ခင်သည် သားကိုကြည့်၍ ပီတိဖြစ်နေသည်။ ဝမ်းသာနေကြသည်။ သားအတွက် ဂုဏ်ယူနိုင်ကြပြီ။

အထမ်းသမားလေး ဖိုးဇော်သည် တင်မောင်ညွန့်အား သင်ခန်းစာများ ပေးလိုက်ပြီ မဟုတ်ပါလား။

တင်မောင်ညွန့် အလုပ်အတွက် ဂုဏ်ယူတတ်သွားပြီ။

အထမ်းသမားလေး ဖိုးဇော်ကြောင့်။ ။

# ၇။ မိမိ ကိုယ်ကို အားကိုးမည်

ကျွန်တော့်အမည်မှာ မောင်ဌေးကြွယ်ဖြစ်သည်။ ညီမလေးမှာ မခိုင်ဖြစ်ပါသည်။ မောင်နှမ နှစ်ယောက်သာရှိပါသည်။ အဖေအမေ မရှိ။ အဘိုးနှင့်သာနေရပါသည်။ အဖေနှင့်အမေမှာ လွန်ခဲ့သောလေးနှစ်က မူးမြစ်ထဲတွင် ရေနစ် သေဆုံးသွားကြခြင်းဖြစ်ပါသည်။ မူးမြစ် တစ်ဘက်ကမ်းရှိ တုတ္တလုတ်ရွာသို့ အသွားလှေမှောက် သေဆုံးခြင်း ဖြစ်သည်။ ကျွန်တော်တို့ မောင်နှမမှာ အားငယ်စရာဖြစ်သည်။

ညီမလေး မခိုင်မှာ ကိုးနှစ် အရွယ်သာရှိသေးသည်။

တောရ ကျောင်းမှာ စာသင်ရပါသည်။ ဆရာတော် ဦးပညိန္ဒသည် ကျွန်တော်တို့ ကလေးများအပေါ် သနားတတ်ပါသည်။ အရေးအဖတ် ကျွမ်းကျင်အောင် တတ်မြောက်ခဲ့ပါသည်။ မြို့ကျောင်းသို့ သွားရောက် ပညာ မသင်နိုင်ပါ။ ကျွန်တော့် သူငယ်ချင်းများမှာ မြို့တက်ပြီး ကျောင်းနေကြပါသည်။

အဘိုးသည် ကျွန်တော်တို့ကို သွန်သင် ဆုံးမတတ်ပါသည်။ မကောင်းမှုကို တားမြစ်ပိတ်ပင်ပါသည်။ လိမ္မာယဉ်ကျေးစေရန် အမြဲ သတိပေးပါသည်။ အဘိုးသည် ကျွန်တော်တို့၏ ကျေးဇူးရှင် ဖြစ်ပါသည်။

ကျွန်တော်တို့ အားမငယ်စေရန် အားပေးပါသည်။ ရိုးရိုးသားသား နှင့် ကြိုးကြိုးစားစား လုပ်ကိုင်နေထိုင်ပါက စိတ်ချမ်းသာရမည်ကို ပြောပါသည်။ အားတက် ဝမ်းသာမိပါသည်။

ကျွန်တော်တို့ မြေးအဘိုး သုံးယောက်ကို တစ်ရွာလုံးက သနား ကြပါသည်။ အဖေနှင့်အမေတို့ သေဆုံးပြီးစက ဆန်၊ ဆီ၊ ဆား က

အစ ငွေကြေးအထိ ပေးကမ်းကြပါသည် ကျွန်တော်တို့ လက်ခံယူနေသည်ကို အဘိုးက မကြိုက်ပါ။

"ငါ့မြေးတို့ အဘိုးပြောမယ်။ သူတစ်ပါးပေးတာကို မယူကြနဲ့ကွယ်။ သူတစ်ပါးအပေါ် မမှီခိုကြပါနဲ့။ မိမိကိုယ်ကို အားကိုးစမ်းပါ။ ရေသာခိုတတ်တဲ့ စိတ်မျိုးတွေဖြစ်နေယင် ဘဝမှာ မတိုးတက်နိုင်ဘူး"

အဘိုးပြောပြီးနောက် မည်သူ့ထံကမျှ ပစ္စည်းတစ်စုံတစ်ရာ မယူရဲပါ။ အဘိုးသဘောထား အမှန်ကိုသိသော ရွာသူရွာသားကလည်း ဘာပစ္စည်းကိုမျှ မပေးတော့ပါ။ သို့သော် အခြားကူညီစရာများကို ကူညီခဲ့ကြပါသည်။

အဘိုး၏ တားမြစ်ပိတ်ပင်မှုကို ကျွန်တော် သဘောမပေါက်ပါ။ အဘိုးမည်သည့်ရည်ရွယ်ချက်နှင့် တားမြစ်ခဲ့ပါသနည်း။

ကျွန်တော် သိလိုပါသည်။

× × × ×

ကျွန်တော်တို့ မြေးအဘိုးတစ်စု၏ စီးပွားရေးမှာ မရေရာလှပါ။ နွားမတစ်ကောင်နှင့် ယာတစ်ခင်းသာ ရှိပါသည်။ ယာခင်းမှာအိမ်နှင့် တစ်ဆက်တည်း ဖြစ်သည်။

အဘိုးသည် အလုပ်ကြိုးစားသူတစ်ယောက် ဖြစ်ပါသည်။ မည်သည့်အခါမျှ အအားမနေပါ။ ကြိုးကျစ်ခြင်း၊ တောင်းရက်ခြင်း အလုပ်ကို ကျွမ်းကျင်သည်။ ကျွန်တော်တို့ မောင်နှမနှစ်ယောက်မှာ ကျီးချောက်ကြက်လှန့် အလုပ်သာ ရှိသည်။ ဘာမျှ ကျွမ်းကျွမ်းကျင်ကျင် မရှိ။ ညီမလေးက ထမင်း တစ်စလယ်အိုးကို မနိုင့်တနိုင် ချက်တတ်သေးသည်။

အဘိုးသည် ကိုယ်တိုင်မြက်ရိတ်ပြီး နွားမကိုကျွေးသည်။ ယာခင်းကိုလည်း ပေါက်ပြားတစ်လက်နှင့် စားပင်မျိုးစုံ စိုက်ပျိုးသည်။ အမျိုးပေါင်းစုံလင် များပြားလှပါဘိ။

ဘူး၊ ခရမ်း၊ မုန်လာ၊ ချဉ်ပေါင်၊ ရုံးပတီ၊ ငရုတ်စသည်တို့ကို စိုက်ပျိုးသည်။ ယာခင်းစည်းရိုးတွင် မျှောက်ဉပင်၊ ပိန်းပင်၊ ဝပင်နှင့် နန္ဒင်းပင်များက ဝိုင်းဝိုင်းလည်နေသည်။

ကျွန်တော်နှင့် မခိုင်က ပေါင်းသင်ရသည်။ ရေလောင်းရသည်။ ကျွန်တော်တို့ မပျင်းပါ။ အဘိုးက အလုပ်ကြိုးစားသူတို့၏ အောင်မြင်မှုကို မကြာခဏ ပြောပြသည်။ ဇာတ်သုတလည်း ရပါသည်။ အပျင်းလည်းပြေပါသည်။ တစ်ခါတစ်ရံ ရယ်ပင်ရယ်လိုက်ရသေး။

အားလပ်သောအချိန်တွင် ကျွန်တော်တို့နှစ်ယောက် ကစားကြသည်။ အဘိုးမှာကား ကြိုးကျစ်မပျက်၊ တောင်းရက်လည်း သွက်လှသည်။ ကြိုးကျစ်လျှင် တစ်ရက်သုံးပင်ခန့် ရသည်။ ကြိုးတစ်ပင်လျှင် လေးကျပ်အထိရသည်။ တောင်းရက်လျှင် နှစ်လုံးအထိရပြီး အရွယ်အစားအလိုက် တန်ဖိုးရသည်။ အဘိုးလုပ်အားသည် ဝင်ငွေမှန်သည်။ ကျွန်တော်တို့ ဘာမျှမပူရ။

ယာခင်းထဲမှလည်း ရာသီအလိုက် ဝင်ငွေမှန်သည်။ အဘိုးသည် ယာခင်းတွင် မြေနေရာအလပ်ဟူ၍ မထားပါ။ တူးဆွ စိုက်ပျိုးနေတတ်သည်။ မျိုးစေ့ အမျိုးမျိုးကို စိုက်ပျိုးသည်။ ကျွန်တော်တို့ကိုလည်း ပညာပေးသည်။

"ငရုတ်တစ်လှမ်း ခရမ်းတစ်ခုန်တဲ့လေး။ ငရုတ်စိုက်ယင်တစ်ပင်နှင့်တစ်ပင်တစ်တောင်စီ ခွာရမယ်။ ခရမ်းကိုတော့ လေးတောင်လောက် ခွာစိုက်ရမယ်။ ဒါမှ အပင်လည်းကြီး၊ အသီးလည်းထွားတယ်ကွယ့်"

ကျွန်တော်တို့ကို စိုက်ပျိုးရေးအတတ်ပညာကို အပြောရော၊ လက်တွေ့ပါသင်ပြသည်။ အိမ်ခြံထဲမှာလည်း ငှက်ပျော၊ အုန်း၊ သြဇာ၊ မာလကာ၊ သံပရာ၊ ရှောက် တို့ကို စိုက်သည်။ တစ်ခြံလုံး စိမ်းစိမ်း ညိုညို ဖြစ်နေသည်။ အဝေးကကြည့်လျှင် ဥယျာဉ်ကြီးဟုထင်ရသည်။ မှတ်မိသေးသည်။ အုန်းပင်စိုက်သည့်နေ့က ဖြစ်သည်။

"ငှက်ပျောလက်တစ်ဆိုက် အုန်းတည်စိုက်တဲ့လူလေး။ ငှက်ပျောပင်စိုက်ယင် တစ်တောင်အထိ ကျင်းတူးပြီးစိုက်ရမယ်။ အုန်းပင်ဆိုယင်

တော့ကျင်းနက်နက်တူးရမယ်။ စိုက်ယင်တော့ မြေပေါ်မှာ တည်စိုက်ရမယ်။ ဒါမှ အပင်ဖြစ်လွယ်ပြီး အသီးမှာ မြန်မြန်သီးလွယ်တာပေါ့"

အဘိုးထံမှ မှတ်သားစရာ များစွာရရှိခဲ့ပါသည်။ အဘိုးသည် စေ့စပ်သေချာလှသည်။ အမှတ်အသားလည်း ကောင်းသည်။

အဘိုးထံမှ ကျွန်တော့်အတွက် အတုယူစရာ များလှသည်။

× × × ×

အခုတော့ အဘိုးမရှိပါ။

တပေါင်းလပြည့်နေ့ ဖြစ်သည်။ ဟောရကျောင်းသို့ သွားပြီး ဥပုသ်စောင့်သည်။ ဆရာတော်ကိုလှူရန် သဘော်သီး အမှည့်များ ဆွတ်ယူသွားသည်။ သဘော်သီးဆွတ်နေဆဲ အဘိုးပြောသောစကားကို ကျွန်တော် သဘောကျသည်။

"ကိုယ့်ခြံကထွက်တော့ စားလဲမပူရ။ အလှူလဲ နောက်မကျဘူးကွယ့်။ တစ်သက်လုံးစိုက်ထားယင် တစ်သက်လုံး အကျိုးရှိနေမှာပဲပေါ့"

အဘိုးမရှိခိုက် အိမ်ကို စောင့်ရပါသည်။ မခိုင်မှာ ဆန်ရွေးနေသည်။ ကျွန်တော်သည် နွားမကို အစာကျွေးပါသည်။ ကျွန်တော် ကြိုးကျစ်ကြည့်သည်။ အဘိုး၏ ကြိုးအဆင့်ကို မမီပါ။ သန့်ရှင်းတောင့်တင်းခြင်းမရှိ။ အဘိုးပြန်လာမှ ပြကြည့်ရဦးမည်။ ကျွန်တော်ကျစ်ထားသောကြိုးကို မခိုင်ကို ပြကြည့်သည်။

"ဟေ့ မခိုင် ဒီမှာကြည့်စမ်း အစ်ကိုကျစ်တဲ့ကြိုးလေ။ မကောင်းဘူးလား"

"ဟယ်.... အစ်ကိုက မဆိုးဘူးတော့"

"အေးဟ ငါစမ်းကျစ်ထားတာလေ"

"ဒီလိုဆို အစ်ကိုကို ပြရဦးမယ်။ ညီမလေးရက်ထားတဲ့ တောင်းကလေးကိုလေ"

"ဟာ.... ဆန်ဆေးတောင်းလေးပါလား"

ကျွန်တော်တို့ မောင်နှမနှစ်ယောက် အလွန်ပျော်ပါသည်။ မိမိ လက်ရာကို မိမိကြည့်၍ ဂုဏ်ယူမဆုံးကြ။ ညီမလေး တောင်းမှာလည်း အချိုးကျကျ လက်ရာလှလှလေး။

ညနေစောင်းသွားပြီ။

တောရကျောင်းမှ တုံးခေါက်သံ ကြားနေရပြီ။ အဘိုးပြန်လာ တော့မည်။ ကျွန်တော်တို့ လက်ရာများကို အဘိုးမြင်ရလျှင် ဝမ်းသာ နေပါလိမ့်မည်။

× × × ×

အိမ်ရှေ့မှ သစ်ပင်အရိပ်အောက်မှာ။

မြေးအဘိုးသုံးယောက် ဝိုင်းဖွဲ့ စကားပြောနေကြသည်။ အဘိုးက ဆေးတံကိုခဲလျက်။ ပြီးတော့ပြုံးစစနှင့်။

"ငါ့မြေးတွေ ဘယ်ဆိုးလို့လဲကွာ။ မသင်ရသေးဘဲ ဒီလိုလုပ် နိုင်တာ ချီးကျူးစရာပဲကွယ့်"

ကျွန်တော်သည် ထခုန်မိတော့မလို ဝမ်းသာမိသည်။

"တောင်းကလေးက နှုတ်ခမ်း အစသိမ်းထားတာက လှဲ့ယင် အကောင်းသားပဲ။ အစိပ်အကျဲလဲညီတယ်။ ဒါဆိုယင် တစ်ကျပ် ငါးမတ်အော်ရောင်းရှိသဲ။ လူလေးကြိုးက အစကလေးတွေ ထွက်နေ တာပဲရှိတယ်။ တော်ပါပေ့ကွာ"

အဘိုးသည် ကျွန်တော်တို့ လက်ရာများကို အကဲခတ်သည်။ လိုတာကိုပြုပြင် ကောင်းတာကို သဘောကျနေသည်။ ပြီးတော့ တည်တည်ငြိမ်ငြိမ်နှင့် စကားပြောပါသည်။

"ကြိုးစားယင် ဘာမဆိုဖြစ်တယ်။ အလုပ်ကိုယ်စီ တတ်ထားယင် ထမင်းတစ်လုတ် မခက်ခဲဘူး၊ ဘဝကိုရင်ဆိုင်ရဲရမယ်။ ရင်ဆိုင်တယ်ဆို တာ အလုပ်လုပ်ဖို့ပါပဲကွာ"

× × × ×

အိမ်မှာ ညီမလေးမရှိပါ။

ရွာထဲလှည့်ပြီး ဧရှတ်သီးနှင့်ခရမ်းသီး ရောင်းနေသည်။

ကျွန်တော်က မုန်လာခင်းကို ရေလောင်းနေသည်။ အဘိုးကနွားမကို နို့ညှစ်နေသည်။ နွားမမှာ နွားကလေးတစ်ကောင် ပွားနေပြီ။ နွားနို့အပိုသောက်ရသေးသည်။ ဝယ်သူရှိက ရောင်းနိုင်သည်။ နွားနို့တစ်ဘူးတစ်ကျပ်ရသည်။

" အစ်ကိုရေ ဝင်းတံခါးဖွင့်လိုက်ပါဦး "

ညီမလေးပြန်လာပြီ။ တောင်းထဲမှာ ဆန်တချို၊ ပဲတချို့နှင့် လက်ထဲမှာ ပိုက်ဆံများဆုပ်ကိုင်လျက်။ ပိုက်ဆံကိုအဘိုးထံအပ်သည်။ ဆန်ကိုတောင်းထဲထည့်၍ ပဲကို အိတ်ထဲသွတ်ထားလိုက်သည်။

အဘိုးသည် နွားနို့အိုးကို နွေးပြီးယူလာသည်။ လက်ထဲမှာ ပန်းကန်သုံးချပ်ပါလာသည်။

" လာကြဟေ့.... နွားနို့သောက်ရအောင်"

" အဘိုးထန်းလျက်ကုန်နေတယ် "

" ထန်းလျက်မရှိလဲ ဖြစ်ပါတယ်။ ထန်းလျက်ထည့်တာကသောက်ကောင်းအောင်ထည့်တာ။ နွားနို့သက်သက်ချည်းဆို ပိုအားဖြစ်တယ်။ ရော့သောက်ကြ "

အဘိုးသည် ကျွန်တော်တို့ ကျေနပ်အောင် ပြောပြပါသည်။ ချောတာသုံးစွဲတတ်ခရန် မကြာခဏသွန်သင်သည်။ မြေးအဘိုးတစ်စု အေးချမ်းစွာ နေထိုင်ပါသည်။

× × × ×

ယခုဆိုလျှင် ကျွန်တော်တို့ စီးပွားရေးအဆင်ပြေပါသည်။ မည်သူ့ထံကမှ ချေးငှားရခြင်းမရှိပါ။ ကျွန်တော်တို့ မောင်နှမ နှစ်ယောက်စလုံး အဘိုးကိုကူညီနိုင်ပေပြီ။

ကြိုးကျစ်၊ တောင်းရက်အလုပ်လည်း ပိုင်ပိုင်နိုင်နိုင် တတ်မြောက်နေသည်။

ကျွန်တော်သည် ကလေးတစ်ယောက်သာ ဖြစ်ပါသည်။ အဖေနှင့် အမေ မရှိတော့၍ ကျွန်တော် အားငယ်မိခဲ့သည်။ သို့သော် အဘိုး ကြောင့် အားငယ်စိတ်မရှိခဲ့ပါ။ အဘိုးကြောင့် လိမ္မာယဉ်ကျေးစွာ ဆက်ဆံတတ်နေပါပြီ။ အလုပ်ကိုလည်း ကြိုးစား လုပ်ကိုင်ဖို့သဘော ပေါက်ပါသည်။

ကျွန်တော်ကြီးပြင်းလာပါက အဘိုးကိုအနားယူစေပါမည်။ ကျွန် တော့် အတတ်ပညာဖြင့် လုပ်ကျွေးပြုစုပါမည်။ သူတစ်ပါး၏အကူ အညီထောက်ပံ့ကို မလိုတော့ပါ။ ကိုယ့်အားကိုယ်ကိုး၍ ဘဝကိုရင် ဆိုင်နိုင်တော့မည်။ သေးငယ်သိမ်ဖျင်းသော စိတ်များ မရှိတော့ပါ။ ကြီးမားသန့်စင်သော ရည်ရွယ်ချက်များကို ရယူထားနိုင်ပါပြီ။

တစ်ချိန်က အဘိုးတားမြစ်ပိတ်ပင်မှုကို သဘောပေါက်မိပါသည်။ ကိုယ့်အားကိုယ်ကိုးရမည် မဟုတ်ပါလား။ ။

# ၇။ ဒိုးပတ်ဝိုင်း၏အောင်ပွဲ

ပြည်ထောင်စုနေ့ ကျင်းပရန် အချိန်နီးကပ်လာပြီ။

ဆောင်းလေ အေးမြမြနှင့် ရာသီဥတုသာယာသော အချိန်ဖြစ်သည်။ နှစ်စဉ် ပြည်ထောင်စုနေ့ ပွဲတော်ကို ခမ်းနား သိုက်မြိုက်စွာ ကျင်းပသည်။ တစ်မြို့နယ်လုံး အာရုံစူးစိုက်သော ပွဲတော်ဖြစ်သည်။

မြို့နယ်အဆင့် ကျင်းပသောကြောင့် ရပ်ကွက်၊ ကျေးရွာများအထိ သတင်းကြီးသည်။ တစ်နယ်လုံး ပြည်ထောင်စုနေ့ပွဲတော်ကိုမျှော်လင့်နေကြသည်။ အခြားပွဲတော်များထက် ပို၍သတိထားသည်။

ထိုသို့လူကြီးများ သတိထားကြသလို ကလေးများလည်း မေ့မရနိုင်။ ကျောင်းအလိုက်ပြပွဲ၊ ပြိုင်ပွဲများ ခင်းကျင်းပြသသည်။ကလေးများအတွက် အလွန်ဗဟုသုတ ရသောပွဲပေတည်း။

ပညာရေးပြခန်း၊ ကျန်းမာရေးပြခန်း၊ သစ်တောပြခန်း၊ သမဝါယမပြခန်းစသည်ဖြင့် စုံစုံလင်လင်ရှိလှသည်။ မမြင်ဖူးသူများအတွက် ကြည့်သင့်ကြည့်ထိုက်သည်။ တစ်စုတည်း တပေါင်းတည်း လေ့လာနိုင်သည်။ မှတ်သားစရာ ဗဟုသုတ ရှာဖွေစရာများက မရေတွက်နိုင်ပါ။

ဤပွဲတော်မျိုးကို မိဘများ ဆရာများက ဦးဆောင်၍ ပြသကြသည်။ ကျေးလက် ဒေသများမှ လှည်းတစ်တန် ခြေကျင် တစ်ဖုံဖြင့် သွားရောက်လေ့လာကြသည်။

ကျေးလက်ဒေသ၏ ဗဟုသုတပြပွဲဟုလည်း ခေါ်နိုင်ပါသည်။

× × × ×

တင်ကုတ်ကြီးရွာ။

မြို့နှင့် အလှမ်း ကွာဝေးလှသည်။ အခြေခံပညာမူလတန်းကျောင်း သာရှိသည်။ ဆရာသုံးယောက်နှင့် ကျောင်းသားဦးရေ ၁၅၀ ကျော်သာ ရှိသည်။ ယခင်နှစ် ပြည်ထောင်စုနေ့ပွဲတော် ပြိုင်ပွဲတစ်ရပ်တွင် ဆုရခဲ့သည်။ ပညာရေးပြခန်းအတွက် ပထမဆင့် ဘာသာမှ ရခဲ့သည်။ တစ်ရွာလုံးဝမ်းသာမဆုံးဖြစ်ကြသည်။ ပြိုင်ပွဲသွားဆရာနှင့် ကျောင်းသားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုပွဲ ကျင်းပခဲ့သည်။

ယခုနှစ် ပြည်ထောင်စုနေ့ပွဲတော် အစီအစဉ်မှာ ယခင်နှစ်ကဲ့သို့ မဟုတ်။ နယ်ကျောင်းများမှ ပြပွဲ ပြခန်းအတွက် ပါဝင်ရန်မလိုတော့။ ဧည့်ခံဖျော်ဖြေရေး အစီအစဉ်များတွင်သာ ပါဝင်ယှဉ်ပြိုင်ရန် ဖြစ်သည်။ အဆို၊ အက၊ အတီး တစ်ခုခုဖြင့် ပါဝင်ဧည့်ခံရမည်။ ထူးချွန်သော ကျောင်းကို ဆုပေးမည်။

ကျောင်းဖွင့်သော နေ့ဘစ်ခနေ့။

ဆရာများနှင့် ကျောင်းသားများ အစည်းအဝေး ကျင်းပသည်။ ပြည်ထောင်စုနေ့ပွဲတော်အတွက် ဖြစ်သည်။

"တပည့်တို့ကို ဆရာပြောပြမယ်။ ဒီနှစ်တော့ အဆို၊ အက၊ အတီးတစ်ခုခုနဲ့ ဧည့်ခံရမယ်။ ထူးချွန်ပြောင်မြောက်တဲ့ ကျောင်းကို ဆုပေးမယ်တဲ့"

ဆရာဦးသိန်းထွန်းက ပြောပြပါသည်။ ကျောင်းသားအားလုံး ငြိမ်သက်နေသည်။ စိတ်ဝင်စားနေခြင်း ဖြစ်သည်။ မည်သည့် အသံတစ်သံမှ ထွက်မလာ။

"အဲဒီတော့ ဆရာတို့ကျောင်းက ဘယ်လိုယှဉ်ပြိုင်ဧည့်ခံကြမလဲ။ တပည့်တို့ စိတ်ကူးရှိတာ ပြောပြစမ်းပါ"

ဦးသိန်းထွန်းက လိုရင်းကိုသာ ပြောပြလိုက်သည်။ တပည့်များကိုလည်း ပွင့်လင်းဖော်ရွေစွာ ဆွေးနွေးသည်။ ကလေးများပြောရဲဆိုရဲဖြစ်လာအောင် လမ်းဖွင့်ပေးလိုက်ခြင်း ဖြစ်သည်။

" ကျွန်တော် သီချင်းဆိုမယ်ဗျာ "

နိုင်အေးက သူ့ဝါသနာအတိုင်း ပြောပြသည်။ ဆိုင်းသံဗုံသံ ကြားလျှင် သီချင်းလိုက်နေတတ်သည်။

" ကဲ....ဟုတ်ပြီ။ ဒါမှ ဆရာတပည့်ပေါ့ "

" ကျွန်တော် က မယ်ဆရာ "

ကျော်ဇင်က သူ့အစွမ်းအစကို ပြရန်ဖြစ်သည်။ ကျော်ဇင်မှာ အက အခုန်ဝါသနာကြီးသူ။ ရွာထဲမှာ ကလေးဇာတ်အဖွဲ့ ခေါင်းဆောင် ဖြစ်သည်။ ဂုန်နီအိတ်ကို ကားလိပ်၊ ဝါးဆစ်များကို ဗုံ၊ မီးကင်းတဲကို ဇာတ်ခုံအဖြစ် အသုံးပြုလေ့ရှိသည်။ ထိုအကြောင်း ကို တစ်ရွာလုံးအသိ။ ဆရာများလည်း သတိထားမိသည်။

" အေး.... ကောင်းတယ်ကွာ။ အကတာဝန်ကို မင်းကယူ "

" ကျွန်တော်တို့အဖွဲ့က ဒိုးပတ်တီးမယ်ဆရာ "

အရပ်ထောင်ထောင် မောင်းမောင်းနှင့် ချိုနိုင် က ဆိုပြန်သည်။ ချိုနိုင်၊ မင်းသူ၊ သန်းဇော်မြင့်နှင့် ဆွေလင်းတို့မှာ တကယ့်ကလေး ဒိုးပတ်ဝိုင်း။ ရွာထဲမှာ ဥပုသ်နေ့တိုင်း ဆွမ်းတော်ကြီး ခံလေ့ရှိသည်။ ဆွမ်းတော်ကြီးပွဲမှာ ကလေးဒိုးပတ်ဝိုင်းက မပါလျှင်မပြီး။ လူကြီး များမှာ မြသပိတ်ထမ်း၊ ဆုပေး၊ စာရင်းရေးတာဝန်။ ဒိုးပတ်ဝိုင်းမှာ ချိုနိုင်က ခေါင်းဆောင်။ လူကြီးများနှင့်မခြား တီးနိုင်သည်။ ဒိုးပတ် ဝိုင်းကို တစ်ရွာလုံးက အသိအမှတ် ပြုထားသည်။

" ဟုတ်တယ်ဟေ့။ ဒိုးပတ်ဝိုင်းကလေးနဲ့ဆို မြိုင်သွားပြီ။ ပြီး တော့ ရွှေရိုးအကကို ပူးတွဲလိုက်ယင် ဟန်ကျပန်ကျပေါ့။ ဒိုးပတ်နဲ့ ရွှေရိုးက ခွဲမရဘူး "

ဆရာကြီးဦးအုန်းဖေက ပြောပြလိုက်သည်။ နောက်ဆုံးဒိုးပတ် ဝိုင်းနှင့် ရွှေ့ခံယှဉ်ပြိုင်ဖို့ သဘောတူကြသည်။ အားလုံးက လိုလား နှစ်သက်ကြသည်။ အဆိုဝါသနာပါသူအတွက် ဒိုးပတ်သီချင်း ထည့် ကြရန် စိတ်ကူးမိသည်။ အဆင်ပြေ ချောမောသွားပါက ဆုတံဆိပ် တစ်ခုခု ရနိုင်မည်။ ဆုတံဆိပ် ရအောင်လည်း ဆရာ၊ ကျောင်းသား လက်တွဲရုန်းကြိုးစားရလိမ့်မည်သာ။

× × ×

ပြည်ထောင်စုနေ့ ပွဲတော် အကြိုည။

ပွဲခင်းတစ်ခုလုံး ရောင်စုံမီးများထိန်လင်းလျက်။ ပြခန်းအသီးသီးမှာလည်းကြည့်ရှုလေ့လာသူများဖြင့် စည်ကားသိုက်မြိုက်နေသည်။ ဈေးဆိုင်မှာလည်း လူတိုးမပေါက်နိုင်လောက်အောင် ဖြစ်နေသည်။ တင်ကုတ်ကြီးရွာမှ ကျောင်းသားတစ်စုလည်းမြင်သမျှကို ငေးမောကြည့်နေကြသည်။ ဤမျှကြီးမားသော ပွဲတော်မျိုးကို မကြုံဖူးသေး။ ရွာတွင် နှစ်စဉ်ကျင်းပသော ရွှေမုဋ္ဌောဘုရားပွဲတော်ထက် ပိုမိုစည်ကားလေသည်။ ဆရာများနှင့် အတူ ပြခန်းအသီးသီးတွင် လေ့လာပြီးပြီ။

ညွှန့်ခံဖျော်ဖြေရေး ဇာတ်ခုံကြီးမှာလည်း ဟိန်းထွက်နေသည်။ ညွှန့်ခံပွဲ အစီအစဉ်ကို ည ၇ နာရီမှ စတင်မည်။ ကျောင်းများအလှည့်ကျ ညွှန့်ခံယှဉ်ပြိုင်ရန် အချိန်နာရီနှင့် ကျောင်းအလိုက် အစီအစဉ်များဖြန့်ဝေထားပြီး ဖြစ်သည်။

တင်ကုတ်ကြီးကျောင်းညွှန့်ခံချိန်မှာ ၉ နာရီ တိတိ ဖြစ်သည်။ အချိန်ကောင်း ဖြစ်သည်။ စောလွန်းလျှင်လည်း ပရိသတ်မစုံသေး။ နောက်ကျလွန်းသော်လည်း အဆင်မပြေပါ။ တကယ့်လူစည်ချိန်တွင် ကျေးလက်ကျောင်း တစ်ကျောင်း၏ ဒိုးပတ်ဝိုင်းအစွမ်းကို ကင်ပြဖော်ထုတ်ခွင့် ရပေသည်။

ညွှန့်ခံပွဲ အစီအစဉ် စပြီ။

ပထမအစီအစဉ်မှာ ကန့်ဘလူအထက်တန်းကျောင်း၏ အစီအစဉ်။ ခေတ်ပေါ် တီးဝိုင်းနှင့် ညွှန့်ခံမည်။ အဝတ် အစား များကလည်း အသစ် စက်စက်။ ကျောင်းသား၊ ကျောင်းသူ များကလည်း မြူးမြူးကြွကြွ ဖြစ်နေသည်။ တချို့မှာ ဘောင်းဘီအရှည် အင်္ကျီ လက်ပွကားကား၊ ပန်းကုံးတဖွားဖွားနှင့် သီဆို ညွှန့်ခံ သွားသည်။ ပရိသတ်သဘောကျသည့် ကျောင်း ဖြစ်သည်။ တီးဝိုင်းမှ ဒရမ်၊ ဂီတာ၊ အော်ဂင် စသည်တို့၏ အသံသည် မြူး၍ လူး၍ ထွက်ပေါ်နေသည်။ ထိုအသံများသည် တင်ကုတ်ကြီးရွာမှ ကျောင်းသားများကို ခြောက်လှန့်နေသည်။ တချို့ မှာ ရင်ခုန်လျက်ပင်။ ညွှန့်ခံဖို့ မဝံ့မရဲ ဖြစ်လာသည်။ ပရိသတ်က အားပေးပါ့မလား ရယ်နှင့်။

"ဟေ့.... ချိုနိုင် တို့အဖွဲ့ ဟုတ်ပါ့မလား"

ကျော်ဇင်က စိုးရိမ်သံကလေးနှင့် မေးသည်။

" ဘာမဟုတ် ရမှာလဲကွ။ မင်းသာ အကကောင်း စမ်းပါ။ တို့ဒိုးပတ်ဝိုင်းအဖွဲ့ကတော့ အလျှော့မပေးဘူး။ သီချင်းဆိုမယ့် ခိုင်အေး ကိုတော့ စိတ်ချတယ်ကွာ "

ထိုအချိန်တွင် ဆရာဦးသိန်းထွန်းရောက်လာသည်။ တပည့်များကို အားပေးနေသည်။ အစီအစဉ်ကိုလည်း သေချာတိကျအောင် နောက်ဆုံးပြောပြသည်။ အားငယ်စိတ်၊ ကြောက်ရွံ့စိတ်မရှိရန် အား ပေးတိုက်တွန်းသည်။ ချိုနိုင်တို့ အဖွဲ့သားအားလုံး တက်ကြွလာသည်။ စိတ်ပေါ့ပါးဖျတ်လတ်သွားပြီ။ ဧည့်ခံရန် အဆင်သင့်။

ဟော.... ဘာသံပါလိမ့်။

"ကြွရောက်လာကြတဲ့ ပြည်သူမိဘများရှင်.... ကာဘိုး အလယ် တန်းကျောင်းရဲ့ ဧည့်ခံမှုအစီအစဉ် ပြီးဆုံးပြန်တော့ ယခုတစ်ဖန် တင်ကုတ်ကြီးမူလတန်းကျောင်းရဲ့ ဧည့်ခံမှုအစီအစဉ် ကျရောက်လာပါ ပြီရှင်...."

ပြည်ဖုံးကားကြီး ပွင့်သွားပြီ။

ဒိုးပတ်ဝိုင်းအဖွဲ့ ထင်းထင်းကြီး ပေါ်ထွက်လာသည်။

"ဝါး.... ဟား.... ဟား.... ဟား...."

ရောမရယ်မောသံကြီး ပွဲတင်ထပ်သွားသည်။ ထိုရယ်သံကြီးသည် လှောင်ပြောင်သံလော၊ အားပေးသံလော မဆုံးဖြတ်နိုင်။

ဒိုးပတ်တစ်ဖွဲ့လုံး ပရိသတ်ကို ဂါရဝပြုကြသည်။

ရှေ့ရိုးမင်းသားမှလွဲ၍ ကျန်လူအားလုံး တူညီကျောင်းဝတ်စုံနှင့်။ မရိုးနိုင်သော အဆန်းဆုံး အဝတ်အစား။ ရှေ့ရိုးမှာကား ပုဆိုးကွက်ကျဲ၊ အင်္ကျီအဖြူ၊ တိုက်ပုံအနက်၊ ပဝါဖြူဆွတ်ဆွတ်နှင့် ကြည်ပြာရောင် ပုသိမ်ထီးကလေး။ အမြင်ကယဉ်လှသည်။ သို့သော် နှုတ်ခမ်းမွေးကား ခပ်ထောင်ထောင်။ ပို၍ခန့်သွားသည်။

ဒိုးပတ်ဝိုင်းအဖွဲ့ ပုံမှန်တီးလေပြီ။ ရှေ့ရိုးကအိအိညက်ညက်ကလေး ကနေသည်။ ခြေဆစ်လက်ဆစ် ကျိုးအောင်ကနိုင်သော ကျော်ဇင်

ပါကလား။ ဒိုးပတ်ဝိုင်းစစ်စစ်၏ အရသာကို ခံစားနေကြသောပရိသတ်ကား မလှုပ်။ လှိုင်းမရှိသော ပင်လယ်ပြင်ကြီးလို ငြိမ်သက်လျက်။

"မြဒိုးဟေ့"

"ဒါမှ မြန်မာဆန်တာကွ"

ပရိသတ်ထဲမှ အသံကြီးနှစ်သံက ရွှေဆင့်နှောက်ဆင့် ထွက်ပေါ်လာသည်။ အားပေးဂုဏ်ပြုသောအသံ။

"တို့နိုင်ငံတည်ထောင်ပြု
ပြည်ထောင်စု ပွဲတော်ဆီ၊
ရည်ဆောင်ပြုံ နွဲ့ပျော်မည်လေ
တွဲခေါ် ညီ စည်းလုံး၊
တိုင်းရင်းသား ဖော်သဟာရယ်
ပျော်စရာ သဲခြိမ့်ခြိမ့်အုန်း...."

ဗုံထောက်သံက ကျက်သရေရှိလှသည်။

ခိုင်အေး၏ ကြည်လင်ပီသသော ဗုံထောက်သံကို ပရိသတ်က နှစ်သက်သည်။ ဒိုးပတ်ဝိုင်းက သွက်လက်ထက်မြက်စွာ တီးပြန်သည်။ အကမှာ အမူအရာတွင် အပြစ်ဆိုနိုင်စရာမမြင်။

တစ်ကျော့ပြီးတစ်ကျော့ နှော့ကာနှော့ကာ တီးနေသည်။ အဆိုက ယဉ်လှ၊ အကမှာ မငြီး၊ အတီးက သိမ့်သိမ့်တုန်နေသည်။

လက်ခုပ်သံများကား ပွဲခင်းတစ်ခုလုံး လွှမ်းမိုးသွားသည်။ ဒိုးပတ်ဝိုင်း အရသာကို ပြည့်ပြည့်ဝဝ ခံစားမိကြပြီ။

"ထပ်တီးပါဗျို့"

"ဟုတ်ပါတယ် တီးပြပါဦး"

ပွဲတောင်းနေသေးသည်။ သို့သော် အချိန်က ကုန်သွားပြီ။ ပြည်ဖုံးကားကြီးပင် ချထားလိုက်လေပြီတကား။

"ဒါမှ ဆရာတပည့်တွေကွ။ အားလုံးကိုကျေနပ်တယ်"

ဦးသိန်းထွန်းသည် တပည့်များကို ချီးကျူးနေသည်။ အားလုံးအပြုံးတဝေဝေ။ ဆောင်းရာသီပင်ဖြစ်သော်လည်း ဒိုးပတ်အဖွဲ့မှာ ချွေးတွေဥလှုက်။ ကြိုးစားထားခြင်းကို တွေ့ရသည်။

နောက်အစီအစဉ်များရှိသေးသည်။

စျေးတန်းသွားပြီး အကြော်စားကြသည်။ အကြော်စားရင်း အခြားကျောင်းများ၏ ညှော်ခံမှုကို ကြည့်ကြသည်။ ဦးသိန်းထွန်းကို အခြားကျောင်းမှ ဆရာများကချီးကျူးကြသည်။

ညဉ့်အတော်နက်နေပြီ။ ညှော်ခံပွဲလည်း ပြီးဆုံးသွားသည်။ ဘင်ကုတ်ကြီးရွာ ဒိုးပတ်ဝိုင်း ပထမဆုရသည်။ အားလုံးပျော်ကြသည်။ မြန်မာဆန်သော ဒိုးပတ်ဝိုင်းကလေး ဆုရသည်ကို ပရိသတ်က ကျေနပ်သည်။

ဒိုးပတ်ဝိုင်းကလေးသည် ယဉ်ကျေးသည် ပကာသနမရှိ။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းသည်လည်း ဖြစ်သည်။အားလုံးက မြတ်နိုးဘွယ်တာကြရမည်။

ပရိသတ်က လက်ခံနေသည်။ ဒိုးပတ်ဝိုင်းကလေး၏ အောင်ပွဲသည် မြန်မာ့အောင်ပွဲလည်းဖြစ်သည်။ ။

# ၉။ ကျားဆိုးအန္တရာယ်

စံပယ်နွံသာရွာ။

ချစ်စရာ ရွာကလေး တစ်ရွာ ဖြစ်သည်။ အမည်ကလေးက လှသလောက် ရွာကလေးကလည်း အလွန်လှသည်။ ဝါးတောကြီးက ရွာကိုပတ်လည်ဝိုင်းထားသည်။ အင်ကြင်း၊ သစ်ရာ၊ ပိတောက်၊ အင်ပင်တို့က အုပ်ဆိုင်းယှက်မိုးထားသည်။ ရွာအနီး ချောင်းကလေးမှာလည်း စီးရေက တသွင်သွင်။ အရှေ့ဘက်မှာကား မားမားမတ်မတ်မင်းဝံတောင်တန်းကြီး။ တောင်နှင့်မြောက် သွယ်တန်းနေသည်။ ရွာအတွင်းမှာ စားပင်မျိုးစုံက စိမ်းစိမ်းဝေနေသည်။ ရွာဦး ဝေဠုဝန်ကျောင်းမှ ဆည်းလည်းသံက နားဝင်ချိုလှသည်။ သို့သော် တောခေါင်ခေါင် ချောင်ကျလွန်းသော ရွာကလေးပါ။

ရွာကလေးလှသလို ရွာသူရွာသားများ၏ စိတ်သဘောထားမှာ ဖြူစင်သည်။ ဖော်ရွေတတ်သည်။ စည်းလုံးညီညွတ်မှုရှိသည်။ တစ်ဦးနှင့်တစ်ဦးရိုင်းပင်းကူညီတတ်သည်။ လာသမျှဧည့်သည်များကို မငြိုမငြင်။ ဧည့်ပြန်သော် လက်ဆောင်တွေက တစ်နင့်တစ်ပိုးပင်။ ရန်ဖြစ်ဆူပူမှုဟူ၍မရှိ။ ပြဿနာဟူ၍မရှိ။ စံပယ်နွံသာရွာအတွက် တရားရုံးမလို။

ထို့ကြောင့်ရောက်ဖူးသူတိုင်းက တသသ လွမ်းရသည်။ မပြန်ချင်။ နောက်တစ်ခေါက်လာချင်စိတ်က ပြင်းပြကြရသည်။ ထိုကောင်းဂုဏ်ကို တစ်ရွာလုံးက ထိန်းသိမ်းထားကြသည်။ မြတ်နိုးကြသည်။

ဤမျှသာယာအေးချမ်းနေသော ရွာကလေး၏ အလှကို ဖျက်ဆီးနေသူ ရှိနေသေးသည်။

ထိုသူမှာကား ။

× × × ×

"ကိုတင်ထွန်း၏ ကျွဲကို ကျားဆွဲသွားတာတဲ့"
"ကျားဟုတ်ရဲ့လား။ ကျွဲသူခိုးများလား"
"တို့ရွာကို ကျားမလာဘူးနော်"
"ကျားခြေရာက သက်သေပြနေပြီလေ"

ရွာသားများ တုန်လှုပ်ချောက်ချားသွားသည်။ စံပယ်နံ့သာရွာသည် တောကျသော်လည်း ကျားမရှိခဲ့ပါ။ မည်သည့် အခါမှ ကျားဟိန်းသံကိုမကြားရ။ ကျားအန္တရာယ်ကို တစ်ခါမျှရင်မဆိုင်ခဲ့ရ။ ကျားကို ရင်ဆိုင်ကြရန် တိုင်ပင်ကြသည်။ ရွာထဲမှ အသက်ကြီးသော ဘကြီးချွန်၊ ဖိုးလေးအံ့တို့ကတော့ အတွေ့အကြုံရှိသည်။

ထိုလူကြီးများ၏ အစီအမံကို နာယူကြရမည်။ အကြံအစည်ကို အကောင်အထည်ဖော်ကြရမည်သာ။

ဘကြီးချွန်အိမ်ခြံထဲမှာ ရွာသားများ စုဝေးနေသည်။ ကလေးများလည်း ရောက်နေသည်။

"ကျားကတော့ လမ်းပေါက်ယင် လာနေဦးမှာပဲ။ ဒီညကစပြီး သတိထားကြ။ ရွာစည်းတွေ လုံခြုံအောင်လုပ်ထား။ ဝါးတွေခုတ်ရမယ်။ ဝါးတွေကို မီးရှို့ထားရမယ်။ ဝါးပေါက်သံနဲ့ အလင်းရောင်ကို ကျားကြောက်တယ်"

ဘကြီးချွန်က ပြောပြသည်။ တချို့က ကြောက်နေသည်။ တချို့မှာ ပျော်နေသည်။ ပျော်နေသူများတွင် ကလေးများ ပါဝင်သည်။ ကလေးများပျော်နေခြင်းမှာ ဝါးပေါက်သံကို နားထောင်ရန်ဖြစ်သည်။ ပြီးတော့ ကျားကိုမြင်ဖူးလိုခြင်း ဖြစ်ပါသည်။

"ကလေးတွေ သတိထားနော်။ အိမ်ပေါ်မှာနေကြ။ ကျားစာဖြစ်သွားမယ်"

ဖိုးလေးအံ့၏စကား ကလေးများကြောက်လန့်သွားသည်။ မကြာမီက ပျော်ရွှင်သောစိတ်များ လွင့်စဉ်သွားသည်။

"ဒီလိုရှိတယ် ကိုရင်အံ့ရဲ့။ ကလေးတွေကိုလဲ တာဝန်ပေးရမယ်။ ဝါးမီးရှို့တာနဲ့ တုံးခေါက်တာကို သူတို့ကိုခိုင်းရမယ်။ ကျုပ်ခြံထဲမှာ နေကြပါစေ။ ကျုပ်ခြံကလုံခြုံတယ် မဟုတ်လား"

"ခင်ဗျားအစီအစဉ် ကောင်းပါတယ်လေ"

"ဟေ့ ကလေးတွေ မင်းတို့တာဝန် ယူနိုင်ရဲလား။ မင်းတို့အိမ်မှာ ရှိတဲ့ကျွဲချိုတို့ တုံးတို့ကို ယူခဲ့ကြကွာ"

ကလေးများ ဝမ်းသာသွားသည်။ ကျွား သောင်း ကျန်း မှု ကို တစ်တပ်တစ်အား ပါဝင်နိုင်ပြီ။ ရွာသားများနှင့်အတူ ရွာအတွက် အကျိုးပြုနိုင်မည် မဟုတ်ပါလား။

ထိုနေ့ တစ်နေ့လုံး ရွာသားများ အလုပ်များနေသည်။ ရွာစည်း ဆင့်သူကဆင့်၊ ဝါးချွန်သူကချွန်၊ လှံသွေးသူကသွေးနှင့် နိုးကြားနေသည်။အိမ်ရှင်မများက ထမင်းစောစောချက်ကြသည်။ နွားကျောင်းသားများက ကျွဲနွားစောစောသွင်းသည်။ တစ်ရွာလုံး သတိအပြည့်။

× × × ×

ညိုမြင့်၊ ဒေါင်းရွှေ၊ မြသန်းတို့ ကလေးတစ်သိုက်သည် စိတ်လှုပ်ရှားလျက်ရှိသည်။ ကျွားမကပ်နိုင်စေရန် တုံးခေါက်ခြင်း၊ ဝါးမီးရှို့ခြင်းများကို လုပ်ကိုင်ကြရမည်။ တမင်းစောစောစားပြီး ဘကြီးချွန်တို့အိမ်သို့ ရောက်လာကြသည်။ စုံစုပေါင်းကလေး ၁၇ ယောက်ရှိသည်။ မီးကို စတင်မွေးထားပြီ။ ဝါးတွေကအဆင်သင့်။ တုံးနှင့် ကျွဲချိုတို့ကိုလည်း စီစဉ်ပြီးသား။

ည ၁၁ နာရီထိုးပြီ။

တုံးခေါက်သံ၊ ကျွဲချိုမှုတ်သံ၊ ဝါးပေါက်သံတို့သာ ကြားနေရသည်။ ကျွားဆိုး၏ အရိပ်အရောင်ကို မမြင်ရ။ ကလေးများမအိပ်ချင်ကြပါ။ ဘကြီးချွန်၊ ဖိုးလေးအံ့တို့က သတိ၊သတ္တိ၊ ရင်ဆိုင်ယှဉ်ပြိုင်သော စိတ်များကို ပြောပြသည်။

"အဘိုး ကျွား လာယင် ကျွန်တော်တို့ထွက်ပြီး လိုက်ချင်တယ်"

အသားမည်းမည်းနှင့် ညိုမြင့်က ခွင့်တောင်းသည်။

"သတ္တိကိုတော့ ချီးကျူးပါတယ်။ မင်းတို့ကြီးပြင်းလာမှ ရင်ဆိုင်ကြပါ။ အရွယ်ငယ်သေးတယ် ငါ့မြေးတို့"

ကလေးအားလုံး စိတ်ဝင်စားနေသည်။ အားလုံးနားထောင်နေကြသည်။ တိတ်ဆိတ်ငြိမ်သက်လျက်။

လဲဆုတ်ရက်ပိုင်း လသည်ပင် အတော်မြင့်နေပြီ။ ကျားလာဟန်မရှိသေး။ သို့သော် တုံးခေါက်၊ ဝါးပေါက်သံတို့ကား ပုံမှန်ထွက်ပေါ်နေသည်။ ညီညွတ် နီးကြားသော စပယ်နံ့သာလူထု၏ စွမ်းအားကို ကြောက်ရွံ့နေသလော မပြောတတ်။

သို့သော် ထိုညကား ကျားမလာပါ။

ကလေးတို့၏ဆန္ဒမပြည့်ဝခဲ့။ ခြောက်ရက်မြောက်သောနေ့။

× × × ×

ချောင်းထဲမှာ ကျားခြေရာတွေ့သောနေ့။

ကျားခြေရာများသည် ချောင်းထဲမှ အရှေ့ဘက် မင်းဝံတောင်တန်းဆီ ဦးတည်သွားထားသည်။ ရွာအနီးသို့ လာပြီးစူးစမ်းထားခြင်း ဖြစ်မည်။ ကြားဆိုးအန္တရာယ် ရှိလာနိုင်သည်။

ညနေ ထမင်းအိုးတည်ချိန်။

"ဘိုးကောက်ကြီး ဆိတ်တစ်ကောင် သေနေတာတဲ့။ သွေးတွေ ရဲနေပြီး ဒဏ်ရာကြီးနဲ့တဲ့"

"ကျားကိုက်တာများလား"

"ကျားကိုက်တာဆိုယင် စားမှာပေါ့"

သတင်းတွေပျံ့သွားသည်။ ထင်မြင်ချက်က အမျိုးမျိုး။

ဘကြီးချွန်သည် ဘိုးကောက်ကြီးကို ခေါ်တွေ့သည်။ ဘိုးကောက်ကြီး ပြောပြချက်အရ ဖြစ်ရပ်မှန်ကို တွက်ဆရသည်။

ဖြစ်ပုံမှာသည်လို ဘိုးကောက်ကြီးသည် ဆိတ်အုပ်ကိုလွှတ်ပြီး ပြန်လာသည်။ ပြန်လာပြီးရွာထဲအရောက် ဝါးပေါက်သံတွေ ကြားရသည်။ မကြာမီဆိတ်အုပ်ရှိရာသို့ ပြန်သွားသည်။ သေနေသောဆိတ်ကို တွေ့ရသည်။ ဆက်စပ်ကြည့်သော် ကျားသည် ဆိတ်ကို ကိုက်သည်။

ကိုက်ပြီးချိန်တွင် ဝါးပေါက်သံများကြောင့် လန့်ပြီး ထွက်ပြေးသွားဟန်ရှိသည်။ ထိုဝါးများကို မီးရှို့သူမှာ ညိုမြင့်တို့ကလေးများ ဖြစ်သည်။

သည်အတိုင်းဆိုပါက ကျွားဆိုးအန္တရာယ် နီးလာပြီ။ အတင့်ရဲလာပြန်သည်။ ကျွားကို ရင်ဆိုင်ရတော့မည်။ အားလုံးသတိထားကြရန် အသင့်ဖြစ်နေသည်။

သတိသည် အပိုဟူ၍မရှိ။

× × × ×

နေအတော်စောင်းသွားပြီ။

ညစဉ်တာဝန်ကို တစ်ရွာလုံး မမေ့ကြ။ ယနေ့ညပို၍ သတိထားရမည်။ စောစောကင်းစောင့်ရမည်။

ညိုမြင့်၊ ဒေါင်းရွှေ၊ မြသန်းတို့ ကလေးတစ်သိုက်လည်း တစည်းတလုံးတွေ့နိုင်သည်။ မီးဖိုကြီးက အဆင်သင့်။ ဝေဠုဝန်ကျောင်းမှ မေတ္တာပို့ အမျှဝေသော ကြေးစည်သံက သာယာလှသည်။

အလင်းရောင်မရှိတော့။ အမှောင်ထုက သိပ် သည်း ကြီး စိုး နေသည်။ သို့သော် အိမ်တိုင်းမှာ မီးဖိုကိုယ်စီနှင့်။

"ဝေါ"

"ဝုတ်........ဝုတ်........"

အသံကျယ်လွန်းသော တိုးဝှေ့သံနှင့်အတူ ခွေးဟောင်သံကညံ့နေသည်။ ထိုမှတစ်ဆင့် တစ်ရွာလုံးရှိ နွားအော်သံ၊ ခွေးဟောင်သံက အဆက်မပြတ်။ အခြေအနေက အတိအကျမသိရ။

"ရွာထဲကိုကျွားဝင်နေပြီဗျို့။ သတိထားကြ။ မြောက်ပိုင်းကစပြီးဝင်နေတာ"

ရွာသားတစ်ယောက်၏ အသံ။ ကြောက်စရာ အကောင်းသား။ ဝါးပေါက်သံတို့ကား ပွက်လောရိုက်နေသည်။

"ဝိုင်းဟေ့၊ လိုက်ဟ"

ရွာသားများ၏ ညာသံကြီးက ဟိန်းသွားသည်။ ရွာအနောက်ပိုင်းဆီမှဖြစ်သည်။

"အောင်ပြီဟေ့၊ အောင်ပြီကွ"

ကျားသည် ရွာအနောက်ပေါက်ရှိ ကျင်းထဲသို့ ထိုးကျသွားသည်။ ကျားမလာနိုင်အောင် တူးထားသောကျင်းထဲသို့ အမှတ်မထင်ကျသွားခြင်းသာ။ အပေါ်စီးမှနေ၍ ဓားများ၊ လှံများ၊ ဝါးချွန်များဒဏ်ကြောင့် ကျားသေဆုံးသွားလေပြီ။

ကျားသေကို လှည်းပေါ်တင်ပြီး ယူလာသည်။ တစ်လှည့်စီကြည့်ကြသည်။ ကျားမမြင်ဖူးသူတွေက အများအပြား။ မီးရောင်အောက်တွင် ကြိတ်ကြိတ်တိုး စည်လှသည်။

"ဒီကျားကို အနိုင်ရတာ စည်းလုံးညီညွတ်မှုကြောင့်ပဲ။ ကလေးလူကြီး တာဝန်ကိုယ်စီ ပါဝင်ကြလို့ပေါ့။ ကလေးတွေကို အခုလို ညီညွတ်မှုရဲ့အဖြေကို ပေးလိုက်ရတာ အမြတ်ပါ"

ဘကြီးချွန်သည် လူအုပ်ကြီးကြားမှ စကား ပြော နေသည်။ ကျေနပ်အားရသော အသံနှင့်။

ညိုမြင့်၊ ဒေါင်းရွှေ၊ မြသန်းတို့ ကလေးများလည်း ကျားသေကို ကြည့်နေကြသည်။ ကျားဆိုးအန္တရာယ်နှိမ်နင်းရေးတွင် ပါဝင်ရသဖြင့် ဂုဏ်ယူသော မျက်နှာများနှင့်။ နီးကြားတက်ကြွသော ဟန်အမူအရာက သိသာလှသည်။ မိမိတို့ကလေးများ၏ စွမ်းအားကိုလည်း ပြသခွင့်ရသည်။ ရွာအတွက် အကျိုးပြုလိုက်ရသဖြင့် ပျော်နေကြသည်။

ရွာတိုင်းရွာတိုင်းရှိ ကလေးများသည် စံပယ် နံ့သာရွာမှကလေးများကဲ့သို့ တာဝန်သိပါက နိုင်ငံအတွက် အကျိုး ကျေး ဇူးများစွာ ရှိပါလိမ့်မည်။ ။

# ၁၀။ ကျောင်းရန်ပုံငွေ

လွန်ခဲ့သောနှစ်က မိုးအလွန်ကောင်းပါသည်။

မရွာစဖူး မိုးရွာခဲ့ပါသည်။ မိုးသုံးရက်ဆက်တိုက် သည်းသည်းထန်ထန် ရွာခဲ့ပါသည်။ လယ်ရေ၊ ကန်ရေ လျှံထွက်သွားသည်။

ထိုမိုးကြောင့် မူးမြစ်ရေအလွန်ကြီးခဲ့သည်။

မူးမြစ်ရေကြီးသောကြောင့် ဗျက်ကြီးရွာကလေး ရေနစ်ခဲ့သည်။ စိုက်ပျိုးထားသော ယာခင်းအားလုံး ရေနစ်သဖြင့် ပျက်စီးခဲ့သည်။ တန်ဖိုးအားဖြင့် သိန်းချီ၍ဆုံးရှုံးရသည်။

မူးမြစ်ရေကြီးသောကြောင့် မူးမြစ်ကိုစိတ်နာကြသည်။ ဒုက္ခပေးသောမူးမြစ်၊ ဆင်းရဲဒုက္ခခတ်သော မူးမြစ်ဟု အထင်မှားကြသည်။

မူးမြစ်သည် ဒုက္ခမပေးပါ။

မူးမြစ်ကြောင့် နွားချောချော ဆန်ပေါပေါနှင့် သုံးမကုန်အောင် ဝင်ငွေရခဲ့သည်။ တစ်ရွာလုံး ကက်ဆက်သံညံခဲ့ပြီ။ အလှူအတန်း ခြိမ့်ခြိမ့်သဲခဲ့ပြီ။ အိမ်ကြီး ရခိုင်ကြီးနှင့် နေထိုင်ခဲ့ပြီ။

ထိုကျေးဇူးကို မမေ့ကောင်း။

ရေကြီးလာကာမှ မူးမြစ်ကိုအပြစ်ဆိုလာသည်။ လူအကြိုက်ကို မူးမလိုက်နိုင်ခဲ့။

"မူးမြစ်ကြောင့် အရှုံးဖြစ်ပြီဟေ့"

ကိုထွန်းကြိုင်က ဆိုသည်။ မြေပဲစိုက်ကေ ခုနစ်ဧကေ ရေထဲပါသွားသောကိုထွန်းကြိုင်။ မူးမြစ်ကို မကြည့်ချင်သောစိတ်က တစ်ရွာလုံးတွင် ဖုံးလွှမ်းနေသည်။

× × × ×

မှုံးမြစ်ရေ တဖြည်းဖြည်းကျလေပြီ။

သဲသောင်ခုံများ ပေါ်နေသည်။ ဟင်္သာငှက်များပင် ပျော်မြူး နေပြီ။ သဲသောင်ပေါ်လာပါက ပြန်လည်စိုက်ပျိုးရန် စီစဉ်ကြသည်။ မျိုးစေ့များ ရှာဖွေကြသည်။

ရေနစ်သွားသော ယာခင်းများတွင် ဗျက်ကြီးမူလတန်းကျောင်း ပိုင် ယာခင်းနှစ်ကေလည်းပါသည်။ ထိုယာခင်းကိုလည်း ပြန်လည် စိုက်ရန် ဆရာမကြီးက စိတ်ကူးရှိသည်။ သို့သော် လုပ်အားကအရေး ပါသည်။ ရွာကအခင်းများနှင့် စိုက်ပျိုးရန် တစ်ချိန်တည်းဖြစ်နေ သည်။

ကျောင်းပိုင်ယာခင်းအတွက် မိဘများက မြေပဲမျိုးပေးသည်။ လုပ်အားအတွက် ဆရာမကြီးက တာဝန်ယူသည်။

ဆရာမကြီးသည် ကျောင်းအတွက် သံယောဇဉ်ကြီးသူဖြစ်သည်။ ကျောင်းရန်ပုံငွေ ရရှိရေးအတွက် အမြဲကြိုးစားနေသူ ဖြစ်ပါသည်။ ရွာကလည်း ဆရာမကြီးဆန္ဒကို အတတ်နိုင်ဆုံးကူညီပံ့ပိုးသည်။ ရွာအ တွက်သည်း ဆောင်ရွက်နေသူဖြစ်သည်။

"တပည့်တို့ကို ဆရာမပြောပြမယ်။ အခုမင်းတို့သိတဲ့အတိုင်း ကျောင်းပိုင်မြေပဲခင်း ရေနစ်သွားတယ်။ မြေပဲခင်းကို ပြန်စိုက်မယ်။ ရွာကလုပ်အားတော့ မရဘူး။ ဒီတော့ ပေါက်ပြားကိုယ်စီယူခဲ့ကြပါ။ အားလုံးပါဝင်လုပ်အားပေးယင် စိုက်နိုင်ပါတယ်"

ကျောင်းသားများက အံ့အားသင့်သွားသည်။ ထွန်ထယ်နွားနှင့် လုပ်ရသော ယာခင်းကို ပေါက်ပြားနှင့်လုပ်မည်ဟု ပြောသောကြောင့် ပင်။ မဖြစ်နိုင်ဟု ထင်မိကြသည်။ သို့သော် ဆရာမစကားကို နား ထောင်ရမည်ဖြစ်သည်။

"မှုံးမြစ်ကြောင့် တို့တစ်တွေ ဒုက္ခဖြစ်ရတာပေါ့ကွာ"

သိန်းဇော်ကပြောသည်။

"မင်းကမှုံးမြစ်ကို အပြစ်မဆိုပါနဲ့ကွာ။ ဆရာမကြီးကပြောတယ်၊ သဘာဝအန္တရာယ်တဲ့၊ မှုံးမြစ်ကမဟုတ်ဘူးတဲ့"

စိုက်ပျိုးရန် တက်ကြွနေကြသည်။ အားသစ်မာန်သစ်နှင့် နိုးကြားနေသည်။

မူးမြစ်ဝှမ်းတွင် ပြန်လည်အလှဆင်တော့မည်။

မူးမြစ်အလှသည် ဗျက်ကြီးရွာ၏အလှသာဖြစ်သည်။ ဗျက်ကြီးရွာ၏အလှသည် လုပ်အားအလှဖြစ်သည်။

လုပ်အားအလှတွင် ကျောင်းသားများ၏ အလှသည် အလှဆုံးဖြစ်သည်။

× × × ×

ယာခင်းအားလုံးစိုက်ပြီးပြီ။

ကျောင်းပိုင်ယာခင်းမှာလည်း စိုက်ပြီးပြီ။

စိုက်ခင်းများကိုကြည့်၍ ဝမ်းသာနေသည်။ အပင်ပေါက်ကောင်းသည်။ အစကောင်းသည်ဟု ဆိုကြသည်။

"မူးမြစ်ကိုအထင်လွဲတဲ့ ထွန်းကြိုင်တောင် မူးမြစ်ကိုကျေးဇူးတင်နေတယ်"

"ကျေးဇူးတင်မှာပေါ့။ သူ့ယာခင်းက မြေညံ့နေတာပဲ။ အခုရေ ဂက်မှ နုန်းမြေတွေကြောင့် ကောင်းလာတာကွ"

ယာစောင့်တဲမှ ရေနွေးဝိုင်းတွင် ဆွေးနွေးနေကြသည်။

တစ်ရက်ပြီးတစ်ရက်။

ယာခင်းများ စိမ်း၍စိမ်း၍ တက်လာသည်။ ယာသမားအားလုံး ရွှင်ပြုံးနေကြသည်။ မျက်စိတစ်ဆုံး မြစ်လွင်ပြင်မှာ မြစိမ်းရောင်လွှမ်းနေသည်။ ယခင်နှစ်များက ယခုကဲ့သို့ မဖြစ်ထွန်းခဲ့။ နောက်ကျမှစိုက်ရသော်လည်း အစိုဓာတ်ကြောင့် အပင်ဖြစ်နှုန်းမြန်သည်။ အားရစရာ ကောင်းသည်။

မကြာမီ အကျိုးခံစားရတော့မည်။

သုံးလ ကျော်သော အချိန်။

သဲသောင်ပြင်မှာ စိုက်ခင်းများ အလှဆုံး အချိန် ဖြစ်သည်။

မြေပဲခင်း၊ ပြောင်းခင်း၊ စမုန်ခင်းများက အလှ ပြိုင် နေ သည်။ မြေနုကျွန်း၏ တန်ဖိုးကို နားလည်ရပြီ။ စိမ်းစို ရှင်သန်နေသောကျွန်း မြေနုထဲတွင် ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများကိုလည်း တွေ့မြင်နိုင်သည်။

"တပည့်တို့ လုပ်အား၊ မူးမြစ်ရဲ့ မြေဆီလွှာတွေကြောင့် အ ခု လို ဖြစ်တာပဲ မဟုတ်လား၊။ မူးမြစ် ရေတက်လို့ အားမ ငယ် တဲ့ စိတ် ဓာတ်က မြေပဲက သက်သေပြနေပြီလေ"

"ဒါဖြင့် မူးမြစ်ဟာ ကျွန်တော်တို့ အတွက် တန်ဖိုး ရှိတဲ့ မြစ် တစ်ခုပေါ့"

သိန်းဇော်က မေးသည်။

"မူးမြစ်ဟာ သဘာဝ အလျောက် ဖြစ်နေတာပဲ မဟုတ်လား။ ဒီမြစ်ကြောင့် ယာခင်းတွေ စိုက်လို့ရတယ်။ မြစ်ထဲက ငါးရတယ်။ လှေတွေ၊ ဖောင်တွေလဲ မျောချ သွားနိုင်တယ် ဆိုတော့ သဘာဝ အကူအညီ ရတာပေါ့ကွယ်"

ကျောင်းသားများ တစ်ချိန်က ရန်သူဟု ထင်ခဲ့သော မူး မြစ် မှာ တန်ဖိုးရှိနေသည်ဟု နားလည်ရသည်။

× × × ×

မြေပဲ ဖော်ရတော့မည်။

ကျောင်းပိုက်ရက်မှာ ဖော်မည်။ အားလုံးပါဝင်ရမည်။ ပျော်စရာ ကောင်းသည်။ ကျောင်းရန်ပုံငွေ ရတော့မည် မဟုတ်ပါလား။

ကျောင်းစိုက်ခင်းမှ မြေပဲ တင်း ၇၀ ကျော်ရသည်။ အ ခြား ယာသမားများလည်း ယခင်နှစ်ထက်ပို၍ အ ထွက် တိုး ခဲ့ သည်။

အထွက်တိုး ရခြင်းမှာ မြေနုများ ဖြစ်သွားသောကြောင့်ပင်။ မူးမြစ်၏ အကျိုးကို သိရလေပြီ။

ကျောင်း ရန်ပုံငွေများရပြီ။

ကျောင်းဆောင်သစ်ဆောက်ရန် အဆင်ပြေသွားသည်။

ကျောင်းသူ ကျောင်းသားများ၏ လုပ်အားကြောင့် ကျောင်းတစ်ဆောင် ဆောက်လုပ်နိုင်တော့မည်။ လုပ်အားဖြင့် အကျိုးပြုနိုင်ခဲ့သည်။ ဗျက်ကြီးရွာသည် မူးမြစ်၏ အလှ၊ လုပ် အား ၏ အ လှ၊ ကျောင်းဆောင်သစ်၏ အလှ၊ ကျောင်းသူ ကျောင်းသားများ၏ အလှများနှင့် ပြည့်စုံနေသည်။

လုပ်အားအလှသည် မည်သည့်အခါမျှ နွမ်းမည် မဟုတ်ပါ။ ။

# ၁၁။ လူတိုင်းအတွက် ကျန်းမာရေး

အဝေးက လှမ်း၍ ကြည့်လိုက်လျှင်ပင် ပျော်စရာကောင်း သော ရွာ တစ်ရွာ။ ရွာထဲဝင်ရောက်ကြည့်ပါက ပြန်ချင်စိတ်ပင်မရှိ။ သာ ယာလှသည်။ အိမ်ကွင်းများကိုလည်း စနစ်တကျ ကာရံထားသည်။ လမ်းများမှာ ဖြောင့်တန်း ညီညာလှသည်။ အိမ်ကြီး အိမ် ကောင်း များနှင့် စီးပွားရေး ဖွံ့ဖြိုးလှသည်။

ရွာကလေး အမည်က မိုးကြိုးရွာ။

"ရွာမှာ မိုးကြိုး၊ အိုးမှာ တန့်ဆည်" ဟု အကောင်းစံ ထား ရာ အကြား တစ်ခွန်း သတ်မှတ်ခံရသော မိုးကြိုးရွာ။

အများအားဖြင့် လယ်သမားများသာ ဖြစ်သည်။ ရွာ့ အရေး ဆိုလျှင် နိုးကြားသည်။ တွယ်ကပ် ရေသာခိုခြင်း မရှိ။ ရွာ၏ သာရေး နာရေး ကိစ္စများတွင် လူကြီး၊ ကလေး၊ ယောကျ်ား၊ မိန်းမ ကျရာ တာဝန်ကို မငြင်းတတ်။ လူမှုရေး စိတ်ဓာတ်က အများ စံနမူနာ ယူစရာ ကောင်းသည်။ အခြားရွာများကပင် အားကျ အတု ယူ နေရသည်။

ရွာမြောက်ဘက် ပညာရောင်ခြည်ကျောင်းတိုက်မှာလည်းစည်ကား လှသည်။ မြို့အဆင့် မီသည်ဟု ပြောကြသည်။ ဇရပ်၊ တန်ဆောင်း အန်၊ ကျောင်း၊ စေတီ တို့ကား ကြည်ညိုဖွယ်ရာ ဖြစ်နေသည်။

ရွာသူ ရွာသားများသည် အချင်းချင်း ညီအစ်ကို ပမာ ချစ်ခင် ကြသည်။ တစ်ယောက်အရေးကို တစ်ယောက်က ကူညီ တတ်သည်။ စာနာ ထောက်ထားတတ်သည်။

ထိုရွာမှ ကလေးများသည်လည်း လိမ္မာ ယဉ်ကျေး လှ သည်။ သိမ်မွေ့သော ကိုယ်၊ နှုတ် အမူအရာ များနှင့်သာ။ လူကြီးမိဘများ

ကို လေးစား ကိုင်းရှိုင်းတတ်သည်။ ရိုးရာမပျက် မြန်မာဆန် သော ကလေးများသာ။ ရွာအတွင်း မည်သည့် ပ စ္စည်း မျှ မ ပျောက် မပျက်ပါ။

မကောင်းသော ဖြစ်မှုဟူ၍ မရှိ။ ကုန်ကုန် ပြောရ လျှင် တော အရက်ပင် မချက်တတ်ကြ။ သောက်ရ ကောင်းမှန်း မသိ။

သို့သော် ကျန်းမာရေးမှာကား ချို့ချာလှသည်။

ရွာတွင်း အဖျားအနာ ထူသည်။

တစ်ယောက်ယောက်တော့ ဖျားနေ တတ်သည်။ တ ချို့ မှာ မိုးရာသီတွင် လယ်မလုပ်နိုင်။ လူငှား၍ ခိုင်းရသည်။ အသေအပျောက် လည်း များသည်။

ရွာထဲမှ လူကြီးတချို့က အယူသည်းသည်။

မကောင်းဆိုးရွားကပ်သည်ဟု ယူဆသည်။ ရွာ ပရိတ် အကြိမ်ကြိမ် ရွတ်ဖတ် နာယူကြသည်။ သံပုံး၊ လောင်းကွဲ၊ တုံး များ ခေါက် ၍ မကောင်းဆိုးဝါးများကို နှင်ထုတ်ကြသည်။

သံပုံးသာ ပိန်သွားသည်။ အဖျားအနာ မကင်း။ လောင်းကွဲသာ ပိုကွဲသွားသည်။ ရောဂါက ရှိနေဆဲ။ တုံးများသာ အက်သွားသည်။ ကျန်းမာရေးက ကောင်းမလာပါ။

နောက်ဆုံးတော့ ဦးမဲသောင်မှာ တ ရား ခံ ဖြစ် သွား သည်။ လွန်ခဲ့သော နှစ်က ဦးမဲသောင်သည် အုတ်ဖုတ် ရောင်း ချ ခဲ့ သူ ဖြစ် သည်။ အုတ်ဖုတ်သော မြေနေရာသည် နတ် ပင် ဟု ပြော သော ညောင်ပင်ကွက် ဖြစ်သည်။ ဦးမဲသောင်သည် ထို ညောင် ပင် ကို အုတ် ထင်းလုပ်သည်။ နတ်ကွင်း ဟု ခေါ် သော မြေကွက်မှ မြေကို အုတ်လုပ်သည်။ ထိုနတ်က ရွာကို စီးနေသည် ဟု ဆို ကြ သည်။ ဤနည်းဖြင့် ဦးမဲသောင် တရားခံ ဖြစ်ရသည်။

"ဟော့....ကျော်မြိုင် မင်းအဖေရှိသလား။ နတ် ကို စော် ကား လို့ တစ်ရွာလုံး ဒုက္ခဖြစ်ရတယ်"

ဦးမဲသောင်၏သား ကျော်မြိုင် ကို ဤ သို့ ပြော ကြ သည်။

ကျော်မြှိုင် နားမလည်ပါ။ နတ်ဆိုသော အမည်ကို ကြားရုံ မျှ နှင့် ကြောက် နေသည်။

တစ်နေ့က အဖြစ်အပျက်ကြောင့် ကျော်မြှိုင်ပို၍ ကြောက် မိသည်။ ထိုနေ့က ကျော်မြှိုင်၊ ဝင်းမြင့်၊ မောင်တူး တို့ သုံး ယောက် နွားကျောင်းသွားသည်။ နွားကျောင်း အပြန် ကျော်မြှိုင် ဗိုက်နာ လွန်းသဖြင့် အော်ငိုနေ ရသည်။ ရွာထဲကမူ နတ်ပင်ကို လှဲ၍ သား ဖြစ်သူကို နတ်တိုက်သည် ဟု ပြောကြသည်။ ကလေး များ အား လုံး နွားကျောင်း မထွက်ဝံ့ကြ။

အမှန်မှာ ထိုနေ့က ကျော်မြှိုင်တို့အဖွဲ့ ထန်းသီးချိုင်၍ စားခဲ့ ကြသည်။ အစားမက်သော ကျော်မြှိုင်မှာ ဗိုက်နာသွားရခြင်းဖြစ်သည်။ သို့သော် မည်သူကမျှ မသိခဲ့ကြ။

နတ်ကို ပို၍ ကြောက်ရွံလာကြသည်။

ကျေးလက်ရွာတစ်ရွာဖြစ်နေသဖြင့် ကြောက်စရာရှိလျှင်ပိုကြောက်ကြသည်။ လန့်စရာဆိုလျှင် လန့်ကြတော့သည်။

စာသင်ကျောင်းမှာ ကျောင်းသားပြည့်ပြည့်စုံစုံမလာပါ။ ထိုသို့ မလာခြင်းမှာ ကျောင်းသွားလမ်းတွင် အုတ်ဖုတ်ထားသော မြေကွက် အနီးမှ ဖြတ်သွားရမည်စိုး၍သာ။

ဆရာဦးမြတ်ကျော်သည် စိတ်ပျက်လျက်ရှိသည်။

စာမေးပွဲနီးနေသော်လည်း ကျောင်းသားများ ကျောင်းမတက်ကြ။ ဦးမြတ်ကျော်သည် စဉ်းစားမရ ဖြစ်နေသည်။ မည်သို့ဟောပြော ရမည် မသိ။

"တပည့်တို့ နတ်ကိုမြင်ဖူးသလား"

"မမြင်ဖူးဘူး ဆရာ"

"မမြင်ဖူးဘဲနဲ့ ဘာလို့ကြောက်နေရတာလဲ"

ဦးမြတ်ကျော်အမေးကို ကျောင်းသားများမဖြေနိုင်ကြ။ ဦးမြတ် ကျော်သည် ရွာ၏အခြေအနေကို အမြဲအကဲခတ်နေသူ ဖြစ်သည်။ ကျေးရွာလူထုကို ပညာပေးရန် စီစဉ်လိုက်သည်။

"ကဲ တပည့်တို့ ဒီနေ့ည ရွာလူကြီးအိမ်ကို တစ်အိမ်တစ်ယောက် လာရမယ်လို့ ဖိတ်ခဲ့ပါ။ မင်းတို့လည်းလာခဲ့ကြပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ညနေ ကျောင်းဆင်းသွားပြီ။

× × × ×

"ရွာသူရွာသားများခင်ဗျား။ ကျွန်တော်အခုလို ခေါ်ယူတွေ့ဆုံရတာကတော့ ရွာကျန်းမာရေးအတွက်ပါ။ ဒီရွာဟာအရင်က အဖျားအနာမရှိခဲ့ဘူးလို့သိရတယ်။ ပြီးခဲ့တဲ့နှစ်ကစပြီး အဖျားအနာတွေပေါ်လာတယ်။ အဲဒီလိုဖြစ်တာဟာ နတ်ကြောင့်လို့ထင်နေကြတယ်။ မဟုတ်ပါဘူး။ ဦးမဲသောင် အုတ်ဖုတ်တဲ့နေရာမှာကန်ကြီးလို နက်သွားတယ်။ အဲဒီမြေကျင်းထဲမှာ ရေတွေအောင်းနေတယ်။ ရေတွေအဟောင်း အသစ်မရှိဘဲ ဖြစ်နေတော့ ခြင်တွေပေါ်လာတယ်။ နောက်တစ်ခုပြောချင်တာက ဒီရွာမှာ အိမ်သာရယ်လို့မရှိဘူး။ တောထဲမှာပဲ ကိစ္စပြီးတော့ အုတ်ကျင်းသွားပြီး စုနေတယ်။ ခြင်တွေကကိုက်တော့ ဖျားကြနာကြတာပေါ့။ ယင်ကောင်တွေကလဲ ရောဂါပိုးတွေရတယ်။ အဲဒါကြောင့်ပါ။ နတ်ကိုက်တာမဟုတ်ပါဘူး။ အုတ်ကျင်းကိုမြေဖို့ အိမ်သာဆောက်ကြယင် မဖြစ်ပါဘူးခင်ဗျား"

"ဆရာကြီး ပြောတာကို လက်ခံပါတယ်"

ဦးမောင်ညွန့်က ထောက်ခံသည်။ ရွာပတ်ဝန်းကျင်မှာ ရေအိုင်ကြီးဖြစ်နေသည်ကို မလိုလားသူဖြစ်သည်။

"အဲဒီတော့ နက်ဖြန်ကစပြီး ရေအိုင်ဖြစ်နေတဲ့ အုတ်ကျင်းကို မြေဖို့ရမယ်။ တစ်အိမ်တစ်ယောက် လာရမယ်။ ကျွန်တော်ရော ကျောင်းသားတွေပါ လုပ်အားပေးမယ်။ နက်ဖြန် ကျောင်းလည်းပိတ်တယ်"

"ကောင်းပါတယ်။ နတ်ကို ယုံနေလို့မဖြစ်ဘူး။ အလုပ်နဲ့ သက်သေပြရမယ်။ ပြီးတော့အိမ်သာလဲတူးရမယ်"

လူအုပ်ထဲမှ ခေါင်းပေါင်းကြီးနှင့် ယောကျ်ားကြီးတစ်ယောက်က ပြောသည်။

လူထု ဆွေးနွေးပွဲ ပြီးသွားသည်။

လုပ်အားပေးပြီး အုတ်ကျင်းဖို့ရန်နှင့် အဖျားအနာပျောက်မည်ဆိုသည်ကို မယုံကြည်ချင်ကြ။ သို့သော် တစ်ရွာသား ဆရာကြီးကပင် ပါဝင်မည်ဆို၍ မလုပ်ဘဲမဖြစ်။

မယုံကြည်စိတ်နှင့် ဘဝင်မကျသူများ ရှိနေသေးသည်။

သာယာလှသောမိုးကြိုးရွာသည် ရောဂါပေါ်၍ မသာယာတော့ပါ။

× × × ×

အလင်းရောင်ကဖြာကျနေသည်။

နံနက်နေထွက်စအချိန်။

မိုးကြိုးရွာမှာ လုပ်အားပေးလူထုကြီးက ခြိမ့်ခြိမ့်သဲလျက်။ လူတိုင်းပါဝင်ကြသည်။

"ဟာ... ခြင်တွေကသိပ်ပေါတာကိုး။ သွားရင်း လာရင်းတောင်ကိုက်နေတယ်"

မြေဖို့ရာမှ ထွက်လာသောအသံ။

"ဒီအုတ်ကျင်းထဲမှာ ရေကမပြတ်တော့ ခြင်မွေးထားသလိုဖြစ်နေတယ်။ ညအချိန် မီးထွန်းရာကို လာတယ်။ အိမ်တိုင်းမီးထွန်းတော့အိမ်တိုင်း အကိုက်ခံရတယ်။ နွားရောလူရော ဒုက္ခဖြစ်ရတယ်။ ဒီခြင်တွေ မရှိယင် အဖျားအနာ ကင်းသွားမယ်"

ဆရာကြီးက ပြောပြသည်။

ဆရာကြီးနှင့်ကျောင်းသားများသည် ချုံများခုတ်ရာတွင် ပါဝင်ကူညီကြသည်။ အဝေးနေရာသို့ ဆွဲယူပို့ကြသည်။

"ဝင်းမြင့် မောသလား"

"မောလဲ လုပ်ရမှာပဲ။ တို့ရွာ ခြင်လဲကိုက်၊ ရောဂါလဲ ထူနေတာ မင်းအသိမဟုတ်လား"

မောင်ထူးက ပြောသည်။

"မင်း နတ်ဆိုတာယုံသလား"

ဆရာကြီးတောင် မယုံတော့ ငါလဲမယုံဘူး"

"ဒီတစ်ခါ သိရတော့မှာပါ။ ဒီအုတ်ကျင်းမြေဖို့ပြီးယင် အတိအကျ သိရတော့မယ်"

ဝင်းမြင့်၊ မောင်ထူး၊ ကျော်မှိုင်တို့ကလေးအဖွဲ့မှာ ပြောမိပြောရာ ကို စကားကောင်းနေသည်။

တစ်ယောက်တစ်လက် အားကြောင့် အုတ်ကျင်းကြီးမြေပို့သွား သည်။ သန့်ရှင်းသောနေရာ ဖြစ်သွားသည်။ ချုံနွယ်များကိုမီးရှို့ သည်။

လုပ်အားပေးပွဲကြီး ပြီးသွားသည်။

× × × ×

အိမ်သာများ တူးကြသည်။

တစ်အိမ်တူးတော့ နှစ်အိမ်တူးသည်။ တစ်ရပ်ကွက်လုပ်တော့ နှစ်ရပ်ကွက်လုပ်သည်။ အိမ်သာကို သုံးစွဲလာသည်။

တစ်စတစ်စ ကျန်းမာရေးကောင်းလာသည်။ ခြင်ကိုက်မှုလည်းနည်း ပါးလာသည်။ အဖျားအနာလည်းနည်းသွားသည်။

"နတ်ကိုက်လို့ ရွာမှာရောဂါပေါတာမဟုတ်နိုင်ဘူးနော်"

အုတ်ကျင်းလဲဖို့လိုက်ရော သိသိသာသာပြောင်းလာတယ်။ နတ်ဆို တာ မယုံချင်တော့ဘူး"

ရွာထဲရှိ လူကြီးများ ရေနွေးဝိုင်းမှ စကားသံထွက်လာသည်။ အဖြစ် မှန်ကိုသံသယဂ်လာသည်။ ဝေဖန်စဉ်းစားလာကြပြီ။ ထိုအသံများကို ဆရာကြီးကြားသည်။ ဝမ်းသာရသည်။

အဖျားရောဂါ၊ ယားနာရောဂါ၊ ဝမ်းရောဂါများ တဖြည်းဖြည်း နည်းသွားသည်။ ရွာကလေးသာယာသလို ကျန်းမာရေးလည်း ကောင်းလာသည်။

"တရားခံဘဝက လွတ်ပြီပေါ့"

ဦးမဲသောင်က ဝမ်းသာအားရပြောသည်။ သူ့ကိုနတ်ပင်လှဲသဖြင့် တရားခံအဖြစ် စွပ်စွဲထားသည်။ ယခုအချိန်မှာ နတ်စကားကို မပြောကြတော့။

ဆရာကြီးနှင့် ကျောင်းသား ကျောင်းသူများလည်း ဝမ်းသာကြသည်။ ကျောင်းမှန်မှန်တက်နိုင်ကြသည်။ ကျောင်းမှန်မှန်တက်နိုင်ကြသဖြင့် စာကိုအချိန်မှန်သင်နိုင်မည်။

ဆရာကြီး ဦးမြတ်ကျော်သည် ကျန်းမာရေး အသိပညာများကို ဟောပြောနေဘည်။

တပည့်များက နားထောင်နေသည်။ စိတ်ဝင်စားမှုအပြည့်။

"တို့ကျေးရွာလေးဟာ အခုဆို ပျော်စရာကောင်းလာပြီ။ ကျန်းမာလာကြပြီ။ နတ်ကြောင့်ဆိုပြီး ကြောက်ရွံ့နေကြလို့ ဒုက္ခရောက်ရတယ်။ ပတ်ဝန်းကျင်သန့်ရှင်းနေမှ ကျန်းမာရေးကောင်းမယ်။ မင်းတို့ ကြီးပြင်းလာသင် ကျန်းမာရေးအတွက် ရွာ့ခေါင်းဆောင်တွေ ဖြစ်ရမယ်"

ကလေးများသည် ပညာရေးသာမက ကျန်းမာရေးလည်း အရေးကြီးကြောင်း သိရှိနားလည်သွားကြပြီ။ ။

# ၁၂။ အားကစားသမားဆိုသည်မှာ

ဖက်သန်းကုန်းရွာ၊ မူလတန်းကျောင်းတွင် ဘောလုံးပွဲရှိသည်။ ဖက်သန်းကုန်းရွာနှင့် ဒန်းပင်ရွာမှ ကျောင်းသားများ ချစ်ကြည်ရေး ကစားကြမည်။

ပွဲကြည့်ပရိသတ်က စုံစုံညီညီရောက်နေပြီ။

ရွာခံ ဖက်သန်းကုန်းလူထုက ပို၍များပြားနေပါသည်။ ရွာက လည်း အားပေးသည်။ ကျောင်းမှဆရာများကလည်း သွန်သင် ညွှန်ပြထားသည်။ ထို့ကြောင့် ဖက်သန်းကုန်း ကျောင်းသားအသင်း မှာ နာမည်ကြီးနေသည်။

နာမည်ကြီးသော ဖက်သန်းကုန်းအသင်း၏ ခြေစွမ်းကို ကြည့်လို ကြသည်။ အနီးပတ်ဝန်းကျင်ရွာများမှလည်း အကဲခတ်လာကြသည်။

အသင်းခေါင်းဆောင်မှာ ဖဲမောင်ဖြစ်သည်။

ဖဲမောင်သည် ရှေ့တန်းညာအတွင်းနေရာမှ ကစားရမည်။ အပြေး သန်သည်။ အမောခံနိုင်သည်။ ဘောလုံးကို လှလှပပကန်တတ်သည်။ စနစ်တကျ ထိမ်းသိမ်းသယ်ယူသွားနိုင်သည်။ ဖဲမောင်၏ခြေစွမ်းကို မြင်လိုသောပရိသတ်က မနည်းလှ။

ဖဲမောင်သည် စိတ်ဓာတ်မြူးကြွစွာဖြင့် သူ့အသင်းသားများကို ပြောဆိုလမ်းညွှန်နေသည်။ အသင်းသားအားလုံးက လိုက်နာတတ် သည်။ စည်းကမ်းလည်းကောင်းသည်။

ဒန်းပင်အသင်းမှာ စနစ်တကျ လေ့ကျင့်ထားသော အသင်း မဟုတ်။ သို့သော်လူညီ၍ သန်မာထွားကျိုင်းသည်။ တစ်ယောက် နှင့်တစ်ယောက် ထိန်းသိမ်းပေးတတ်သည်။ ခြုံ၍ဆိုရလျှင် အသင်း ကောင်းတစ်သင်းဟု ဆိုနိုင်ပါသည်။

"ရှီ"

ဘောလုံးပွဲစပြီ။

ပွဲအစမို့ မမောကြသေး။ နှစ်ဘက်စလုံး ကြိုးစားကြသည်။ ခြေကောင်းခြေစွမ်းကို ပြနိုင်သည်။ ပရိသတ် သဘောကျသည်။ သို့သော် ဂိုးမသွင်းနိုင်သေး။

ပထမပိုင်း ပြီးသွားသည်။

× × × ×

"ဖဲမော်ကွ.... ဖဲမော်ဟေ့"

"ပွဲကျော်တဲ့ ဖဲမော်ဟေ့"

ဒုတိယပိုင်းစသည်နှင့် အားပေးသံများက ဆူညံနေသည်။ ဒန်းပင် အသင်းမှာ ခံစစ်နှင့်ကစားနေရသည်။ တစ်ခါတစ်ရံ ထိုးဖောက် ကစားသည်။ ထိုးဖောက်ကစားရာတွင် တစ်သင်းလုံးတက်တတ်သဖြင့် ကြောက်စရာကောင်းသည်။

ဖက်သန်းကုန်းအသင်းသည် ခြေအသာနှင့် ကစားနိုင်သည်။ တစ်ဘက်အသင်းကို အထင်သေးထားသည်။ ဖက်သန်းကုန်းအသင်းကို ပရိသတ်က သဘောမကျ။ အေးတိအေးစက်နိုင်လှသည်။

"ဂိုး"

"ဒန်းပင်ကွ။ ကျွမ်းကျင်တဲ့ ဒန်းပင်ဟေ့"

ဒန်းပင်အသင်းမှ အမှတ်မထင်သွင်းလိုက်သောဂိုး။ ဖက်သန်း ကုန်းအသင်း နောက်တန်းသူများနှင့် ဂိုးသမားတို့အကြား လုပစ္စာ ဝင်သွားသည်။

ဖက်သန်းကုန်းအသင်းသည် ဂိုးသွင်းခံလိုက်ရသဖြင့် ခြေပျက်သွား သည်။ အားငယ်စိတ်ဝင်သွားသည်။ ပွဲမှာ ကြည့်မကောင်းတော့။

အချိန်စေ့သွားပြီ။

ဒန်းပင်အသင်းက နိုင်သွားသည်။

ဖက်သန်းကုန်းအသင်းမှာ မျက်နှာမလှ။ အသင်းခေါင်းဆောင် ဖဲမော်မှာ ငိုတော့မလိုဖြစ်နေသည်။ ကျန်လူများက သူ့ကို အပြစ်တင်ကြသည်။ ဖဲမော်သည် ဘောလုံးရလျှင် မည်သူ့ကိုမှ ပေးမကစား။ တစ်ယောက်ကောင်းသမား။

ဖဲမော်ကြောင့်ရှုံးရသည်ဟု ဝေဖန်ကြသည်။

ဖဲမော် ဝမ်းနည်းမိသည်။ မိမိအသင်း အနိုင်ရရှိရေးအတွက် ကြိုးစားခြင်းသာ ဖြစ်သည်။ ထင်သလိုဖြစ်မလာဘဲ အရှုံးကိုရင်ဆိုင်လိုက်ရသည်။

သို့သော် ဆရာကတော့ အပြစ်မဆို။

ကြိုးစားဖို့လိုသေးသည်ဟုသာ ပြောပါသည်။ ဆရာမှာ မျက်နှာမကောင်း။ မိမိတပည့်များ၏ အောင်ပွဲကို မမြင်တွေ့လိုက်ရ။

× × × ×

"ဖဲမော် မင်းကစားတာ အားမရဘူးကွာ"

ကြည်လင်းက ဆိုသည်။ ကျန် အ သင်း သား များ က လည်း မကျေနပ်ကြ။ ဘောလုံးပွဲရှုံးရခြင်း၏ အဓိကအကြောင်းမှာ ဖဲမော်ကြောင့်ဖြစ်သည်ဟု ယူဆထားသည်။

မှန်ပါသည်။ ဖဲမော်ကစားသည်မှာ တစ်ကိုယ်ကောင်းဆန်သည်။ အချင်းချင်းပေးပြီး မကစား။ အများ၏အထင်ကြီးမှုကို ခံယူချင်သည်။ အားပေးချီးကျူးမှုကို မက်မောသည်။ ကလေးပီပီ ထင်ပေါ်လိုစိတ်ရှိသည်။

"ငါ့ကို ခွင့်လွှတ်ပါကွာ။ နောင်ဆိုယင် အကောင်းဆုံးကစားပါ့မယ်။ မနေ့ကတော့ စိတ်လှုပ်ရှားသွားတယ်ကွာ"

ဖဲမော်က မျက်နှာငယ်ကလေးနှင့် တောင်းပန်သည်။

"ဆရာက ပြောတယ်။ လာမယ့် တနင်္ဂနွေနေ့မှာ ဒန်းပင်ကို သွားကန်ရမယ်။ အဲဒါ တို့ကြိုတင်ပြင်ဆင်ထားရမယ်။ ကျောင်းနားချိန်မှာ လေ့ကျင့်ထားရမယ်တဲ့"

တင်စိုးက ပြောပါသည်။

"အေးကွာ ကြိုးစားကြတာပေါ့။ ဒီတစ်ချီတော့ အနိုင်ကိုရအောင် ကစားရမယ်"

ဖဲမော်က အားတက်လာသည်။

ထိုအချိန်တွင် ဆရာရောက်လာသည်။ ဆရာရောက်လာသဖြင့် ကျောင်းသားများ စကားဝိုင်းတိတ်သွားသည်။

"ဆရာ တစ်ခုပြောချင်တယ်ကွာ။ မောင်ဖဲမော်ကို နေရာပြောင်းချင်တယ်။ ငါ့တပည့်က အပြေးမြန်တယ်။ ဖျတ်လတ်သွက်လက်တယ် မဟုတ်လား။ ဆရာတို့အသင်းမှာ အလယ်တန်းကအားနည်းနေတယ်။ အလယ်တန်းနေရာမှ မောင်ဖဲမော်နေပါ။ ရှေ့တန်းမှာတော့ လူသစ် မောင်အောင်မောင်းကို ထည့်ကစားရမယ်"

ဖဲမော် စိတ်ပျက်သွားသည်။

မိမိကိုမကြိုက်၍ အလယ်တန်းမှာ ထားသည်ဟု ယူဆသည်။ အလယ်တန်းနေရာသည် နာမည်မကြီးနိုင်သောနေရာဟု ယူဆထားသည်။ ဖဲမော်၏အခြေအနေကို သိသောဆရာက သဘောပေါက်အောင် ပြောပြပါသည်။

"မောင်ဖဲမော် စိတ်မကောင်းမဖြစ်ပါနဲ့။ ဘယ်နေရာကပဲကစားကစား ကိုယ်တော်ယင် နာမည်ကောင်းထွက်မှာပဲ မဟုတ်လား"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော်ကစားပါ့မယ်"

"အေး.... ကြိုးစားကစားပါကွာ"

ဖဲမော်သည် ကတိပေးလိုက်ရသော်လည်း စိတ်ထဲမှာ မကျေမချမ်း ဖြစ်နေသည်။ နောက်ဆုံးတွင် မိမိကျောင်းအတွက် အရှုံးကြေးကို ပေးဆပ်ရန် ဆန္ဒပြုမိပါသည်။

တစ်သင်းလုံး ဝမ်းသာကြလေပြီ။

× × × ×

ဖက်သန်းကုန်း ကျောင်းသားများသည် နေ့စဉ် လေ့ကျင့်လျက် ရှိသည်။ ဖဲမော်သည်လည်း အလယ်တန်းနေရာမှ လေ့ကျင့်ပြီး စိတ်ပါ

လက်ပါနှင့် ဖြစ်နေသည်။ ဖဲမော်၏ အချိတ်အဆက်ကောင်းမှုကြောင့် ကစားကွက်လှလာသည်။

ဒန်းပင်နှင့် ကစားရန် ရက်လည်းနီးကပ်လာပြီ။

ကစားကွင်းသို့ ဆရာ မကြာခဏလာသည်။ အားကစားသမားများကို အားပေးသည်။ မိမိကျောင်းဂုဏ်ကို အားကစားနှင့် မြှင့်တင်ပေးရန် အချိန်ရောက်လာပြီဟု ပြောသည်။

လက်ရွေးစင်အသင်းနှင့် အရန်အသင်းတို့ ခြေစမ်းကစားပွဲလုပ်သည်။ ထိုပွဲတွင် ဆရာက ဒိုင်လူကြီး။ ကျောင်းသားများလည်း ပျော်သည်။ လက်ရွေးစင်အသင်းက သုံးဂိုး တစ်ဂိုးနှင့် နိုင်သည်။

"ဟော့... ဖဲမော် မင်းခြေက ရွှေတန်းထက် ပေါ်တယ်"

တင်စိုးက ထုတ်ဖော်ချီးကျူးသည်။ ဖဲမော်က ဝမ်းသာနေသည်။

"ငါနားလည်ပြီ တင်စိုး။ ဆရာက ငါနဲ့ထိုက်တန်တဲ့နေရာကို ထားတာလေ။ ဒီနေ့ကစားရတာ အားရတယ်ကွာ"

"အေးကွာ ဒီတစ်ပွဲတော့ ဖက်သန်းကုန်းက သေသေချာချာ နိုင်ရမယ်ဟေ့"

ကြည်လင်းက လက်သီးဆုပ်လျက် အော်ဟစ်ပြောသည်။ အားလုံး အားသစ် မာန်သစ်များနှင့် ဖြစ်နေသည်။

× × × ×

အချိန်မှာ ညနေ ၄ နာရီ။

ဒန်းပင်ရွာ အားကစားကွင်းမှာ လူစည်ပြန်ပြီ။

ဘောလုံးပွဲစရန် အချိန်နီးကပ်နေသည်။ လူထုက လေးဘက်လေးတန် သဲသဲလှုပ်လျက်။

ပွဲမှာ အလွန်ကြည့်ကောင်းသည်။ ပရိတ်သတ်အကြိုက်ဖြစ်သည်။ ကျောင်းသားကလေးများပွဲဟု ဆိုသော်လည်း လူကြီးပွဲနှင့်မခြား။ အကြမ်းအရမ်းကစားခြင်းမရှိ။ ချစ်ကြည်ရေးပွဲ ပီသသည်။

ဖက်သန်းကုန်းအသင်းက ခြေသာသည်။ ဒန်းပင်အသင်းမှာ နိုင်ထားသဖြင့် စိတ်တက်ကြွနေသည်။ ပထမပိုင်း ၁၅ မိနစ် အချိန်တွင် ဖဲမောင်နှင့် တစ်ဘက်ရှေ့တန်းလူများ တွေ့သည်။ ဖဲမောင်သည် သုံးယောက်ကို လိမ်ပြီး ရှေ့တန်းသို့ အနေတော်တင်ပေးလိုက်သည်။ ရှေ့တန်းလူက ခေါင်းတိုက်ပြီး သွင်းလိုက်သည်။ ပရိသတ် ဆူညံသွားသည်။

"ဖဲမောင်က ဘယ်နေရာမှာနေနေ တော်သားပဲ"

ပွဲကြည့်ပရိသတ်ထဲမှ အသံထွက်လာသည်။ ပထမပိုင်း ပြီးခါနီး အချိန်တွင် ဖက်သန်းကုန်းဘက်သို့ ချေပဂိုး အသွင်းခံရသည်။ ဟေးခနဲ အော်သံကြီးက ဟိန်းထွက်လာသည်။

ဒုတိယပိုင်းကစားသောအခါ ဖက်သန်းကုန်းအသင်းက ဖိကစားသည်။ သို့သော် ဂိုးမရသေး။ အကြိတ်အနယ် ကစားရသောအချိန်။ အချို့ကစားသမားများ မောဟိုက်လာပြီ။ လူစားထိုး ကစားရသည်လည်း ရှိပြီ။

ဖဲမောင် ဘောလုံးရပြန်သည်။ တစ်ဘက်မှ လူနှစ်ယောက်က အမြဲကပ်ထားသည်။ သို့သော် ဖဲမောင် ဘောလုံးဆက်ရနေသည်။ ကွင်းတစ်ဝက်ကိုပင် ကျော်လာပြီ။ ဒန်းပင် နောက်တန်းလူများက ဖဲမောင်ဆီ တက်မလာ။ ဖက်သန်းကုန်း ရှေ့တန်းလူများကိုသာ ကပ်ပြီး နေရာယူထားသည်။ ဖဲမောင်သည် ဘောလုံးပေးဖို့ ကြည့်လိုက်သည်။ ပေးဖို့နေရာနှင့် လူမရှိ။ ရှေ့သို့ အပြေးဆွဲပြီး ဂိုးထဲသို့ တစ်အားကန်ထည့်လိုက်သည်။

"ဂိုး....ဂိုး"

"စွယ်စုံဘောသမား ဖဲမောင်ဟေ့"

ပွဲပြီးချိန်မှာ ဖက်သန်းကုန်းမှ နှစ်ဂိုး တစ်ဂိုးနှင့် အနိုင်ရလိုက်သည်။ ဖက်သန်းကုန်းအသင်း အောင်နိုင်ခဲ့ပြီ။

ဆရာပြေးလာသည်။ ဖဲမောင်လက်ကို ဆွဲယူပြီး မြှောက်လိုက်သည်။ ဂုဏ်ယူသောမျက်နှာက ပြုံးချိုချို။

"ကဲ.... မောင်ဖဲမောင် ဆရာပြောတာဘယ်လိုလဲ"

"သဘောပေါက်ပါတယ်ဆရာ"

"အားကစားသမားဆိုတာ ကိုယ်နဲ့ သင့်တော်တဲ့နေရာက ကစားရမယ်။ ရွှေတန်းကမှ နာမည်ရတာမဟုတ်ဘူး။ ဂိုးသမားပဲဖြစ်ဖြစ် ကိုယ့်တာကိုယ်လုံယင် နာမည်ကြီးရမှာပဲ။ မိမိအသင်းအတွက် အနိုင်ရအောင် ကစားတဲ့အခါမှာ နေရာဟာ အဓိကမဟုတ်ဘူး။ ကြိုးစားမှုနဲ့ ဇွဲလုံ့လပါပဲကွာ။ အခု မောင်ဖဲမော် ကစားသွားတာကို ကြည့်ယင် အဖြေရလောက်ပါပြီကွယ်"

ကျောင်းသားများအားလုံး နားထောင်နေကြသည်။ အားကစားအသင်းတစ်သင်း အနိုင်ရရှိရေးသည် နေရာကောင်းမဟုတ်ဘဲ စိတ်ဓာတ်ကောင်းသာဖြစ်ကြောင်း သိရှိ နားလည်သွားကြပြီ။

အရှုံးကြွေးကို ပေးဆပ်နိုင်ခဲ့ပြီ မဟုတ်ပါလား။ ။

# ၁၃။ နေပူမကြောက်သော ကလေးများ

နွေပီသသောနွေ ။

ရွာပင်တို့မှာ ရိုးတံကျဲကျဲ။ တမာပင်များကနွေကိုအန်တုနေကြသည်။ ရွက်နုသစ်တို့တဝေဝေ။ အပူဒဏ်ကြောင့် လယ်ယာမြေအားလုံးကွဲအက်နေသည်။ ရိုးပြတ်များမှာလည်း ငိုက်ပြီး ကျိုးနေသည်။ နွေရာသီ၏ဆိုးဝါးမှုက အားလုံးကို အကျည်းတန်စေသည်။

ပြီးခဲ့သောနှစ်က ဤဒေသမှာ မိုးခေါင်ခဲ့သည်။

မိုးလည်းမရွာ၊ ဆည်ရေလည်းမရှိ။ စပါးစိုက်ပြီးခါမှ မအောင်မြင်ဖြစ်ခဲ့ရသည်။ လုပ်အားခများဆုံးရှုံး၍ စီးပွားရေးနိမ့်ကျခဲ့သည်။ လယ်သမားများ လှည်းရောင်း နွားရောင်းပြီး ဝမ်းစာစပါးကို ရှာဖွေဝယ်ယူခဲ့ရသည်။

ထိုအဖြစ်မျိုးကို လူတိုင်းက မလိုလားကြပါ။

နွေရာသီမှာ အင်ဖက်တောဆည် ကိုယ်ထူကိုယ်ထတူထောင်ကြဖို့ သဘောတူသည်။ ဆည်ရေသောက်နိုင်မည့် ရွာအားလုံးပါဝင်ကြမည်။

ဆည်ကိုတည်ဆောက်ကြမည်။

သို့သော် သောက်ရေပြဿနာက ရှိနေသည်။

ထိုရေအတွက် ကြံဆစဉ်းစားကြသည်။ နောက်ဆုံးမှာအလှူရှင်တွေပေါ်လာသည်။ အလှူအရှင်များကား ကျောင်းသားများတည်း။ မင်းကုန်းရွာ မူလတန်းကျောင်းသားများက ရေအတွက်တာဝန်ယူသည်။

ထွန်းကျော်၊ တင့်ဝေ၊ ဖိုးညွန့် တို့သည် ခေါင်းဆောင်။

ဆည်ဖို့ပွဲတွင် ရေထမ်းလောင်းဖို့ တာဝန်ယူထားသောကလေးများ

တည်း။ နိုးကြားတက်ကြွသည်။ စိတ်ဓာတ်ဖွံ့စင်၍ မှန်မြတ်သော ကလေးများဖြစ်သည်။

လူကြီးများသည် မြေသယ်မည်။
ကလေးများသည် ရေသယ်မည်။
ညီပါပေ ။ လုပ်အားပြိုင်သည့်ပွဲဖြစ်သည်။

× × × ×

နေကချစ်ချစ်တောက်ပူသည်။

ထနောင်းရိပ်အုပ်အုပ်အောက်မှ သောက်ရေအိုးမှာ ရေသောက်သူများ ပြည့်လျက်။ လုပ်အားပေးအဖွဲ့မှာ အလွန်များသည်။ အပူဒဏ်ကိုရေသောက်၍ ကာကွယ်သည်။ အမောပြေရန်အတွက်ပါ။ ဇွဲလုံ့လမလျော့ဘဲ ကြိုးစားနေသည်ကို အားကျစရာမြင်တွေ့ရသည်။

" ရေအိုးတွေ ရေမပြတ်စေနဲ့ကွာ "

ထွန်းကျော်က သူ့အဖွဲ့ကို သတိပေးသည်။ ကိုယ်တိုင်လည်းရေထမ်းနေသည်။ ရေကိုချောင်းထဲမှ လက်ယက်တွင်းများမှသွားရောက်ခပ်ယူရသည်။

ကလေးများသည် ပျော်မဆုံး။

လုပ်အားအတွက် ဂုဏ်ယူမဆုံးချေ။ ရေအိုးတိုင်းကို ရေအပြတ်မခံပါ။ တစ်ယောက်နှင့်တစ်ယောက် ကူညီဖေးမလျက်။

" မောတဲ့သူရှိယင် ပြောနော်၊ ငါထမ်းမယ် "

တင့်ဝေကဆိုသည်။ စိတ်ထားကောင်းကြပါပေ့။

" တို့က ရေလောက်သာ ထမ်းနေတာ။ ဟိုဘက်ဆည်ပေါက်မှာ အုတ်ဖိုနဲ့ ခေါ်သန္တီရွာက ကလေးတွေ မြေသယ်နေတာ တွေ့ခဲ့ရတယ် "

စိုးညွန့်က ပြောသည်။

မှန်သည်။ အုတ်ဖိုနှင့် ခေါ်သန္တီရွာများမှ ကလေးများသည် တောင်းကိုရွက်ကာမြေသယ်နေသည်။ ကလေးအချို့သည်မြေစိုင်ခဲများ

ကို လက်ဆင့်ကမ်းသယ်ပို့နေသည်။ ကြည့်၍ပင် ကောင်းသေးသည်။ လုပ်အားပေးတာချင်း တူပါသည်။ မည်သူကမှ အဖိုးအခမယူ။ တကယ့်လုပ်အားသက်သက်ပါ။

မိုးခေါင်တတ်သည့်ဒေသ။ နွေမှာသောက်ရေပင် မပြည့်စုံပါ။ မိုးခေါင်ပါက စပါးမရကြပါ။ လူစာအပထား နွားစာကောက်ရိုးပင် မရကြ။ ရွှေဘိုနယ်သို့ သွားပြီးနွားစာဝယ်ရသည်။ လှည်းတစ်စီးစာဆိုလျှင် ငွေ ၁၅၀ ကျပ်ပေးရသည်။ ငွေကုန်များသဖြင့် စီးပွားရေးမကောင်း။ ကျောင်းဖွင့်ချိန်မှာ စာအုပ်ဖိုးကို အလွယ်တကူမပေးနိုင်ပါ။ ကျောင်းသားများငိုငိုယိုယိုနှင့် ဆူနေတတ်သည်။

ထိုဒုက္ခများကို မည်သူမျှမခံစားလို။

ထို့ကြောင့်လည်း ကလေးများပါ အားတက်သရောပါဝင်လုပ်အားပေးနေခြင်း ဖြစ်သည်။

"သာဓုဗျာ၊ သာဓု သာဓု၊ အေးလိုက်တဲ့ရေ။ ကလေးတွေ ဒီရေလို ထာဝစဉ်အေးမြပြီး စာမေးပွဲအောင်ကြပါစေ"

အုတ်ဖို့ရွာမှ ဦးဘအုန်းက ရေသောက်ရင်း ဆုပေးနေသည်။ ဦးဘအုန်းကိုကြည့်၍ ကလေးများဝမ်းသာကြသည်။

နွေရာသီကျောင်းပိတ်ရက်ပင်ဖြစ်သော်လည်းအအားမနေကြသော ကလေးများကို လူတိုင်းက ဂုဏ်ယူကြသည်။ ချီးကျူးပြောဆိုသံတွေက ကလေးများအတွက် အားတက်စေပြန်သည်။

မိုးခေါင်ဒေသမှ လယ်သမားများသည် လယ်ကိုနွေရာသီမှာလုပ်ကြသည်။ ဆည်ရေသောက်လယ်များရေရအောင် နွေရာသီမှာ ဆည်ဖို့ခြင်း၊ မြောင်းသွယ်ခြင်း လုပ်ကြရသည်။ လယ်သမားများ၏သားသမီးများသည်လည်း မိဘများကို ကူညီကြရသည်။

မည်သည့်ကလေးတစ်ယောက်ကမှ မခိုကပ်ကြ။ ဒေသ၏ရာသီဥတုများက အလုပ်ကိုလုပ်စေသည်မဟုတ်ပါလား။

× × × ×

နွေလယ်နေသည် အပူရှိန်ပြင်းလှသည်။ ဆည်တူးဖော်နေသော လယ်သမားများ၊ ကလေးများ၏လုပ်အားသည် အရေးပါလှသည်။

ချောင်းကိုထိပ်မှပိတ်၍ မြေဖို့ကာဆီးသည်။ ထိုနေရာမှတစ်ဆင့် ရေသွယ်မြောင်းကို ဖောက်လုပ်သည်။ လယ်ကွင်းများအရောက် မြောင်းငယ်များ ဖော်ထုတ်သည်။ အားရစရာတွေ။

ကျောင်းသူကလေးများလည်း ပါဝင်သည်။

ပျော်ပျော်ပါးပါး လုပ်အားပေးလျက် ရှိသည်။ မမောတမ်းပင် ပါဝင်ကူညီနေသည်၊ ပျင်းရိသော အမူအရာကို မတွေ့ရပါ။

"ဟေ့.... ဝိုင်းစိန် ဘယ်နှခေါက်ရပြီလဲအေ့"

"အခေါက် ၂၀ ကျော်သွားပြီ"

"ပျော်စရာကြီးနော်"

ဝိုင်းစိန်နှင့် ထွေးမြင့်တို့ စကားပြောနေသည်။ သူတို့အနားမှ ထွန်းကျော်သည် ရေထမ်းကြီးနှင့် ဖြတ်သွားသည်။

"ဟေ့ ....ထွန်းကျော်ပန်းသလား"

"နင်တို့ကော ပန်းသလား ဝိုင်းစိန်"

"ငါတော့ ပန်းတယ်လို့ မထင်ဘူး"

"တို့လဲ မပန်းပါဘူး။ တို့ရွာနဲ့အခြားရွာတွေ ရေရရှိအောင် ကြိုးစားရမှာပဲ"

တစ်ကျောင်းတည်းမို့ ခင်မင်ရင်းနှီးကြသည်။ အားလုံးအသိတရားရှိရှိ ပါဝင်ကြသည်။ နေအပူကို သတိမထားမိ။ နေပူတောမှာရယ်သံကတသောသော။ ညွှန်ခံနေသော အသံချွဲစက်ကိုပင် နားမထောင်အား။ အညာလူထုသည် အညာနွေကို စုပေါင်းပြီးရင်ဆိုင်နေကြသည်။

အားကျစရာကောင်းသော မြင်ကွင်းတစ်ခု ဖြစ်နေသည်။

× × × ×

အနောက်တောင်ဘက်မှ မိုးများ မည်း၍ မည်း၍ လိှမ့်တက်လာသည်။

မိုးရွာတော့မည်။

မိုးနည်းဒေသတွင် မိုးရွာပါက ထစ်ချုန်းရွာတတ်သည်။ မိုးတစိမ့်

စိမ့်ရွှာလေပြီ။ မိုးဦးလေဦးမို့ သည်းသည်းထန်ထန်ရွာသည်။အင်ဖက်တောချောင်းထဲသို့ ရေများဒလဟောစီးဆင်းလာသည်။ ဆည်ရေများပြည့်လေပြီ။ ရေသွယ်မြောင်းတစ်လျှောက် စီးဆင်းလေပြီ၊ လယ်ကွင်းများဆီသို့ တရိပ်ရိပ် ရေဝင်နေသည်။

အင်ဖက်တောရွာ၊ မင်းကုန်းရွာများမှတစ်ဆင့် အောက်ဘက်တင်ကုတ်ကြီးရွာ၊ ရွှက်ကြမ်းရွာအထိ ဆင့်ကဲဆင့်ကဲ စီးဝင်နေသည်။ ကွင်းပြင်တစ်ခုလုံး ရေဝေနေလျက်။

တစ်နယ်လုံး ပျော်ရွှင်ကြည်နူးလျက်သာ။

တစ်နွေလုံး ကြိုးစားသမျှ အကျိုးခံစားရလေပြီ၊ မိုးခေါင်ရေရှားမှုဒဏ်ကို လူထုအားဖြင့် ကာကွယ်နိုင်ခဲ့၏။ ရေကိုစနစ်တကျသိုလှောင်ထားနိုင်သည်။

နွေရာသီက ညိုးငိုက်နေသော သစ်ပင်များလည်း စိမ်းစိမ်းစိုနေသည်။ အေးမြသော လေပြည်လေညင်းသည် တသုန်သုန် တိုက်ခတ်လျက်။

"ဟော့.... တင့်ဝေ မင်းတို့လယ်တော ရေရှိသလား"

စိုးညွန့်၏အမေးကို တင့်ဝေက ပြုံးရွှင်သော မျက်နှာနှင့် ပြန်ပြောလိုက်သည်။

"ရေတွေကတော့ ပင်လယ်ကျလို့ဟော့"

နွေရာသီတုန်းက ပင်ပန်းခဲ့သမျှ ယခု တန်ဖိုးမဖြတ်နိုင်သောအကျိုးကို ခံစားရသည်။ သည်အကျိုးကျေးဇူးသည် စုပေါင်းအားနှင့်ယူထားခြင်းသာဖြစ်သည်။

နွေရာသီ လုပ်အားကြောင့် တစ်နယ်လုံး ကြည်နူးမိကြသည်။ ကလေးများသည် မိဘများနှင့်အတူ ပါဝင်ခဲ့သည်။ ကျေးရွာအကျိုးကို ရှေ့တန်းတင်ခဲ့ကြသည်။ ဒေသ၏ အကျိုးကို သယ်ပိုးခဲ့ကြသည်။

မည်မျှဂုဏ်ယူစရာ ကောင်းပါသနည်း။

ယခုအချိန်တွင် ကျေးရွာအကျိုးသာ သယ်ပိုးနိုင်သေးသည်။ နောင်အချိန်တွင် မြန်မာနိုင်ငံအတွက် သယ်ပိုး ဆောင်ရွက်ရဦးမည်။ လုပ်အားပေးရဦးမည်။ ။

# ၁၄။ ပြည်သူ့တပ်မတော်နှင့် သောင်းကျန်းသူ

ကျွန်တော်တို့နယ်မှာ တပ်မတော်ရော သောင်းကျန်းသူပါ လာရောက်တတ်သည်။

တပ်မတော်လာလျှင် ဝမ်းသာကြသည်။ အားလုံးက ကြိုဆိုကြသည်။ စိတ်အေးလက်အေး နေထိုင်နိုင်သည်။ ပျော်ရွှင်စရာကောင်းသည်။

သောင်းကျန်းသူများလာလျှင် စိတ်ပျက်စရာအလွန်ကောင်းသည်။ မည်သူကမျှထွက်ပြီးမကြိုဆို။ မည်သူကမှ မဖိတ်မခေါ်။ တစ်ရွာလုံး တိတ်ဆိတ်နေကြသည်။ သို့သော် အိမ်တိုင်းရောက်အောင်လာသည်။ ပေးပေး မပေးပေး တောင်းယူတတ်သည်။

ကျွန်တော်စဉ်းစားကြည့်မိသည်။

ပြည်သူ့တပ်မတော်သည်လည်း ဆင်တူဝတ်စုံနှင့် သေနတ်ကိုယ်စီနှင့်။ သောင်းကျန်းသူများမှာလည်း ဝတ်စုံနှင့် သေနတ်ကိုယ်စီနှင့်ပင်။

သို့ရာတွင် အပြုအမူများက အလွန်ကွာခြားပါသည်။ တပ်မတော်သားများသည် နယ်မြေအေးချမ်းရေးအတွက် ကင်းလှည့်ပါသည်။ ကျွန်တော်တို့ ရွာသားများကို ဒုက္ခမပေးပါ။ အလုပ်အကိုင်ရှိလျှင်ပင် လုပ်အားပေးသွားပါသည်။ သောင်းကျန်းသူများမှာ ထိုသို့မဟုတ်ပါ။ နယ်မြေအေးချမ်းနေသည်ကို ကြိုက်နှစ်သက်ဟန် မတူပါ။ ရွာကိုလာတတ်ပြီး လိုသမျှပစ္စည်းများကို ယူသည်။ မပေးလျှင် ဆဲဆိုတတ်သည်။ သတ်မည်ဟုပင်ခြိမ်းခြောက်တတ်သည်။ ရွာအတွက် ဘာတစ်ခုမှ လုပ်အားမပေး။ ဖျက်ဆီးသည်ကများ၏။

ကျွန်တော်သည် ပြည်သူ့ တပ်မတော်သားများကို ချစ်သည်။ လေးစားဂုဏ်ယူမိသည်။ အားကျမိသည်။ သောင်းကျန်းသူများကို

အလွန်မုန်းပါသည်။ ကျွန်တော်တို့လို ကလေးများကို ပြောပြချင်ပါသည်။ အထင်မကြီးကြပါနှင့်။ အားမကျကြပါနှင့်။ အတုမယူကြပါနှင့်။ ဘာမျှ အကျိုးပြုသောသူများမဟုတ်ပါ။ ရက်စက်တတ်သူများသာဖြစ်သည်။

သေနတ်ကိုင်ထားသော်လည်း ပြည်သူကို ဒုက္ခပေးမည့် ပြည်သူကို သတ်ဖြတ်မည့် သောင်းကျန်းသူများဖြစ်သည်။

ကျွန်တော်တို့ရွာကို ပြည်သူ့တပ်မတော်သားများက လုပ်အားပေးခဲ့သည်မှာ အကြိမ်ကြိမ်။ အကျိုးပြုစောင့်ရှောက်ခဲ့သည်မှာလည်း မရေတွက်နိုင်။

လွန်ခဲ့သော သုံးနှစ်ကဖြစ်ပါသည်။

တန်ဆောင်မုန်းလထဲမှာ မိုးစွေပါသည်။ ရင့်မှည့်နေသော စပါးများရေနစ်ပါသည်။ ကောက်လှိုင်းများ ရေစီးတွင် မျောပါသည်အထိ ဆိုးဝါးခဲ့ပါသည်။ ကျွန်တော်တို့ တစ်နယ်လုံး ဒုက္ခရောက်ကြရသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ပြည်သူ့တပ်မတော်သားများရောက်လာသည်။ ရောက်လာခြင်းမှာ ကောက်လှိုင်းများ ဆယ်ယူရန် လုပ်အားပေးလာခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ ကလေးများလည်း ပါဝင်ကြသည်။ ပြည်သူ့တပ်မတော်သားများသာ လာရောက်ကူညီကြပါသည်။ သို့သော် သောင်းကျန်းသူများ လုံးဝမလာပါ။

"ရဲဘော်ထွန်းထွန်းတို့တပ်စိတ်က ညောင်ခါးရွာဘက်ကို သွားပါ"

ဗိုလ်စိုးလှိုင်ကပြောပါသည်။ ဗိုလ်စိုးလှိုင်သည် ကိုယ်တိုင်ပါဝင်အားပေးပါသည်။ တပ်မတော်သားများကိုလည်း စနစ်တကျ စီမံခန့်ခွဲ နေရာပေးပါသည်။ ရွာသူရွာသားများကိုလည်း နှိုးဆော်ပြီးစည်းရုံးပါသည်။ တစ်ရွာလုံးပါဝင် လုပ်အားပေးလိုက်သောကြောင့် ကောက်လှိုင်းများ တလင်းထဲသို့ ရောက်ခဲ့ပါသည်။ အပျက်အစီးမရှိခဲ့ပါ။ တစ်ရွာလုံး တစ်နယ်လုံးက ကျေးဇူးတင်ကြပါသည်။

ကျွန်တော်တို့ရွာကလည်း စုပေါင်းပြီး အကျွေးအမွေးနှင့် ညွှေ့ခံပါသည်။ ပြည်သူ့တပ်မတော်သားများသည် ယခုအချိန်သာမဟုတ်

သေး။ စိုက်ပျိုးချိန်မှာလည်း လာရောက်ကူညီသည်။ ရိတ်သိမ်းချိန်မှာလည်း ကူညီပါသည်။ နယ်မြေအေးချမ်းရေး အတွက်လည်း အမြဲစောင့်ရှောက်ပါသည်။

ထို့ကြောင့် တစ်နယ်လုံးက ကျေးဇူးတင်ကြသည်။ အားကိုးလေ စားကြသည်။ သောင်းကျန်းသူများမှာ မည်သည့်သုံပ်အားကိုမှ မပေး။ လိုချင်တာကို ဇွတ်အဘင်း သိမ်းယူဘတ်သည်။ ရွာကသည်းလုံးဝမနှစ်သက်ကြ။ သောင်းကျန်းသူများက ပြောတတ်ကြသေးသည်။ "နိုင်ငံသာယာရေးအတွက် တောထဲမှာနေရတာပါ" ဟု။ ကျွန်တော်သဘောမကျပါ။

× × × ×

သောင်းကျန်းသူများမှာ ကျွန်တော်တို့ရွာကို အကူအညီမပေးသည့်အပြင် ဖျက်ဆီး နှောင့်ယှက်ပါသည်။

ကျွန်တော်တို့ရွာတွင် စာသင်ကျောင်း ရှိပါသည်။

သို့သော် စာသင်ခွင့် မရ၊ ကျွန်တော်တို့ ဆရာများကို စာမသင်ရဟု ကြိမ်းမောင်းပါသည်။ ထိုသို့ ကြိမ်းမောင်းသည့် ကြားကပင် ဆရာများက စာသင်ပါသည်။ စာသင်သော ဆရာများကို ဖမ်းဆီးသွားပါသည်။ ကျွန်တော်တို့ရှေ့တွင် ဆရာများကို ရိုက်နှက် နှိပ်စက်ပါသည်။ ကျွန်တော်တို့ ငိုကြပါသည်။

ကျွန်တော်တို့ စာသင်ကျောင်းကလေးကို မီးရှို့ဖျက်ဆီးပါသည်။ ကျောင် တစ်ဆောင်လုံး မီးထဲပါသွားပါသည်။ ကျောင်းစာကြည့်တိုက်ကလေးလည်း ပြာကျသွားသည်။ ကျွန်တော်တို့ သူငယ်ချင်းများ စာဖတ်စာကြည့်ရသော စာကြည့်တိုက်ကလေးကို အလွန် နှမျောမိပါသည်။

ဆရာလည်းမရှိ။ ကျောင်းလည်းမရှိသော ကျွန်တော်တို့မှာ ပညာမသင်ရတော့ပါ။ သောင်းကျန်းသူများကြောင့် ကျွန်တော်တို့ စာနှင့် ဝေးရပါတော့သည်။ ဘုန်းတော်ကြီးကျောင်းမှာ စာသင်ရန်

ရွာလူကြီးများက စီစဉ်ပေးသည်။ သို့သော် ဘုန်းတော်ကြီးမှာလည်း မသင်ဝံ့ရှာ။

ကျွန်တော်တို့ကို အမြဲတမ်း နှိပ်စက်နေသော သောင်းကျန်းသူများကို အားလုံးကရွံ့မုန်းကြပါသည်။ ကျွန်တော်သည် မခံမရပ်နိုင်သည်အထိ ဒေါသဖြစ်မိပါသည်။

ကျွန်တော်တို့ရွာတွင် လယ်သမားများသာ ရှိသည်။ လယ်သမားများအကျိုးကို မကြည့်သော သောင်းကျန်းသူများက ဆက်ကြေးမကြာခဏ ကောက်ယူပါသည်။ စပါးပေးသူက စပါး၊ ငွေကြေးတတ်နိုင်သူက ငွေကြေး၊ ဘာမျှမပေးနိုင်သူက တောထဲအရောက် လှည်းနှင့်ပို့ရသည်။ ကြက်၊ ဝက်၊ နွားကအစ မတရား ယူခဲ့ပါသည်။

တစ်ရွာလုံး ထိတ်လန့် ကြောက်ရွံ့ နေရပါသည်။

× × × ×

ကျွန်တော်တို့ရွာကလေးသည် သောင်းကျန်းသူများ ဒဏ်ကြောင့် ရစရာမရှိအောင် ပျက်စီးခဲ့ရပါသည်။

ပြန်လည်ထူထောင်မှု လုပ်ရပါဦးမည်။

ဝမ်းသာစရာ သတင်းကို ကြားရပါပြီ။

ဝမ်းသာစရာသတင်းမှာ အခြားမဟုတ်ပါ။ ကျွန်တော်တို့ရွာတွင် ပြည်သူ့စစ်အဖွဲ့ ဖွဲ့ပေးမည်ဟူသော သတင်းပါ။ ကျွန်တော်တို့ ပျော်မိပါသည်။

မကြာမီ ပြည်သူ့တပ်မတော်သားများ ရောက်လာပါသည်။ စစ်ပညာများ သင်ကြားပေးပါသည်။ ကိုယ်ခံပညာ သေနတ်ပစ်ကအစ လေ့ကျင့်ပေးပါသည်။ ကျွန်တော်တို့ကလေးများ သွားရောက်ကြည့်ကြပါသည်။ အလွန်အားတက်မိပါသည်။

ကျွန်တော်တို့ရွာ ပြည်သူ့စစ် အဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်ပေးခဲ့ကြပါသည်။ ကျွန်တော်တို့ရွာတွင် လက်နက်ရှိပြီ။ ပြည်သူ့စစ်ရှိပြီ။ သောင်းကျန်းသူကို ကြောက်ရန် မလိုတော့ပါ။ သောင်းကျန်းသူများကို ပြန်လည် တိုက်ခိုက်နိုင်ပြီ မဟုတ်ပါလား။

ကျွန်တော်တို့ ပညာသင်ရတော့မည်။ စာသင်ကျောင်းလည်း ဆောက်နေပြီ။ ဆရာများလည်း မကြာမီ ရောက်လာတော့မည်ဟု သိရသည်။ ကျွန်တော် အတွေးကြွယ်ရင်း ပျော်ပါသည်။

သို့သော် ကျွန်တော်ပျော်ရွှင်မှုမှာ မကြာလှ။

တစ်ခုသော နံနက် စောစောအချိန်။

ကျွန်တော်တို့ ရွာအနီးတစ်ဝိုက်တွင် သေနတ်သံများ ဆူညံနေသည်။ အော်ဟစ်သူ၊ ငိုကြွေးသူ၊ ပြေးလွှားသူများ၏ အသံကလည်း မစဲပါ။

"တက်ပေး ။ ပစ် – ပစ်"

သောင်းကျန်းသူနှင့် တိုက်ပွဲဖြစ်နေပြီ။

ပြည်သူ့စစ်များနှင့် အကြိတ်အနယ် ရင်ဆိုင်နေကြသည်။ မကြာမီ ပြည်သူ့တပ်မတော်သားများ ရောက်လာသည်။ တိုက်ပွဲပြင်းထန်လာသည်။ ကျွန်တော်တို့ ပုန်းအောင်းနေရသည်။ ။ ကျွဲ၊ နွားများ ကြိုး ပြတ်ပြီး တွန်သံများကလည်း စိတ်ပျက်စရာပါ။ တဖြည်းဖြည်း သေနတ်သံ စဲလာသည်။ တိုက်ပွဲပြီးသွားပါပြီ။

ကျွန်တော်တို့ ပုန်းအောင်းနေရာမှ ထခဲ့ကြသည်။ ပြည်သူ့တပ် မတော် သားများနှင့် ပြည်သူ့စစ်အဖွဲ့ဝင်များကို တွေ့ရသည်။ သောင်းကျန်းသူများ မရှိတော့။ အင်အားအချို့ဖြင့် လိုက်လံတိုက်နေ သေးသည်။

ပြည်သူ့စစ်အဖွဲ့ဝင် ကိုညိမ်းလွင်တစ်ယောက်သာ ဒဏ်ရာရသွားသည်။ သောင်းကျန်းသူများ ကျဆုံးမှုရှိကြောင်း တွေ့ရသည်။

ပြည်သူ့တပ်မတော်သားများက ပြည်သူ့စစ်အဖွဲ့ဝင်များကို အားပေး လျက် ချီးကျူးစကား ဆိုကြသည်။

သောင်းကျန်းသူများသည် ပြည်သူ့စစ်ကို သွေးတိုးလာစမ်းခြင်း ဖြစ်သည်။ ပြည်သူ့စစ်က ရဲရဲဝံ့ဝံ့ တုံ့ပြန်လိုက်ခြင်း ဖြစ်သည်။ အခြေ အနေ မကောင်းမှန်းသိသော သောင်းကျန်းသူများမှာ ခွေးပြေး ဝက်ပြေး။ သတ္တိမရှိကြ။ စည်းလုံးညီညွတ်မှု ကင်းသည်။

ကျွန်တော်တို့ရွာတွင် ထိုတိုက်ပွဲဖြစ်ပြီးနောက် သာယာအေးချမ်း

လျက် ရှိသည်။ ဆက်ကြေးမတောင်းသည်မှာပင် ကြာခဲ့ပြီ။ စိုက်ပျိုးရေးကို စိတ်အေးလက်အေး လုပ်ကိုင်နိုင်ကြသည်။ ရသမျှ စပါးကို အပြည့်အဝ စားသုံးနိုင်သည်။

ကျောင်းလည်း ပြန်ဖွင့်ပြီ။
ပညာကို ပျော်ပျော်ပါးပါး သင်ကြရသည်။
ကျွန်တော်တို့ ရွာကလေး အေးချမ်းလျက်။

× × × ×

ပြည်သူ့တပ်မတော် နှင့် သောင်းကျန်းသူ။

ပြည်သူ့တပ်မတော်ကို ကျွန်တော်လေးစားသည်။ ပြည်သူ့အတွက် အကျိုးပြုသည်။ ပြည်သူ့အသက် အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးသည်။ နိုင်ငံ၏ လွတ်လပ်ရေးကိုပါ ထိန်းသိမ်းနေသည်။ အသက်စွန့်၍ နိုင်ငံကို ချစ်သူများ။

သောင်းကျန်းသူကို ကျွန်တော် မုန်းမိသည်။ ပြည်သူကို ဒုက္ခအမျိုးစုံ ပေးတတ်သည်။ ရထားလမ်းကို မိုင်းထောင်သည်။ တံတားကို ဖျက်ဆီးသည်။ ရွာကို မီးရှို့သည်။ လူကိုသတ်ပြီး ပစ္စည်းကိုယူသည်။ နိုင်ငံကို ဖျက်ဆီးနေသူများ။

ကျွန်တော် ကြီးပြင်း၍ အရွယ်ရောက်လာပါက ပြည်သူ့တပ်မတော်ထဲသို့ ဝင်ရောက်ပါမည်။ နိုင်ငံ၏ အလှကို ဖျက်ဆီးနေသူ သောင်းကျန်းသူများကို နှိမ်နင်းပါမည်။ တိုက်ခိုက်ချေမှုန်းပစ်ပါမည်။ ကျွန်တော့်သူငယ်ချင်းများကိုလည်း ပြောပြပါမည်။

ပြည်သူ့တပ်မတော်ကို ကူညီရန် ဖြစ်သည်။ လေးစားချစ်ခင်စေရန် ပြောပြမည်။ သောင်းကျန်းသူကို အမြစ်ပြတ်ချေမှုန်းရန်၊ အောင်ပွဲရသည်အထိ တွန်းလှန်သွားရန် စည်းရုံးပါမည်။

တပ်မတော်ကို ချစ်ပါသည်။
သောင်းကျန်းသူကို ရွံမုန်းပါသည်။ ■

# ၁၅။ အလောင်းအစား တို့ရှောင်ရှား

ရွာအရှေ့ပိုင်း မန်ကျည်းပင်တန်းမှာ ကလေးများရောက်နေသည်။ အရိပ်ကောင်းသဖြင့် ကစားကြရန် ဖြစ်သည်။ ကလေးများ ကစားနေသည်ကို ကြည့်စမ်းပါ။

တချို့က ထုပ်ဆီးတိုးတမ်း ကစားကြသည်။ ဝင်းမာ၊ မြင့်သန်းတို့က ခေါင်းဆောင်ဖြစ်သည်။ ပျော်စရာကောင်းသည်။ အငြင်းအခုံများသည်။ ငြင်းရသည်ကိုပင် အရသာမှတ်နေကြ ဟန် ရှိသည်။

ကျော်မြင့်၊ စံလင်း၊ စန်းအောင်တို့အဖွဲ့မှာ ဒိုးပစ်တမ်း ကစားနေသည်။ လက်တည့် လက်ဖြောင့်သူတို့ အောင်မြင်သောကစားပွဲ။ အငြင်းအခုံမရှိ။ ဒိုးချင်းထိ၍ ထွက်လာသော အသံတို့ကား ဆူညံနေသည်။

သာချို၊ မြင့်မောင်၊ သန်းဆွေတို့မှာ အလျားခုန်တမ်း ကစားကြသည်။ အရပ်ရှည်သော သာချိုသာ အဝေးဆုံးရောက်သည်။ သာချို အခုန်နိုင်ဆုံး ဖြစ်သည်။

သို့သော် ကျော်ငွေနှင့် တင်မြင့်တို့မှာ ကစားရာတွင်မပါ။ နှစ်ယောက်ထဲထိုင်ပြီး ရောက်တတ်ရာရာ စကားပြောနေသည်။ ကစားဝိုင်းထဲသို့ ဝင်ရောက်မကစားပါ။

"တို့အိမ်မှာ လက်နှိပ်ဓာတ်မီး ငါးလက်ရှိတယ်ကွ"

ကျော်ငွေက မစပ်မဆိုင် ပြောလိုက်သည်။

"မယုံပါဘူးကွာ။ ကြွားမနေပါနဲ့"

"မင်းမယုံယင် အလောင်းအစား ချမလား"

"စိမ်လိုက်စမ်း။ တစ်ပတ်တမ်းကွာ"

"နည်းတာပေါ့။ တစ်ကျပ်တမ်းလုပ်လိုက်"

သူတို့စကားဝိုင်းအနီးသို့ ဦးစက်တိုးရောက်လာသည်။ ဦးစက်တိုးသည် ကစားဝိုင်းသို့ နေ့တိုင်း လာသူဖြစ်သည်။

"ဟေ့.... တင့်မြင့်တို့ အလောင်းအစား မလုပ်ရဘူးလေ။ အလောင်းအစားလုပ်တော့ အကျင့်ပျက်ကတတ်တယ်။ သူခိုးလည်း ဖြစ်သွားနိုင်တယ်။ နောက်ဆုံးထောင်ထဲ ရောက်သွားနိုင်တယ်။ ငါ့မြေးများ မလုပ်ကြပါနဲ့"

ဦးစက်တိုကြောင့် အလောင်းအစား ပျက်သွားသည်။

သို့မဟုတ်ပါက ပြဿနာ ဖြစ်လာနိုင်သည်။

× × × ×

ရွာထဲမှာ ဖဲဝိုင်းရှိသည်။

ဖဲသမားကြီး ဦးပွအိမ်မှာ လူစည်လှသည်။ အနီးအနားရွာများမှ ဖဲသမားများ စုံလင်လှသည်။ ဖဲဝိုင်းမှာ အကြီးအကျယ် ဖြစ်သည်။ ရွာထဲမှ ဦးချိုတူး နွား တစ်ရှဉ်း ရှုံးသွားသည်။ သူမိန်းမဒေါ်သွဲ့ ငိုသည်။ စကားများသည်။ ရန် ဖြစ်ကြသည်။ ဒေါ်သွဲ့အရိုက်ခံရသည်။ ခေါင်းမှာ ဒဏ်ရာရသွားသည်။ ဒေါ်သွဲ့၏ မောင်ဖြစ်သူ ကိုမှတ်ကြီးက ဦးချိုတူးကို ဓားနှင့်ထိုးသည်။ ဦးချိုတူး ကံကောင်းသည်ဟုဆိုရမည်။ အသက်မသေ။ သက်ဆိုးရှည်နေသည်။

ရွာလူကြီးများက ဖဲဒိုင်ဦးပွကို ခေါ်ဆုံးမသည်။

ဦးပွသည် ပေတေတေ လုပ်နေသေးသည်၊ တော်တော်နှင့် မရေလည်ချင်။

ဦးပွ ဒိုင်မလုပ်ရတော့။

ရွာထဲမှာ ဖဲဝိုင်းမရှိတော့။ ဖဲသမားဖြစ်သော ဦးပွနှင့်ဦးချိုတူးတို့ မနေတတ်မထိုင်တတ်။ လူကြီးများကို မကျေနပ်။ ဦးချိုတူးသားမျိုးကျော့်လည်း ဖဲကစားတတ်နေပြီ။ ဖဲထုပ်အဟောင်းနှင့် ဒူးထိုးတမ်းကစားဖို့ စည်းရုံးနေသည်။ ညွန့်ငွေ၊ တိုက်စိန်တို့ကို စည်းရုံးနိုင်သည်။ ဒူးထိုးတမ်းကစားကြသည်။

ပထမတော့ ဒူးထိုးတမ်း။

ဒုတိယ လောက်စလုံးတမ်း။

နောက်ဆုံးတော့ အကြွေငါးပြားတမ်း။ တစ်စတစ်စကြီးလာသည်။ တစ်ခါတစ်ရံ တစ်ကျပ်အထိ ရှုံးကြေးရှိသည်။ လေးခွကို အပေါင်ထားရသည်။ ဖဲဝိုင်းကလေးမှ ဖဲဝိုင်းလတ် ဖြစ်လာသည်။ လူတစ်ယောက်နှစ်ယောက်မှ ဆယ်ယောက်အထိ များလာသည်။ ဖဲဝိုင်းမှာလည်း တစ်ဝိုင်းမှနှစ်ဝိုင်း။ နှစ်ဝိုင်းမှလေးဝိုင်း။ ဘိုးဘိုးအောင် ဝလုံးလို ဖြစ်လာသည်။

မျိုးကျော်၊ ညွန့်ငွေနှင့် တိုက်စိန်စသော ကလေးများ ဖဲဝါသနာ ပါနေသည်။ ငွေရအောင်လည်း ခိုးတတ်၊ ဝှက်တတ်သည်။ ရွာထဲမှာ ပစ္စည်းပျောက်မှု များပြားလာသည်။ သောက်ရေဖလား၊ အုန်းသီး၊ ချူ၊ နွားကြိုးများ ပျောက်နေသည်။

ထိုကလေး ဖဲဝိုင်းများသည် ရွာကို အနှောင့်အယှက် ပေးနေသည်။ လူကြီးများ စုံစမ်းလာသည်။ ဖဲကစားသူ ကလေးများကို သိရှိလေတော့သည်။

ဖဲကစားသော ကလေးများကို ခေါ်ယူဆုံးမသည်။ မိဘများကိုလည်း ခေါ်ဆုံးမကြရန် ပြောပြသည်။ မိဘများ ရှက်ကြသည်။ တချို့ မိဘများက သားများကို ရိုက်ပြီးဆုံးမသည်။

ဖဲဝိုင်းများ လုံးဝမရှိတော့။

ရွာထဲမှာလည်း ပစ္စည်းပျောက်သံ မကြားရတော့။ ရန်ဖြစ်သံလည်း မရှိ။ မိဘများလည်း စိတ်ချမ်းသာကြရပြီ။ ရိုးသားသော ရွာသူ ရွာသားများမှာ ပျော်ရွှင်ရသည်။

ဖဲဝိုင်းသည် လူကြီးကလေးမရွေး ကောင်းကျိုးမပေး။ စိတ်ဖိုက် စိတ်ရိုင်းများ ဝင်လာနိုင်သည်။ သူခိုးများ ဖြစ်လာနိုင်သည်။ လူသတ် တရားခံလည်းဖြစ်ရန် မခဲယဉ်း။

ဖဲဝိုင်းကို ရှုံမုန်းကြသည်။

ဖဲသမားကို မဆက်ဆံချင်။

× × × ×

နတ်ကြီးကုန်းရွာမှာ ဖဲဝိုင်းရှိနေသည်။

ဦးပွနှင့် ဦးချိုတူးတို့ နှစ်ယောက်လည်း နတ်ကြီးကုန်းရွာသို့ သွားကြသည်။ ဖဲကစားသည်။ ဦးပွတွင် အရင်းအနှီးမရှိ။ သမီးလေး ရွှေလှ၏ နားကပ်ကို ဖြုတ်သည်။ ဖဲဝိုင်းမှာ ကစားမည်။

"အဖေ ကျွန်မနားကပ်လေး ပြန်ပေးပါအဖေ"

ရွှေလှငိုသည်။ အဘိုး ဆင်ထားသော နားကပ်ကလေး။ ရွှေလှ မြတ်နိုးသည်။

"အဖေက ဒီထက်ကောင်းတဲ့ နားကပ်လုပ်ပေးမလို့"

ဖဲသမားစိတ်သည် သမီးလေးနားကပ်ကိုပင် ဖျက်ဆီးနိုင်သည်။ သမီးလေးကိုပင် လိမ်ညာပြီး ပြောတတ်သည်။ ရွှေလှသည် ဘာမျှ ပြန်မပြောတတ်ရှာ။ သနားစရာ ကောင်းလှသည်။

ဦးပွနှင့်ဦးချိုတူးတို့ ဖဲဆက်ကစားကြသည်။

နှစ်ယောက်စလုံး ရှုံးသည်။

ဦးပွမှာ သမီးကလေး၏ နားကပ်မရှိတော့။ အားလုံးရှုံးခဲ့သည်။ ဖဲသမားတစ်ယောက်ထံမှ ငွေချေးပြီးရိုက်သည်။ ရှုံးပြန်သည်။ လှုပ်လေ မြုပ်လေ ဖြစ်တော့သည်။

ဦးပွ အိမ်မပြန်ရဲ။

တစ်ပတ်ခန့်ရှိသွားပြီ။

ဦးချိုတူးသာ ရွာပြန်လာသည်။ ဦးပွမှာ မပြန်ခဲ့ပါ။

နတ်ကြီးကုန်းရွာမှာလည်းမရှိ။ မိန်းမနှင့် သမီးက မျှော်နေကြသည်။ အိမ်မှာလည်း စားစရာ ဆန်၊ ဆီ မပြည့်စုံ။

လင်ဆိုးမယား တဖားဖား ဖြစ်နေသည်။

ရွှေလှမှာ ငိုမဆုံးပါ။ သူ့နားကပ်ကလေး မရှိကြောင်း သိသွားပြီ။ ထမင်းကိုပင် ကောင်းကောင်းမစား။

သနားစရာကောင်းပါသည်။

ရွှေလှ ကလေးကို သနားမိသည်။

× × × ×

နတ်ကြီးကုန်းရွာတွင် နွားတစ်ကောင်ပျောက်သွားသော သတင်း ထွက်လာသည်။ တစ်ရွာလုံး ကောင်းကောင်းမအိပ်ရ။ သူခိုးရန်ကို ကြောက်နေရသည်။

ဦး ပွ ရွာသို့ ပြန်လာသည်။

အဝတ်အစားများလည်း ဟောင်းနွမ်းနေသည်။ တဘက်စုတ် တစ်ထည်သာ ပါလာသည်။ မျက်နှာက အောက်ငုံ့လျက်။

မကြာမီ ရွာလူကြီးက ဦးပွကိုခေါ်သည်။

ဦး ပွလိုက်သွားရသည်။ ရွာလူကြီ မှာ နတ်ကြီးကုန်းရွာမှ လူကြီး တစ်ယောက်ရှိနေသည်။ နတ်ကြီးကုန် ရွာမှ ပျောက်သွားသော နွားကို ခိုးရာတွင် ဦးပွနှင့် ပတ်သက်နေသည်။ ဦးပွကို မေးမြန်းစစ်ဆေးသည်။ နွားခိုးရာတွင် ဦးပွပါသည်ဟု သတင်းထွက်လာသည်။ နောက်ဆုံးတွင် ဦး ပွသည် နွာခိုးရာတွင်မပါ။ သို့သော် နွားသူခိုးကို ဦးပွက ဖော်ထုတ် လိုက်သည်။

ဦးပွသည် နွားမခိုးသော်လည်း နွားသူခိုးဟု အထင်ခံရသည်။ အများက အထင်သေးခံရသည်။

ဖဲသမားကို မည်သူမျှ မလေးစား။ မည်သူမျှမယုံကြည်ကြ။ ဦး ပွတို့ လူကြီးအိမ်မှာ စစ်ဆေးခံရစဉ် ကလေးများလည်းရှိသည်။ ဖဲသမားကို ကလေးများက ကြောက်သလိုလို ဖြစ်နေသည်။

"ကိုပွ စဉ်းစားပါ။ ဖဲမရိုက်ပါနဲ့။ ပြစ်မှုရှိလာယင် ပိုပြီးဒုက္ခရောက် ရမယ်။ ကိုပွမိန်းမနှင့် သမီးကိုလဲ သနားပါ။ သမီးလေးကျန်းမာရေး ကောင်းလာအောင် ပြုစုပါ။ ရိုးရိုးသားသားနေစမ်းပါဗျာ"

ဦး ပွ ငေးမောနေသည်။ လက်ထဲကဆေးလိပ်ကိုသာ တွင်တွင်ဖွာ နေတော့သည်။

× × × ×

နတ်ကြီ ကုန်းရွာမှ ဖဲဝိုင်းဖမ်းမိသွားသည်။

တစ်ရွာလုံး၊ တစ်နယ်လုံး ဝမ်းသာနေကြသည်။

ဦးပွနှင့် ဦးချိုတူးတို့လည်း ဖဲမရိုက်တော့ပါ။ ရွှေ လှ လည်း ကျန်းမာရေး ကောင်းလာသည်။ ဦးပွ စိတ်ချမ်းသာမိသည်။ သို့သော် နားကပ်ကိုတော့ မဆင်နိုင်တော့ပါ။

ရွာထဲမှ ကလေးများက ရွှေလှကိုသနားကြသည်။ ရွှေလှအဖေ ဦးပွကို မုန်းကြသည်။ ဦးပွလို ဖဲသမားကို တုဖက်၍ စကားမပြော ချင်ကြ။ မည်သူမျှ ဆက်ဆံရေးမလုပ်။

ယခင် အပျော်တမ်းကစားခဲ့ကြသော ကလေးများလည်း ဖဲကစား ခြင်းကို မလုပ်ကြတော့။ ရွှေလှလိုဖြစ်မှာ စိုးရိမ်ကြသည်။

ကလေးအားလုံး အလောင်းအစားမလုပ်ရန် ဆန္ဒဖြစ်မိကြသည်။ အလောင်းအစား၏ မကောင်းမှုများကို မျက်မြင်ကိုယ်တွေ့ သိရ လေပြီ။

ဖဲသည် လူကိုပျက်စီးစေသည်။

အလောင်းအစားကို ရှောင်ရှားရမည်တည်း။

# ၁၆။ နွေစေတနာ

နံဘားရထားဆိုက်ရောက်ချိန် နီးနေပြီ။

ခရီးသည်များ ဘူတာအတွင်း ရှုပ်ထွေးနေသည်။ ဘူတာဝင်း အတွင်း စန်းချို၊ ကြည်နွဲ့နှင့် အေးသက်တို့ မိန်းကလေးများကို တွေ့ ရသည်။ သူတို့သုံးယောက်မှာ ရေကုသိုလ်ရှင် ကလေးများဖြစ်သည်။ ဘူတာတစ်ဝိုက်တွင် ရေသောက်စရာ ရေချမ်းစင်မရှိ။ ဒေသကလည်း အညာဒေသ။ ရာသီကလည်း ပူအိုက်သော နွေရာသီ။ ရေကလည်း ရှားသည်။ ပြီးတော့ ဘူတာကတော့ ရွာတစ်ရွာသာ ဖြစ်သည်။

ဤဘူတာမျိုးမှာ စန်းချိုတို့ကဲ့သို့ ရေ ကု သိုလ် ရှင် များ ကြောင့် အဆင်ပြေနေသည်။ ရေကို အလွယ်တကူ သောက် နိုင် သည်။ ရေသောက်သူများက စေတနာရှိသလောက် ငွေအကြွေများပေးခဲ့ကြ သည်။ ဈေးမဆို၊ ကြေးမဆိုပါ။ ပိုက်ဆံမပေးလည်း ရေသောက်နိုင် သည်။ ခရီးသည်များအတွက် အမောပြေစေခဲ့သည်။ ရေငတ်ပြေစေ နိုင်သည်မှာ စန်းချိုတို့လို ရေကုသိုလ်ရှင်များကြောင့်သာ။

"ဟော့.... ကြည်နွဲ့ ရေအိုးပင့်ဟယ်။ ရထားဝင်လာပြီ။ ငါကအရှေ့ ဘက်ကနေမယ်။ ညည်းတို့နှစ်ယောက်က အနောက်ဘက်ကနေ ကြနော်"

စန်းချိုသည် ရေကုသိုလ်လုပ်ရန် စီစဉ်ပေးသည်။ အရှေ့ဘက်တွင် သူတစ်ယောက်တည်း ယူရခြင်းမှာ သည်လိုပါ။ ဘူတာရုံသည် အရှေ့ ဘက်မှာရှိသည်။ ဘူတာဘက်တွင် လူအတက်အဆင်း များသည်။ အတက်အဆင်းများလျှင် ရေသောက်မည့်သူ သိပ်မရှိလှ။ အနောက် ဘက်မှာကား နေကလည်းပူသည်။ အတက်အဆင်းမရှိလှ။ အနောက် ဘက်က ရေသောက်မည့်သူပို၍ များနေတတ်သည်။ စေတနာနှင့် ပေး သော ငွေ အ ကြွေ ပို ရ တတ် သည်။ ထို့ ကြောင့် ကြည်နွဲ့နှင့်

အေးသက်တို့ကို နေရာပေးလိုက်သည်။ စိတ်ထားဖြူစင်လှသော စန်းချို စေတနာမှန်လှသော ရေကုသိုလ်ရှင်လေး။

"ရေကုသိုလ်ရှင့်.... ရေကုသိုလ်"

စန်းချိုတို့အော်ဟစ်ရင်း ရထားအစအဆုံး ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ရသည်။ ရထားမထွက်မီ အချိန် လု ရ သည်။ ရေ မသောက်ရသော ခရီးသည်ဟူ၍ မရှိစေလို။ ခေါ် ချင်သည့် နေရာက ခေါ်ပါ။ သွားရန်ဝန်မလေးတတ်။ ယုတ်စွအဆုံး အနားကြီးရောဂါ သည်များက ခေါ် စမ်းပါစေ။ ရေ ကုသို လ် ရှင် လေး များ ကတော့ မငြင်းပါ။

"ကလေးမရယ်.... ဦးဦးမှာ အကြွေမပါလို့ပါနော်"

"ကျွန်မတို့က ပိုက်ဆံမပါလဲ သောက်ရပါတယ်"

ဤစကားကိုထောက်ကြည့်ပါက စေတနာအမှန်ကို သိနိုင်ပါသည်။ ရေကုသိုလ်ရှင်များ၏စေတနာကို အချိုက စော် ကား တတ် သည်။ ချီးချီးဖွဲ့ဖွဲ့ပြောတတ်သည်။ မျက်နှာကိုကြည့်လျှင်ပင် ခပ်တင်းတင်း။ စန်းချိုတို့မှာမူ အစဉ်အေးဆေးလျက်သာ။ မည်သူ့ကိုမှ ရန်မပြုတတ်။ စကားရိုင်းရိုင်းနှင့် မပြောတတ်။

ရထားထွက်သွားလျှင် သုံးယောက်သားပြန်ဆုံကြသည်။ မျက်နှာ နှင့်အင်္ကျီပေါ် မှ ရေစက်၊ ရေကွက်ကလေး များ ဖိတ် စဉ် ကျ နေ တတ်သည်။ ခရီးသည်တို့ စေတနာနှင့်ပေးလိုက်သော အကြွေများ ကို ရေတွက်ကြည့်မိသည်။ စန်းချိုမှာ နှစ်ကျပ် တစ်ဆယ့်ငါးပြား ရသည်။ ကြည်နွဲ့မှာလေးကျပ်တိတိနှင့် အေးသက်မှာ သုံးကျပ်လေး ဆယ်ပြား ရကြသည်။

သုံးယောက်သား အပြုံးကိုယ်စီနှင့်။ အဆန်ရထားထွက်သွားပြီး အစုန်ရထား ဆိုက်လိမ့်ဦးမည်။ အစုန်ရထားတွင် ရေကုသိုလ်လုပ်ရန် ရေဖြည့်ရဦးမည်။

ရေရှိရာကျောင်းကြီးကန်သို့ ခပ်မြန်မြန်လှမ်းထွက်ကြ၏။ နေ ကတော့ပူနေမြဲပင်။ သို့သော် အပူကို ဂရုမစိုက်ပါ။ တကယ့် နွေ စေတနာရှင်ကလေးများ ဖြစ်သည်။

ဘူတာဟုဆိုသော်လည်း အမြန်နှင့် စာပို့ရထားများမရပ်ပါ။ နဘားရထားနှင့် ကောလင်းရထားများသာရပ်သည်။ ထိုရထားများသည် နေ့စဉ် နေ့ ၁၂ နာရီနှင့် ၂ နာရီအကြား ဆိုက်သည်။ ခရီးသည်များသည် စန်းချိုတို့ ရေကုသိုလ်ရှင်ကလေးများ၏ ရေကိုသာ သောက်တတ်သည်။ အခြားဘူတာများမှ မသောက်ခဲ့ကြ။ စန်းချိုတို့၏ ရေသည် သန့်စင်သည်။ သောက်ကောင်းသည်။ ရေအိုးကလေးကပင် သောက်ချင့်စရာ။

အမြဲတမ်း စိုရွဲနေအောင် ကုက္ကိုရွက်ကလေးများနှင့် ဖုံးအုပ်ထားကြသည်။ သောက်ရေခွက် ကြေးဖလားကိုလည်း ဝင်းနေအောင် တိုက်ထားသည်။

"မနေ့ကအဖြစ်ကတော့ မပြောချင်ပါဘူးဟယ်"

"ဘာများလဲ ကြည်နွဲ့ရဲ့"

"ဟို မူးနေတဲ့ ရထားပေါ်က လူပေါ့။ ရေကုသိုလ်လာခဲ့စမ်းလို့ ခေါ်တယ်။ သွားလိုက်တော့ နင်တို့ ရေသည်တွေအသံက ဆူလို့။ ဒါကိုပြောမလို့ခေါ်တာ။ နင့်တို့ရေ မသောက်ချင်ဘူးတဲ့"

"သည်းခံရမှာပေါ့ ကြည်နွဲ့ရယ်"

စန်းချိုက မကျေမနပ်ဖြစ်နေသော ကြည်နွဲ့ကို နှစ်သိမ့်နေသည်။ တချိုက အမိန့်ပေးသလို ခပ်တင်းတင်းနှင့်ခေါ်တတ်သည်။

မည်သို့ပင်ဖြစ်ပါစေ။ စန်းချိုတို့ မှာ ကား အပြုံး မ ပျက် ပါ။ မျက်နှာမှာရေစင်ကြာပန်းလို လန်းလန်းတင့်တင့်။ ရေငတ် သူ တို့ ရေသောက်ချင်လာအောင် စိတ်ထားကောင်းမွေးရမည်။ မကြားဝံ့မနာသာများကို မကြားဟန်ဆောင်လိုက်ရသည်။

"ဟယ်....အေးသက် ညည့်ရေတွေက နောက်နေပါလား။ ရေစစ်နဲ့မစစ်ဘူးလား"

"ရထားချိန်နီးလို့ မစစ်ခဲ့ရဘူးအေ့"

"ညည်း ဒီလိုမလုပ်နဲ့လေ။ ငါ့ရေစစ်ပါဘယ်။ ရေတွေနောက်ယင်သောက်မကောင်းဘူးမဟုတ်လား။ တို့ဘူတာ ရေမကောင်းဘူးဆိုပြီး

ခရီးသည်တွေ ရေမသောက်ဘဲ နေလိမ့်မယ်။ နာမည်အပျက်မခံပါနဲ့အေ"

ကြည်နွဲ့ကအေးသက်ကို ပြောပြသည်။ အေးသက်ကတော့အငယ်ဆုံးမို့ ဘာမျှမသိ။ ဘာမှမပြောတတ်ပါ။ နားထောင်နေ တတ်သည်သာ။

"ဟုတ် ပါ တယ် အေးသက်ရယ်။ တို့ဘူတာ နာမည် ပျက် ယင် တို့နာမည်ပျက်မှာပေါ့။ နာမည်ပျက်တော့ မခံပါနဲ့ဟယ်"

စန်းချိုက ရှင်းပြပြန်သည်။

"အရေးကြီးလို့ပါ။ ငါဘယ်တုန်းကမှ ရေမစစ်ဘဲ ဘူတာမလာပါဘူး"

ရေကုသိုလ်ရှင်ကလေးများ၏ စေတနာသည် တကယ့်ကိုဖြူစင်လှပါသည်။ ငွေကြေးကို အဓိကမထားခြင်းကြောင့် သိသာလှသည်။ မကောင်းသောရေကို မသောက်စေလိုပါ။ မည်သည့်ခရီးသည်ကမျှ "ရေစစ်ထားရဲ့လား" ဟု စစ်ဆေးမေးမြန်းလိမ့်မည်မဟုတ်ပါ။ ရေဆာပါက သောက်လိုက်မည်သာ။

သို့သော် စန်းချိုတို့ စေတနာကဖြူသည်။

ဖြစ်ကတတ်ဆန်း မလုပ်တတ်။

× × × ×

ကောလင်းရထား ဆိုက်လာပြီ။

ဤဘူတာလေး၏ နောက်ဆုံးရထားဖြစ်သည်။ စန်းချို၊ ကြည်နွဲ့၊ အေးသက်တို့မှာ တာဝန်တစ်ခုလို မပျက်မကွက်။ ရေကုသိုလ်သုပ်ကြသည်။ မောရမှန်းမသိ။ နေပူကို ဂရုမစိုက်။ ရေအလှူကိုကြည်ဖြူစွာပေးကမ်းလျက်။

"မအေးသက် ရေတစ်ခွက်လောက်"

ရုတ်တရက် အေးသက်အံ့ဩသွားသည်။ ပြီးမှတွေးရင်းပြုံးမိသည်။ ရေအိုးမှာ မိမိအမည်ကိုရေးထားသည်မဟုတ်ပါလား။ အေးသက်သာ

မက စန်းချို ကြည်နွဲ့တို့အိုးမှာလည်း အမည်ရေးထားသည်။ အိုးချင်းမမှားစေရန်သာ ဖြစ်သည်။

"ဟုတ်ကဲ့ရှင့် သောက်ပါရှင်။ ဝအောင်သုံးဆောင်ပါရှင့်"

အသံက ချိုသာပျော့ပျောင်းလှသည်။

အသံကချိုသာသလို ရေကလည်း အေးမြသည်။ မျက်နှာကလေးလန်းဆန်းသလို ရေကလည်း ကြည်လင်သည်။

ခရီးသည် မိန်းမကြီးက ကျပ်တန်တစ်ရွက်ကို လက်ထဲထည့်လိုက်သည်။ အေးသက်ယူရန် လက်တုံ့သွားသည်။ ရုတ်တရက်မယူမိ။ ယူရန်လည်း မဝံ့မရဲ။ ရေတစ်ခွက်ကို ငွေတစ်ကျပ်နှင့် ရောင်းလိုက်ရသလို ဖြစ်နေသည်။ အေးသက်၏အခြေအနေကို ရိပ်စားမိသော မိန်းမကြီးက အလိုက်သိသည်။

"သမီးယူပါ။ သမီးတို့စေတနာကို ဂုဏ်ပြုတာပါ။ သမီးတို့ရေကကန်ရေဆိုတော့ လေးလေးပင်ပင် သောက်လို့ကောင်းတယ်။ ဟိုဘက်ဘူတာတွေမှာ ရေရှိပေမယ့် မကြိုက်လို့ မသောက်ခဲ့ဘူး။ ဒီဘူတာမှာရေကောင်းတယ်လို့ ပြောကြတယ်"

ထိုခရီးသည် မိန်းမကြီးနှင့်အတူ အေးသက်အရွယ် မိန်းကလေးတစ်ယောက် ထိုင်နေသည်။ အရွယ်တူရှေ့မှာ ရှက်နေဟန်ရှိသည်။ မျက်နှာကို တည့်တည့်မကြည့်ရဲပါ။

"သမီးကရှက်လို့လား။ ဘာမှ မရှက်နဲ့အေ့။ ဒေါ်ဒေါ် ငယ်ငယ်တုန်းကလဲ ရေကူသိုလ်လုပ်လာတာ။ ဒေါ်ဒေါ့်အမည် ငွေစိန်တဲ့။ ဝက်လက်မှာ နေတယ်။ အခုလို စေတနာနဲ့လုပ်တာဟာ သိပ်မွန်မြတ်ပါတယ်။ ဘာမှရှက်စရာ မရှိဘူး"

"ဟုတ်ကဲ့ဒေါ်ဒေါ်"

"ကဲကဲ...သမီးသွားလိုက်ဦး။ ရှေ့တွဲကခေါ်နေတယ်"

အေးသက်စိတ်ထဲ ပျော်လိုက်သည့်ဖြစ်ခြင်း။ ယခုလိုတစ်ခါမှ ချီးကျူးမခံရ။ ဂုဏ်ပြုခြင်း မခံရ။ ဂုဏ်ပြုလိုက်တဲ့ငွေကို သေသေချာချာ ကြည့်နေမိသည်။ သန့်ရှင်းစင်ကြယ်သည့်ငွေတစ်ကျပ်။ ခရီး

သည်မိန်းမကြီး၏ စကားကြောင့် ရေကုသိုလ်ရှင်လုပ်ရသည်ကို ဂုဏ်ယူမိသည်။ မွန်မြတ်လှသောအလှူဒါနပွဲရခြင်းဟု နားလည်မိသည်။

မကြာမီ ရထား ထွက်ခွာသွားသည်။

စန်းချိုနှင့် ကြည်နွဲ့တို့ကိုလည်း တွေ့ရသည်။ အပြုံးကိုယ်စီနှင့်။

"ဟေ့....အေးသက် ရေကုန်ရဲ့လား"

"ရေမကုန်ဘူး"

"ညည်းက တစ်နေ့ရာတည်း ရပ်နေတာထင်တယ်"

"ဟုတ်တယ်လို့ ပြောရမှာပဲ။ ညည်းတို့ကို ပြောစရာရှိတယ်။ ဝမ်းသာစရာ။ ဂုဏ်ယူစရာတွေဟေ့"

အေးသက် စကားသွက်နေသည်။ သူ့ထံမှ သည်စကားမျိုး မပြောခဲ့ဖူးခဲ့။ စန်းချိုတို့က သဘောကျနေသည်။ ကြည်နွဲ့ကလည်း ပြုံးစိစိ။

"ဘာများလဲဟယ်။ ပြောစမ်းပါဦး အေးသက်ရယ်"

အေးသက်တို့ သုံးယောက်သား ရေအိုးကလေးတွေချပြီး စကားကောင်းနေသည်။ အေးသက်သည် မီးရထားပေါ်မှ ခရီးသည် ဒေါ်ငွေစိန်၏ ပြောစကားများကို ဖောက်သည်ချနေသည်။ နားထောင်သူများက မျက်လုံးပြူးလျက် အံ့သြနေကြသည်။ ဝမ်းသာကြည်နူးနေဟန် ရှိသည်။

"အေးပေါ့ဟာ အဲဒီလိုနားလည်တဲ့ ခရီးသည်တွေလည်း ရှိသေးတာပဲ မဟုတ်လား"

စန်းချိုက သူ့ထင်မြင်ချက်ကို ပြောပြသည်။

ထို့နောက် သူတို့အိမ်အသီးသီးသို့ သွားကြသည်။ စိတ်လက်ပေါ့ပါးနေသည်။

စန်းချို၊ ကြည်နွဲ့၊ အေးသက်တို့သည် အညာမြေမှ အညာနွေအလှကို ဖြည့်စွက်နေသည်။ ရေကုသိုလ်ရှင်များ၏ သန့်စင်သော၊ မြန်မာဆန်သော စေတနာတရားများသာ ဖြစ်သည်။ ရေကုသိုလ်ရှင်တို့၏ ရေစေတနာ၊ နွေစေတနာများကို အားလုံး နှစ်သက်နေကြမည်။ ။

# ၁၇။ ကွပ်ပျစ်မှ ပုံပြင်ပြောသူ

ဘိုးဘိုးသာဟန်။

အသက်က ၇၀ ကျော်ပြီ။ ဿျောင်ထုံးကို တစောင်းထုံးထားတတ်သည်။ သွားများမကျိုးသေး။ ကျွမ်းစားလေ့ရှိသည်။ ပုဆိုးမှာ အညာဖျင်ထည်။ တိုက်ပုံမှာကား ပင်နီကြမ်းဖြစ်သည်။ ဒါမြ ပြုံးရွှင်နေလေ့ရှိသည်။ စကားပြောကောင်းသည်။ ဖြည်းဖြည်း မှန်မှန်နှင့် အသံသြဇာရှိသည်။ လက်ဟန်ခြေဟန်လည်း ပါတတ်သေးသည်။

ဘိုးဘိုးသာဟန်ကို လူအများက ကြည်ညိုလေးစားကြသည်။ ဥပုသ်နေ့တိုင်း သီလဆောက်တည်လေ့ ရှိသည်။ ဘုန်းတော်ကြီးကျောင်းမှာလည်း တရားဆွေးနွေးပွဲမှာ သူကဦးဆောင်သည်။ အငြင်းအခုန်မရှိ ။အားလုံးက လက်ခံသည်။ သူတစ်ပါး ဝင်ရောက်ဆွေးနွေးမှုကို ကြိုဆိုတတ်သည်။ တလေးတစား နားထောင်တတ်သည်။

ဘိုးဘိုးသာဟန်သည် လူကြီးများ၏ ကြည်ညိုလေးစားမှုသာမကသေး။ ကလေးများ၏ ချစ်ခင်မှုကိုလည်း ခံယူထားသည်။ သူ၏ ကွပ်ပျစ်မှာ ကလေးများ ဝိုင်းဝိုင်းလည်နေတတ်သည်။ ထိုသို့ ကလေးများ ပျော်ရွှင်နေရခြင်းမှာ ပုံပြင်အပြောကောင်းခြင်းကြောင့် ဖြစ်သည်။ မည်သည့်ကလေးကိုမျှ ငေါက်ခြင်း၊ ဆူပူခြင်းမရှိ။ အားလုံးကို ချစ်တတ်သည်။

မှန်ပါသည်။ ကလေးများကို အတုယူစရာ၊ အားကျစရာ၊ လိုက်နာစရာ၊ ဂုဏ်ယူစရာပုံပြင်များသာ ရွေးထုတ်ပြောတတ်သည်။ ကွပ်ပျစ်ပေါ်တွင် တစ်ရွာလုံး၏ ကလေးများကို တစုတရုံး တွေ့နိုင်သည်။

တစ်ခါတစ်ရံ ကလေးများသာမက အသက်ကြီးသော လူကြီး၊ လူရွယ်များပင် တွေ့နိုင်သည်။ ဘိုးဘိုးသာဟန်၏ ကွပ်ပျစ်မှာ

အေးချမ်းကြည်နူးစရာ ဖြစ်သည်။ ကွပ်ပျစ်အနီး ရေချမ်းစင်ကိုလည်း တွေ့နိုင်သည်။ နေ့စဉ် ရေလောင်းရေဖြည့်လျက် ကုသိုလ်ပြုလျက် ရှိသည်။

ဘိုးဘိုးသာဟန်သည် သန့်သန့်ရှင်းရှင်း နေထိုင်တတ်သည်။ ကျန်းမာရေးလည်း အလွန်ကောင်းသည်။ ဖျားနာခြင်းမရှိ။

ကလေးများကို သနားတတ်သည်။ စေတနာထားပြီး သွန်သင်ဆုံးမတတ်သည်။ ကလေးများကို ချစ်တတ်သောစိတ်ရှိ၏။ ကလေးများ၏ ချစ်ခင်လေးစားခြင်းကို ခံယူထားသဖြင့် ကလေးတို့၏ ပြဿနာကြီးငယ်ကိုလည်း ဖြေရှင်းပေးနိုင်သည်။ ကလေးများကလည်း လက်ခံကြသည်။ သဘောကျ နှစ်သက်သည်။ မည်သူကမျှ မကျေနပ်ခြင်း မရှိ။

ဘိုးဘိုးသာဟန်သည် ကလေးများ၏ အချစ်တော်ကြီး ဖြစ်နေလေသည်။

× × × ×

နွေရာသီ၏ ညတစ်ည။

အချိန်ကား ည ၈ နာရီ ထိုးလုပြီ။

ပုံပြင်နားထောင်ရန် ကလေးများရောက်နေပြီ။ သို့သော် ဘိုးဘိုးသာဟန် မရောက်သေး။ ဘုရားရှိခိုးနေသည်။ ကြေးစည်တီးပြီး အမျှဝေနေသည်။ ထိုကိစ္စများပြီးစီးမှ အိမ်ရှေ့ကွပ်ပျစ်သို့လာသည်။

ပုံပြင်ဝိုင်းအနီး ကလေးများသာမကသေး။ ဒေါ်ကြည်အေးက မြေပဲနွှာရင်း ပုံပြင်နားထောင်ဖို့ရောက်နေသည်။ လူပျိုကြီး ကိုရှိန်းကလည်း ဆေးလိပ်ဖွာရင်းနားစွင့်နေပြီ။ ဦးဘမင်းကလည်း စိတ်ပုတီးနှင့် အာရုံစိုက်နေသည်။ မည်သူမျှ စကားမပြောကြ။ တိုးတိုးတိတ်တိတ်နှင့် အေးချမ်းငြိမ်သက်လှပါဘိ။

ဘိုးဘိုးသာဟန်သည် ပုံပြင်မပြောမီ အခြားအကြောင်းအရာများကို မေးလေ့ရှိသည်။ ကလေးများနှင့် စကားဝိုင်းကောင်းလျှင် သင့်တော်သောပုံပြင်ကို ပြောတတ်သည်။

"ငါ့မြေးတို့ ဘာသတင်းထူးများကြားခဲ့လဲ။ သိခဲ့သူရှိယင် ပြောပြစမ်းပါမောင်တို့"

ဤသို့စကားချီတတ်သည်။

ကလေးများကို စူးစမ်းလေ့လာတတ်ရန် ပြုစုပျိုးထောင်ပေးခြင်းသာ ဖြစ်သည်။ ကစားမက်ခြင်း၊ အစားမက်ခြင်း၊ တွေဝေထုံထိုင်းခြင်းကို ဘိုးဘိုးသာဟန် မလိုလား။ တွေးခေါ်မြော်မြင်တတ်ရန်လည်း လမ်းညွှန်တတ်သည်။ ကလေးတို့၏ လိုအပ်ချက်များ၊ စိတ်ဝင်စားမှုများကိုလည်း တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလေ့ရှိသည်။

"ဦးချစ်မဲရဲ့နွားကြီး ရေတွင်းထဲ ကျသွားပါတယ်။ အဲဒီနွားကို ကျွန်တော်တို့ ဝိုင်းပြီး ဆယ်ယူပေးခဲ့ပါတယ် ဘိုးဘိုး"

သန်းထိုက်က သတင်းကို ပြောပြသည်။ ဘိုးဘိုးသာဟန် သဘောကျသွားသည်။ တဟဲဟဲ ရယ်ရွှင်လျက်။

"အေးပေါ့ကွယ်၊ သူတစ်ပါးကို ကူညီတာ မင်္ဂလာတစ်ပါးပေါ့။ ပြီးတော့နွားကြီးရဲ့အသက်ကို ကယ်တင်လိုက်တာမို့ အလှူအကျိုးများတဲ့ အလုပ်ပါပဲ။ အခုလိုကူညီတဲ့ ကလေးတွေကို သဘောကျပါတယ်"

"မုန့်လေပွေသည်ကြီး ဒေါ်ကြွေရဲ့မုန့်တွေ လေတိုက်တော့လွင့်ကျသွားပါတယ် အဘိုး။ အဲဒါ ကျွန်မတို့ ညီအစ်မနှစ်ယောက် ဝိုင်းကောက်ပေးပါတယ်။ ကျွန်မတို့ကို မုန့်နှစ်ခုစီပေးပါတယ်"

ခင်သန်းချိုက ပြောပြသည်။

"အိမ်း....ဒါကောင်းတဲ့ အပြုအမူပဲဟာ။ ရိုးသားမှုနဲ့ ကူညီလိုက်တော့ စေတနာရောင်ပြန်ဟပ်တာပေါ့မြေးတို့ရာ။ ကူညီခဲ့လို့ မေတ္တာနဲ့ပေးတဲ့ မုန့်လေပွေဟာ ဝယ်စားတဲ့ကိတ်မုန့်ထက် တန်ဖိုးရှိပါတယ်ကွယ်"

"ကျွန်တော်လဲသတင်းတစ်ခု ကြားခဲ့ပါတယ်။ ရွာအနောက်ပိုင်းက ကိုဖိုးတုတ်ပေါ့ဗျာ။ ဦးကြည်မောင်ရဲ့ သက်ငယ်ကျင်းကို တိတ်တ

ဆိတ် မီးရှို့လိုက်တယ်။ မီးက လေမွှေ့လိုက်လို့ သူကုလားပဲခင်းကို ကူးလောင်သွားတယ်။ ထစ်ခင်းလုံး ပြာကျသွားတယ်တဲ့အဘိုး"

မြင့်သူက ပြောပြသည်။

"အေး ဒီသတင်းတော့ ဘိုးဘိုးလည်း ကြားတယ်။ သူတစ်ပါး မကောင်းကြံယင် ကိုယ်ဘေးဒဏ်ထိတာပေါ့။ ဒီလိုမလုပ်အပ်ဘူး ကွယ့်။ အခုခါမှ ဒါမျိုးရှိတာမဟုတ်ဘူး။ ရှေးတုန်းကလဲ ရှိခဲ့တယ်"

ဘိုးဘိုး သာဟန်သည် ပုံပြင်တစ်ပုဒ်ကို စိတ်ပါလက်ပါ ပြောပြပါ သည်။

ပုံပြင်က သည်လိုပါ။

"ဟိုလွန်ခဲ့တဲ့ ရှေးအခါက ပေါ့ကွယ်။ အလွန်သာယာအေးချမ်း လှတဲ့ သစ်တောကြီးတစ်ခု ရှိတယ်။ အဲဒီတောထဲမှာ အေးမြ သန့်စင်တဲ့စမ်းချောင်းလဲ ရှိတယ်။ သစ်တောထဲမှာ တိရစ္ဆာန်တွေ အများကြီးရှိတယ်။ ချစ်ခင်စည်းလုံးစွာ နေထိုင်ကြတော့ ပျော်စရာ ကြီးပေါ့ကွယ်။ အဲဒီထဲမှာ ယုန်ဖြူလေးက ခေါင်းဆောင်ပေါ့။ အားလုံးက ယုန်ဖြူလေးကိုလေးစားကြတယ်။ လေးစားကြဆို ယုန်ဖြူလေးက အများအကျိုး သယ်ပိုးဆောင်ရွက်တာကိုး"

"ဒါပေမယ့် မြေခွေး ဖိုးရမ်းကတော့ ကြည့်မရဘူးတဲ့။ အများ ရှေ့မှာတော့ "ယုန်ဖြူလေး၊ ယုန်ဖြူလေး" လို့ တဖွဖွခေါ်သတဲ့။ စိတ် ထဲမှာတော့ ဒီယုန်ဖြူလေးသေယင် ငါခေါင်းဆောင်ဖြစ်မှာပဲလို့ တွေးပြီး စိတ်ကူးနဲ့ ရှုးနေတာပေါ့။ ယုန်ဖြူလေးကို သေကြောင်း ကြံစည်တော့တာပေါ့ကွယ်"

"တစ်နေ့ တော့ မြေး ခွေး ဖိုး ရမ်း တို့ မြေး ခွေး အုပ် စု ဟာ စမ်းချောင်းထဲမှာ ရေသောက်ဆင်းကြတယ်။ အဲဒီအချိန်မှာ ယုန်ဖြူ လေး မမျှော်လင့်ဘဲ ရေသောက်ဆင်းလာတယ်ပေါ့။ ယုန်ဖြူလေး ရေ သောက်ဆင်းတုန်းမှာပဲ မြေခွေးဖိုးရမ်းက ရေစီးအထက်နေရာရအောင် နေလိုက်တယ်။ ပြီးတော့ အသင့်ပါလာတဲ့ အဆိပ်မှုန့်တွေကို ရေထဲချ လိုက်တယ်ကွယ့်။ အဆိပ်ရေတွေဟာ အောက်ကို စုန်ဆင်းသွားတယ်။ ယုန်ဖြူလေးရေသောက်တော့ အဆိပ်တွေက ရေစီးနဲ့ပါသွားတော့

ဘာမှ မဖြစ်ဘူးတဲ့။ ဒါပေမယ့် ရေးစီးအောက်မှာရှိတဲ့ ကျန်မြေခွေး တွေက အဆိပ်ရေတွေကို သောက်မိတယ်။ မကြာမီမှာပဲ မြေခွေး တွေ သေဆုံးသွားတယ်။ မြေးခွေးဖိုးရမ်းကတော့ မသေဘူး။ သူ့ အကြံဆိုးကြောင့် သူ့အမျိုးတွေ သေဆုံးသွားတယ်”

“အခု ရွာထဲက ဖိုးဘုတ်နဲ့ မြေခွေးဖိုးရမ်းတို့ဟာ သူတစ်ပါး မကောင်းကြံလို့ နောက်ဆုံးတော့ ကိုယ်ခံရတာပဲ ငါ့မြေးတို့။ ဒီလို မလုပ်ကောင်းပါဘူးကွယ်”

ဘိုးဘိုး သာဟန်၏ ပုံပြင်သည် ပြီးဆုံးသွားသည်။ မကောင်းမှု ကြောင့် အမျိုးပျက်ရပုံကို ပြောပြသွားသည်။ အတုယူဖွယ်၊မှတ်သား ဖွယ် ကောင်းလှပါသည်။

ပုံပြင်နားထောင်သော ကလေးတစ်သိုက်သည် မကောင်းမှုကို လုပ်လိုစိတ်မရှိကြ။ မကောင်းမှုကို ရှောင်ရှားရန် အသိတရား ရသွား သည်။

ကျေးဇူးများသော ဘိုးဘိုး သာဟန်၏ ပုံပြင်ဝိုင်းကလေးပါ။ ထို ပုံပြင်ဝိုင်း ကွပ်ပျစ်ကလေးကြောင့် ကလေးအားလုံးလိမ္မာကြသည်။ ယဉ်ကျေးသိမ်မွေ့သည်။ ချစ်ခင်ရင်းနှီးမှုလည်း ရှိ၏။ တန်ဖိုးရှိသော ကွပ်ပျစ်ကိုတစ်ရွာလုံးက နှစ်သက်ကြသည်။

ဘိုးဘိုး သာဟန်၏ ကွပ်ပျစ်သည် စာရိတ္တပညာ သင်ပေးနေသော ကျောင်းကလေးဟုဆိုနိုင်သည်။ မည်သူမှငြင်းပယ်နိုင်လိမ့်မည်မဟုတ်။

သို့သော် ရွာလယ်ဇရပ်မှာကား—

ခေါင်းပန်းလှန်သော နေရာ။

အငြင်းပွား၍ ရန်ဖြစ်တတ်သောနေရာဖြစ်သည်။ တစ်နေကုန် ဆူညံနေတတ်သည်။ ဆဲသံဆိုသံက အဆက်မပြတ်ချေ။ သို့ရာတွင် ထိုဝိုင်းမှာ ကလေးများမရှိ။

“ဟဲ့ သန်းထိုက် ဘယ်ကပြန်ခဲ့တာလဲ”

သူ့မိခင်မေးသည်။

“ဘိုးဘိုးကွပ်ပျစ်ကပါ အမေ”

"အေး ကွပ်ပျစ်တော့သွား။ ဇရပ်သွားယင်ရိုက်မယ်။ မသန်း၏ သား ရွှေမန်းတော့ ပိုက်ဆံငါးကျပ်ကုန်ခဲ့ပြီ"

ဤသို့ပင် မိဘများကကွပ်ပျစ်ကို သဘောကျနေကြသည်။ အား ကိုး အားထားဖြစ်နေသည်။ ယုံကြည်စိတ်ချထားကြသည်။

ကွပ်ပျစ်သည် ကလေးများအဖို့ လူချွန်လူမွန်ဖြစ်စေမည်။ ဇရပ် မှာကား လူဆိုးလူမိုက်ဖြစ်နိုင်သည်။ ဇရပ်မှခေါင်းပန်းလှန်သောဝိုင်း သည် ရွာအတွက်၊ ကလေးများအတွက် မကောင်းပါ။ လူကြီးတွေက ကြည့်မရဖြစ်လာ၏။ ပစ္စည်းအတိုအစတွေ ပျောက်လာသည်။

ဘိုးဘိုး သာဟန်သည် အခြားလူကြီးများနှင့် ဆွေးနွေးသည်။

မကြာလှပါ။

ရွာလယ်ဇရပ်မှ ခေါင်းပန်းလှန်သော ဝိုင်းကလေးပျက်သွားသည်။ တစ်ရွာလုံးဝမ်းသာကြသည်။ ဘိုးဘိုး သာဟန်၏ကွပ်ပျစ်မှာ လူတိုး လာသည်။ စည်ကားလာသည်။ ကျက်သရေရှိသော ကွပ်ပျစ်ကလေး ပါ။

ဘိုးဘိုး သာဟန်၏ ကွပ်ပျစ်ကလေးများသာ ရွာတိုင်းရွာတိုင်း တွင် ရှိပါက အလွန်ကောင်းပေလိမ့်မည်။

ဘိုးဘိုး သာဟန် အသက်ရှည်ပါစေ။

ပုံပြင်များကို ပြောပြနိုင်ပါစေ။

ကွပ်ပျစ်ကလေး တည်တံ့ခိုင်မြဲပါစေ။ ။

# စာကြည့်တိုက်တွင်သုံးရန်

တိုက်ပိုင်အမှတ်

ဝတ္ထု ခင်မောင်ဆွေ (ကန့်ဘလူ)

ခင် **ကျေးလက်ဒေသမှကလေးများ။**

ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၉၁။

၁၁၁ စာမျက်နှာ၊ ပြည်သူ့လက်စွဲစာစဉ်။

ကျေးလက်နေကလေးသူငယ်တို့၏ စရိုက်၊ အသိအမြင် စာရိတ္တ ဖွံ့ဖြိုးမှုကို အဓိကအားပြု ရေးဖွဲ့ထားသည်။ ဝတ္ထုတို (၁၇) ပုဒ် ပါဝင်သည်။ ၁၉၇၉ စာပေဗိမာန်စာမူဆုပြိုင်ပွဲ ကလေးစာပေ ပထမဆု ရရှိသည်။

**အဖိုး ၃ ကျပ် ၅၀ ပြား**



၁၉၈၉ ခုနှစ် စာပေဗိမာန်စာမူဆု

ကလေးစာပေ ပထမဆုရ

"ကျေးလက်ဒေသမှကလေးများ"

ရေးသူ – ကန့်ဘလူ ခင်မောင်ဆွေ

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ တင်ကုတ်ကြီးရွာတွင် အဖ ဦးမြထူး၊ အမိ ဒေါ်ခင်အေးတို့မှ ၁၉၅၆ ခု၊ ဧပြီလ ၁၉ ရက် နေ့တွင် မွေးဖွားသည်။

တင်ကုတ်ကြီးရွာ၊ ထန်းကုန်းရွာ၊ နဘက် ကြီး ရွာ တို့ တွင် အခြေခံပညာသင်ကြားခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် အခြေခံပညာ အထက်တန်းစာမေးပွဲကို ပထဝီဝင်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သည်။

၁၉၇၉ ခုနှစ်တွင် မြစ်ကြီးနားဆရာအတတ်သင်ကျောင်းမှ မူလတန်းဆရာဖြစ်သင်တန်း အောင်မြင်ပြီး၊ ၁၉၈၂ ခုနှစ်တွင် စာပေးစာယူသင်တန်းဖြင့် ဝိဇ္ဇာဘွဲ့ကို (မြန်မာစာ) အဓိကဖြင့် ရရှိသည်။

၁၉၈၀ ပြည့်နှစ်၊ ဇွန်လထုတ် စာပေတန်ဆောင်မဂ္ဂဇင်းပါ 'ဂ – ဂနိုင်စုံတောမြိုင်' ဆောင်းပါးဖြင့် စာပေလောကသို့ဝင်ခဲ့ပြီး ၁၉၈၂ ခုနှစ် ကြက်ခြေနီစာပေပြိုင်ပွဲတွင် တက္ကသိုလ်ကောလိပ်အဆင့်၌ "ဝေမျှကူညီကြက်ခြေနီ" ကဗျာဖြင့်ပထမဆု ရရှိခဲ့သည်။

ယခုအခါ မူလတန်းကျောင်းအုပ်တာဝန် ထမ်းဆောင်ရင်း ပညာတန်ဆောင်၊ ရှုမဝ၊ စစ်ပြန်၊ မြတ်လေး၊ ငွေတာရီ၊ ပေဖူးလွှာ၊ တိုကျောင်းသား၊ ရွှေသွေးဂျာနယ်တို့တွင် စာပေများ ရေးသားလျက်ရှိသည်။

အမည်ရင်း ဦးခင်မောင်ဆွေ ဖြစ်သည်။